www.dhammaransi.com

တိပိဋကဓရ
မင်းကွန်းဆရာတော်
၏

# ၂၃ ပါး
# အံ့ဖွယ်များ

စိန်စည် အရှင်သေညာဘာသ
ရေးသားပူဇော်သည်။

www.dhammaransi.com



ကျေးဇူးတော်ရှင်

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးပုံတော်

www.dhammaransi.com



မြေဆဲမြို့၊ ဓိမ္မိုနည်းသာသာသနာ့ဒီပိသော
ကမ္ဘာ့ဗုဒ္ဓဘာသာနိုးသော ထေရဝါဒတော် တရုတ်သာသနာ့ဘာသာ

www.dhammaransi.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်
ပဓာနနာယက
**ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏**

# ၂၇-ပါး အံ့ဖွယ်များ

**စိန်စည်ဆရာတော် ဟောကြားပူဇော်သည်**

[ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိရပေန ဓမ္မသဘင်၌
ဟောကြားသောတရားတော်များကို
ဖြည့်စွက်ရေးသားသည်။]

www.dhammaransi.com

## စိန်စည်-အရှင်သဉ္ဇာဘာသ

*** အများတွေ့လျှင် ကြားစေကာဖြင့် –**

စကားထောက် များပေသည့်
စာသားကိုတဲ့ပြင်ဆင်ပါ၊
စာစီပုံရိုင်းသဟဲ့လို့ မတွေးကြပါနဲ့
ဆရာထေရ်ခိုင်းတဲ့ အရေးကြောင့်မှာ
ရေးရတာစ်ခါ၊
မတတ်တတတ် ကျုပ်ခမျာ
အနုတ်ပါဗျ စာအသွား၊
အများတွေ့လျှင်ဖြင့်
ကြားစေကာ ပြင်ဆင်ထည့်ပါလို့
တရားမွေ့သူ ထေရ်ရှင်ကစိတ်တို့ရယ်
ကြည့်ရှုစေသား။

(တိပိဋကဆရာတော် ၁၄–နှစ်သားအရွယ်က ရေးသည်။)

---


၂၇–ပါး အုံဖွယ်များ ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၁၆ / ၉၃ (၉)
မျက်နှာဖုံးခွင့်ပြုချက် ၂၆ / ၉၃ (၉)

**ပထမအကြိမ် အုပ်ရေ (၁၀၀၀)**

**၁၉၉၃၊ စက်တင်ဘာလ**

**တန်ဖိုး ၂၅၀ကျပ်**

**အဖုံးရိုက်၊ ကျောက်စိမ်းအော့ဖ်ဆက်**
ဦးကျော်စိန် (၀၄၂၅၀) ၁၇၁ / ၃၃–လမ်း၊ ရန်ကုန်မြို့

**အတွင်းပုံနှိပ်သူ ဒေါ်တင်တင်အေး (၀၃၆၄၄)**
ဟိန်းအေးအော့ဖ်ဆက်၊ ၃၃ / နိဗ္ဗာန်လမ်း
ကြည့်မြင်တိုင်၊ရန်ကုန်မြို့

**ထုတ်ဝေသူ၊ ဦးအောင်ကြီး (၀၉၈၆)**
ရွှေပုရပိုက်စာပေ၊ အမှတ် ၅၊ တင့်ဆန်းလမ်း
ဆရာစံရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့

www.dhammaransi.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရှင်ဝါသဝ၏ အမှာစာ | ၁ |
| ၂။ | ဘဒ္ဒန္တရာဇိန္ဒ၏ ကျမ်းဦးစကား | ၂ |
| ၃။ | နိဒါန်း | ၄ |
| ၄။ | ထေရုပတ္တိ အကျဉ်းချုပ် | ၁၃ |
| ၅။ | ဥပမာလေး၀ သေးငယ်လှ | ၂၀ |
| ၆။ | ဆရာကျေးဇူး မြင့်မိုရ်ဦး | ၂၀ |
| ၇။ | ဆရာ့ဂုဏ်အင် မိုးကောင်းကင် | ၂၂ |
| ၈။ | ဆရာ့ဂုဏ်စု မြေအထု | ၂၃ |
| ၉။ | ဆရာ၏ဂုဏ် ကြီးမားပုံ | ၂၃ |
| ၁၀။ | မိဖတော်သူ ရှာဖွေမှု | ၂၄ |
| ၁၁။ | ဂုဏ်ကြီးဆရာ အတ္ထုပ္ပတ္တိ | ၂၆ |
| ၁၂။ | ၂၇–ပါး အံ့ဖွယ်များ | ၂၈ |
| ၁၃။ | သဲပွင့်နှင့် မြင့်မိုရ် | ၂၉ |
| ၁၄။ | သူငယ်ဘ၀ ပဌမအံ့ဖွယ် (၁) | ၂၉ |
| ၁၅။ | သာမဏေငယ် အံ့သြဖွယ် (၂) | ၃၁ |
| ၁၆။ | ဝဋ္ဋသကာဘွဲ့ ရရှိတော်မူခြင်း (၃) | ၃၂ |
| ၁၇။ | အငယ်ဆုံး မဟာနာယက စေတုတ္တအံ့ဖွယ် (၄) | ၃၃ |
| ၁၈။ | ပဉ္စမအံ့ဖွယ်၊ တိပိဋကဖြေဆိုခြင်း (၅) | ၃၃ |
| ၁၉။ | ဝိသိဋ္ဌဝိနယမရဘွဲ့နှင့် မဟာဝိနယကောဝိဒဘွဲ့ ရရှိတော်မူခြင်း | ၃၄ |

www.dhammaransi.com



၂၀။ ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့နှင့်
မဟာအာဘိဓမ္မိကကောဝိဒဘွဲ့ ရရှိတော်မူခြင်း ၃၄

၂၁။ ဝိသိဋ္ဌဒီဃဘာဏကဘွဲ့နှင့်
မဟာဒီဃနိကာယကောဝိဒဘွဲ့ ရရှိတော်မူခြင်း ၃၄

၂၂။ ဝိသိဋ္ဌတိပိဋကဓရဘွဲ့၊ မဟာတိပိဋကကောဝိဒဘွဲ့၊
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကိုရရှိတော်မူခြင်း ၃၅

၂၃။ ချီးကျူးဖွယ်ရာ ဂုဏ်အင်္ဂါ ၃၅

၂၄။ ဘိုးစိန်ကြီးက ချီးကျူးရ ၃၆

၂၅။ သီဟဂတိကနည်း ပြန်ဆိုခြင်း ၃၇

၂၆။ သံဂါယနာအံ့ဖွယ် (၆) ၃၈

၂၇။ တာဝန်များသော ဆရာတော် ၃၉

၂၈။ ဆရာတော်၏ ခံယူချက် ၄၀

၂၉။ ဗုဒ္ဓဝင်ကျမ်း အံ့မခန်း (၇) ၄၁

၃၀။ တရားဟောရာ အံ့ဖွယ် (၈) ၄၂

၃၁။ သာသနာပြုရာ အံ့ဖွယ် (၉) ၄၂

၃၂။ သံဃာတိုင်းက လေးစားသည့်ဆရာတော် (၁၀) ၄၃

၃၃။ ဘွဲ့တံဆိပ်အများဆုံးပိုင်ရှင် (၁၁) ၄၃

၃၄။ ဘွဲ့ထူးခံရာ အံ့ဖွယ် (၁၂) ၄၄

၃၅။ အပူဇော်ခံအံ့ဖွယ် (၁၃) ၄၅

၃၆။ အလှူတော်ခံအံ့ဖွယ် (၁၄) ၄၅

၃၇။ မင်းအဆက်ဆက်ခေတ်အဆက်ဆက်
အကြည်ညိုခံရခြင်း (၁၅) ၄၆

၃၈။ အလိုနည်းတာ အံ့ဖွယ်ရာ (၁၆) ၄၇

www.dhammaransi.com



၄၉။ ပြည်သူ့ဆရာမင်းဆရာ (၁၇) ၄၈
၅၀။ ကျောင်းတိုက်ကြီးတွေလှူ (၁၈) ၄၈
၅၁။ အလုပ်လုပ်တာ အံ့ဖွယ်ရာ (၁၉) ၄၉
၅၂။ အပြစ်မတင် ဒို့ထေရ်ရှင် (၂၀) ၅၀
၅၃။ လှူဒါန်းရာဝယ် အံ့သြဖွယ် (၂၁) ၅၀
၅၄။ ဖူးမဝသည့် ဒို့ဆရာ (၂၂) ၅၁
၅၅။ တိပိဋကမင်း မိုက်မှောင်ခွင်း (၂၃) ၅၃
၅၆။ အမျိုးချစ်တဲ့ဆရာတော် (၂၄) ၅၃
၅၇။ ကမ္ဘာ့အံ့ဖွယ် ပုဂ္ဂိုလ်ထူး (၂၅) ၅၅
၅၈။ မင်းတို့မြင်းခြံ နောက်တစ်ခေါက်မလာ (၂၆) ၅၅
၅၉။ စာပါလစေတီရင်းမှ ဗုဒ္ဓမိန့်ခွန်းတော် ၅၇
၆၀။ ရွာပနမှာ အံ့ဖွယ်ရာ (၂၇) ၅၈
၆၁။ ခိုက်ရန်ဒေါသ မဖြစ်ကြ ၆၁
၆၂။ ကျမျက်ရည် ဆည်မရနိုင်ဘူး ၆၂
၆၃။ ဆရာတော်ဘုရားကြီး၏ ဒါနကုသိုလ် ၆၄
၆၄။ ဆွမ်းဒါန ကုသိုလ်တော် ၆၄
၆၅။ တိပိဋက ငွေရတဲ့ ဒါနကုသိုလ် ၆၅
၆၆။ သင်္ကန်းအလှူတော် ၆၈
၆၇။ ကျောင်းအလှူတော် ၇၁
၆၈။ ဆေးအလှူတော် ၇၃
၆၉။ ဓမ္မဒါနကုသိုလ်တော် ၇၄
၇၀။ ဗုဒ္ဓဝင်ကျမ်းပြု ဓမ္မဒါနကုသိုလ် ၇၅
၇၁။ သက်တော်ကြီးမှ စာဝါချခြင်း ၇၅

www.dhammaransi.com




၆၂။ တိပိဋကမရေစာဆိုတော် ၇၅
၆၃။ ဖြူစင်သောသီလ ၇၉
၆၄။ နိုင်မာသော သမာဓိ ၈၀
၆၅။ ထူးခြားခိုင်မာသော သမာဓိ ၈၃
၆၆။ သေမင်းခံတွင်းဝက အမြိုက်မွဲ ၈၅
၆၇။ မြစကြာဆရာတော်အား
မိန့်ကြားသည့် စကားတော် ၈၅
၆၈။ သွေးတစ်သွေးခဲ တရဲရဲ ၈၇
၆၉။ ခန္တီစွမ်းအား ကြီးမားသည့်ဆရာတော် ၈၈
၇၀။ ကျားစားခံရသောရဟန်း သည်းခံ၍ရှုပွားပုံ ၉၀
၇၁။ မထေရ်ကြီးဩဝါဒ ၉၀
၇၂။ ကျားခံတွင်းမှ တရားရ ၉၂
၇၃။ ဆားနဲ့တွေ့မှ အစွမ်းပြ ၉၆
၇၄။ ဘုရားရှင် ပါဝါပြည်ဝါဆို ၉၈
၇၅။ ရောဂါရစဉ် ဘုရားရှင် စဉ်းစားပုံ ၉၉
၇၆။ စိန်ရတု ဓမ္မဂီတိကဗျာများ ၁၀၀
၇၇။ မြန်မာ့ထေရ်ဇာနည် ၁၀၃


မာတိကာပြီး၏။

www.dhammaransi.com



# အရှင်ဝါသဝ–ဒီဃဘာဏက၏ အမှာစာ

ဤစာအုပ်သည် ကိုယ်တိုင်ဟောပြီးမှ ရေးသားသောတရားစာအုပ်ဖြစ်သောကြောင့် ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အနန္တကျေးဇူးဂုဏ်များအနက် ၂၇–ချက်သော ဂုဏ်ကျေးဇူးများပေါ်လွင်ထင်ရှားလှပေသည်။

စာအုပ်ဖြစ်လာရခြင်းအကြောင်းရင်းမှာ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပွဲတွင် မြေထဲမြို့ စိန်စည်သာသနာ့ရိပ်သာ ဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်သဒ္ဓာဘာသသည် ဆရာတော်ဘုရားကြီးအား ဓမ္မပူဇာဖြင့် တစ်ညတာ တရားဟောပြောပူဇော်ခဲ့သော တရားတော်မှ အခြေခံ အရောင်းရင်းပြုပြီးဖြစ်ပေါ်လာသော တရားစာအုပ်ဖြစ်ရကား မိမိ၏ နှလုံးသားမှ သဒ္ဓါယိုဖိတ်ကြည်ညိုစိတ်ဖြင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ဆင်ခြင်၍လည်းကောင်း၊ သီတင်းသုံးဖော် နောင်ညီတော်များနှင့် ဆွေးနွေးတိုင်ပင်၍လည်းကောင်း၊ ဖြစ်ပေါ်လာသည့် (၂၇) ချက်သော အကြောင်းများစွာ ကြည်ညိုဖွယ်ရာတွေကို ထုတ်ဖော်ဟောကြားရေးသားထားတာဖြစ်လို့ စာရှုသူပရိသတ်အပေါင်း သူတော်ကောင်းတို့လည်း ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော အနန္တကျေးဇူးဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ကြပြီး မဟာကုသိုလ်တရားတိုးပွား၍ ချမ်းသာသုခနှင့် ပြည့်စုံကြမည်မှာ ကောန်ပင်ဖြစ်ပါသည်။

အရှင်ဝါသဝ (ဒီဃဘာဏက)
တိပိဋက–ရွှေဟင်္သာကျောင်းတိုက်
၆၂–လမ်း နန်းရှေ့ မန္တလေး။

www.dhammaransi.com


## ဘဒ္ဒန္တရာဇိန္ဒ (မဟာဂန္ထ ဝါစကပဏ္ဍိတ)၏ ကျမ်းဦးစကား

မြေထဲမြို့၊ စိန်စည်သာသနာ့ရိပ်သာ ဆရာတော်ကလေးသည် (၄-၇-၉၃) နေ့က ဗန်းမော် ဓမ္မဒေသနာခရီးမှအပြန် မန္တလေးမြို့၊ သာသနာ့တက္ကသိုလ်ရှိ ယခင်က မင်းကွန်းဆရာတော်ကြီး၏ မေတ္တာအေးရိပ်ဖြစ်သော မိုးမိတ် တိ-နီ ကျောင်းတိုက်ကြီးတွင် အတူတကွ ခိုဝင် သီတင်းသုံးခဲ့ကြဖူးသော သီတင်းသုံးဖော် စာချဆရာတော်များထံ အလည်အပတ် ရောက်ရှိလာခဲ့လေသည်။

ထိုစဉ် တိပိဋကဓရ ဆရာတော်ကြီးနှင့် သက်ဆိုင်သော ဂုဏသံဝေဂ ကထာများကို စပ်မိစပ်ရာ ပြောဆိုကြရင်း စိန်စည်ဆရာတော်က (၂၇)ပါး အံ့ဖွယ်များအမည်ရှိ စာမူများကို ထုတ်ပြကာ ဤစာမူများသည် အာစရိယမတိ၊ အာစရိယဝါဒဟုခေါ်ဆိုအပ်သော တိပိဋကဓရ ဆရာ့အလိုဆန္ဒ၊ ဆရာ့မူဝါဒများနှင့်ဆန့်ကျင်မှုတွေ ပါရှိမရှိ စိစစ်ပေးဖို့ သုံးသပ်စေလိုပါသည်ဟု ဆွေးနွေးတိုင်ပင်ခဲ့လေသည်။ တိပိဋကဓရ ဆရာတော် ဘုရားကြီးသည် ယခုကဲ့သို့ စာပေရေးသားမှုမျိုးကို လေးစားမြတ်နိုးသည်နှင့်အမျှ စိစစ်ဖတ်ရှုရန်ကိုလည်း မည်သည့်အခါမျိုးမှ မငြင်းဆန်ခဲ့ပေ။ ဆရာတော်ဘုရားကြီး၏ စိစစ်ပြုပြင်မှုတွေကို ကြည့်ရှုရလျှင် အကြမ်းဖျင်းအားဖြင့် အောက်ပါအချက်တို့ကို အထူးရှောင်ရှားရေးသားစေလိုသည်ကို တွေ့ရပေသည်။

ယင်းတို့မှာ-

၁။ အတ္တုက္ကံသန - လောဘဖြင့် မိမိကိုယ်ကို မြှောက်စား အမွှမ်းတင်မှု။

၂။ ပရဝမ္ဘန - ဒေါသဖြင့် သူတစ်ပါးကိုရှုတ်ချ ကဲ့ရဲ့မှု။

၃။ အတိဝုတ္တ-ကြည်ညိုလွန်သဖြင့် မတန်မရာတွေကို အလွန်အကျွံ ဖွဲ့ဆိုရေးသားမှုမျိုး စသည်တို့ပင် ဖြစ်ပေသည်။

www.dhammaransi.com


သို့ဖြစ်၍ စိန်စည်ဆရာတော်၏ ဤစာပေများသည် ဖော်ပြပါ အပြစ်ဒေါသများမှ ကင်းစင်၍ ဆရာတော်ဘုရားကြီးချမှတ်တော်မူသော မူဝါဒများနှင့် ညီညွတ်သည့်အပြင် အရှင်မြတ်ကိုယ်တော်တိုင် နိုင်ငံတော်ရွာပနပွဲ၏ ဓမ္မသဘင်၌ အာစရိယဂုဏ်တော်များကို မျက်တွေ့ လက်တွေ့ စာတွေ့ များနှင့် ညီနိုင်း၍ ဟောကြားခဲ့သည့် ဒေသနာများကို စာပေမှတ်တမ်းအဖြစ် ပြန်လည်တင်ပြထားခြင်းဖြစ်ရာ ဖတ်ရှုနေစဉ်မှာ သက်တော်ထင်ရှားဆရာတော်ဘုရားကြီး အနီးအပါးဝယ် ခေတ္တခဏ ပြန်လည်ရောက်သွားသလို ခံစားမိပါသည်။

"ကောင်းကင်မြေလွှာ၊ အဏ္ဏဝါနှင့်၊ စက္ကဝါမေရု၊ ပမာပြုက၊ မေရုစက္ကဝါ၊ အဏ္ဏဝါနှင့်၊ မြေလွှာကောင်းကင်၊ နှိုင်းယှဉ်မရ၊ ကျဉ်းမြောင်းလှလိမ့်"

ဟူ၍ စိန်စည်ဆရာတော် ဖော်ကျူးထားသကဲ့သို့ပင် ဤမြှလောက်သော စာတမ်းငယ်ဖြင့် မင်းကွန်းဆရာတော်၏ ဂုဏ်ထူးကို ကုန်စင်အောင် မချီးကျူးနိုင်ပြားလည်း (၂၇) ပါး အံ့ဖွယ်များအမည်ရှိ ဓမ္မဒေသနာ ဤမှတ်တမ်းလွှာကို အလွယ်တကူ ဖတ်ရှုနိုင်အောင် စီစဉ်ခြင်းဖြင့် သူတော်စဉ်တို့အဖို့ အတိုင်းမသိသော သဒ္ဓါတရားပွားများ၍ ဗုဒ္ဓသာသနာတော်၌ နောက်လာနောက်သားတို့သည် သူတော်ကောင်းလမ်းစဉ်သို့ အတုမြင်အစဉ်လိုက်သည့် ဒိဋ္ဌာနုဂတိ အကျိုးကျေးဇူးများ ဆင့်ပွားပြန့်နှံ့ရန် ကိရိယာ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ကောင်းစွာ အမှတ်ပြုမိပါတော့သည်။

ဘဒ္ဒန္တရာစိန္န (ဌာနမှူး)
ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မန္တလေးမြို့။

www.dhammaransi.com



# နိဒါန်း

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး ရဲ့ (၂၇) ပါး အံ့ဖွယ်များ စာအုပ်ငယ်ကို ကျေးဇူးတော်ရှင်ဆရာတော် ဘုရားကြီး၏ အန္တိမ အဂ္ဂိဈာပနပွဲအမီ ထုတ်ဝေရန် စီစဉ်ကြည့်ပါ သေးသည်။ အချိန်မရသည့်အတွက် ဈာပနပွဲအမီ မထုတ်ဝေဖြစ်ပါ။

မန္တလေးမြို့ တရုတ်တန်းဈေး အောင်ရတနာ ပန်းကန်ရောင်း ဝယ်ရေး ဦးအောင်ကြည် + ဒေါ်လှပြုံး၊ သမီးမနှင်းနှင့် မောင် ညီမများ မိသားစုမှ ရွတ်ရေ (၅၀၀၀) ဈာပနပွဲအမီ ဓမ္မဒါနပြုပါ သည်။

ဆရာတော်ဘုရားကြီး၏ (၂၇) ပါးအံ့ဖွယ်များကို ၁၃၅၄– ခုနှစ် တပေါင်းလဆန်း (၇–ရက်) နေ့ည ၇–နာရီအချိန် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် မဟာဗန္ဓုလ ဓမ္မာရုံကြီးပေါ်တွင် ဈာပန ကော်မတီမှ စီစဉ်ပြီး ဓမ္မဒါနကုသိုလ်ရှင် မင်းကွန်းရွာ လက်သမား ဆရာကြီး ဦးတင်မြင့် + ဒေါ်ညွန့်မေ မိသားစုတို့ ကျင်းပတဲ့ တရား ပွဲ၌ ဟောကြားပါသည်။

ထိုနေ့ည ဟောကြားမည့်တရားကို ထိုနေ့ နေ့ဆွမ်းဘုဉ်းပေး ပြီးမှ စီစဉ်ရသည်။ အရင်ဟောဖို့ နှလုံးသွင်းထားတာက ရဋ္ဌပါလ သုတ္တန်တရားတော်၊ နောက် စဉ်းစားမိတာက ဆရာတော်ဘုရားကြီး ရဲ့ဈာပနပွဲမှာ ဘယ်လောက်ကောင်းတဲ့တရားတွေ ဟောပေမယ့် ဆရာတော်ဘုရားကြီးရဲ့ တရားဓမ္မများကိုတော့မီနိုင်မည်မဟုတ်ပေ။

အဲဒီတော့ တခြားသုတ္တန်တွေ ဝိပဿနာတွေ ဟောပြော နေတာထက်၊ ဆရာတော်ဘုရားကြီးရဲ့ အန္တိမဈာပနပွဲမှာ ဆရာတော် ဘုရားကြီးရဲ့ ကျေးဇူးဂုဏ်တွေကို သတိရ အောက်မေ့တဲ့အနေနဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေ ဖွင့်နိုင်သမျှ ထုတ်ဖော်

www.dhammaransi.com



ဟောပြရရင် ကောင်းမှာပဲလို့ ဆင်ခြင်မိတာနဲ့ တရားဟောရမဲ့ တပေါင်းလဆန်း ၇–ရက်နေ့ (၂၇–၂–၉၃) နေ့ ဆွမ်းဘုန်းပေးပြီးမှ ၆–ရက်နေ့ညက တရားဟောကြားသည့် ဆရာတော် ဦးဝါသဝကို ပင့်ပြီး ဈာပနကွင်းထဲ ကြွကြပါသည်။ ဈာပနပွဲ ကျင်းပမဲ့ ထန်းနစ်ပင်ကွင်းထဲ ရောက်တော့ စစ်ကိုင်းတိုင်း ဇဟိုရိမဏ္ဍပ်၊ မန္တလေးတိုင်း မဏ္ဍပ်၊ မြင်းခြံမဏ္ဍပ်၊ တိနိမဏ္ဍပ်၊ လောင်တိုက်၊ ဆရာတော်ဘုရားကြီး ဘွဲ့တံဆိပ်တော် ပြခန်းများအတွက် ခမ်းခမ်းနားနား၊ သပ်သပ်ယပ်ယပ် ဆောက်လုပ်နေကြတာတွေ အားရဖွယ်ရာ တွေ့မြင်နေရပေသည်။ ခမ်းနားကြီးကျယ်သော မုခ်ဦးကြီးများကလည်း ရန်ကုန်မြို့ ပြည်ထောင်စုပွဲကျင်းပတဲ့ မုခ်ဦးကြီးတွေလို သားသားနားနား နေ့မအားညမအား ဆောက်လုပ်နေကြတာတွေ အားရဖွယ်ရာ မျက်ဝါးထင်ထင် တွေ့မြင်နေရပေသည်။ စီမံခန့်ခွဲရေး ကော်မတီမဏ္ဍပ်ကလည်း ငေးမော ကြည့်ရှုလောက်အောင် ခမ်းနားသပ်ယပ်လှပေသည်။

ဈာပနကွင်းထဲမရောက်ခင်ကလည်း မဏ္ဍပ်များ ခမ်းခမ်းနားနားရှိကြောင်း ကြားသိနေရပေသည်။ မြေထိုးစက်ကြီးများနဲ့ ကုန်းကမူတွေဖြိုချပြီး ချိုင့်တွေကို ဖို့နေတာတွေ၊ မြေညှိနေတာတွေကို ဈာပနကွင်းကြီးအတွင်း တစ်မျှော်တစ်ခေါ်ကြီးတွေ့မြင်ရပေသည်။

မပြီးသေးခင် တစ်ဝက်တစ်ပျက် မြင်တွေ့ရတာကိုက အတော်လေးခမ်းနားထည်ဝါနေပေပြီ။ အားလုံးပြီးစီးလို့ အသေးစိတ် တန်ဆာဆင်ပြီးရင် ရင်သပ်ရှုမောအံ့သြဖွယ် ဈာပနပွဲကြီးဖြစ်ပေလိမ့်မည်။ ဈာပနပွဲရက် တစ်လတိတိလိုသေးတဲ့အချိန်မှာတောင် ဆရာတော်ဘုရားကြီးကိုလာရောက်ဖူးမျှော်ကြတဲ့ ပရိသတ်ကြီးက ကြိတ်ကြိတ်တိုး စည်ကား၍ နေလေပြီ။ ယာယီ ပြခန်းများမှာလည်း ပရိသတ်များလွန်းလို့ လက်အုပ်ချီ တန်းစီ၍ မတ်တတ် ဖူးမြော်ပြီး လှည့်ထွက်ကြရသည်။

www.dhammaransi.com


ဆရာတော်ဘုရားကြီး စံကျောင်းတော်ဗန္ဓုလမ္ဗော်ရုံကြီးပေါ်မှာလည်း ရဟန်းရှင်လူ သူတော်စင်ပရိသတ်နဲ့ ပြည့်ကြပ်၍နေလေပြီ နောက်မှ ရောက်လာသူများ ဖူးခွင့်ရဖို့ အချိန်အတော်ကြာအောင် စောင့်၍ ဖူးမြော်နေကြရသည်။ အလှူခံဌာနတွေမှာလည်း တိုးဝှေ့၍ လှူဒါန်းနေကြသဖြင့် ဖြတ်ပိုင်းနိုင်အောင်မရေးနိုင်ဖြစ်နေကြသည်။

ဆရာတော်ဘုရားကြီး ရုပ်ကလာပ်တော်ကို ဖူးမြော်ရန်လာကြတဲ့ ပရိသတ်များကို စတုဒိသာ မဏ္ဍပ်များဖြင့် လာသမျှကျွေးမွေးနေကြသည်။ ရွာပေါင်း (၁၃) ရွာမှ ထမင်းဟင်းချက်အဖွဲ့ ၁၃–ဖွဲ့ ခေါ်ပြီး ၉–ဖွဲ့က ချက်ပြုတ်ကြပြီး ၄–ဖွဲ့က ကျွေးမွေးကြရသည်။ နေ့စဉ် လှူဒါန်းငွေကလည်း သိန်းချီ ရနေသည်။

ခမ်းခမ်းနားနားဆောက်လုပ်နေကြတဲ့ ဈာပနပွဲကွင်းပြင်ကို တွေ့မြင်ရတော့ မအံ့သြဘဲ မနေနိုင်ကြပေ။ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို တစိမ့်စိမ့်တွေးပြီး တရေးရေးမြင်ယောင်နေမိသည်။ နှုတ်မှတဖွဖွပြောပြီး တသသ တမ်းတနေကြသည်။

ဆရာတော် ဦးဝါသဝနှင့် ဈာပနပွဲ ကျင်းပမဲ့ ထန်းနှစ်ပင်ကွင်းကိုကြည့်ရှုပြီး အပြန်လမ်းခုလတ် အရိပ်ကောင်းသောသစ်ပုပ်ပင်အောက်ရောက်တဲ့အခါ ရှေ့မှကြွနေတဲ့ ဆရာတော်ဦးဝါသဝကို ဘုန်းကြီး.... နေရာသန့်သန့် အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်မှာ ခဏထိုင်ကြဦးစို့ တပည့်တော် ဆရာတော်ဘုရားကြီးရဲ့ တခြားသူများနဲ့မဟူ ထူးခြားလှတဲ့ အံ့ဖွယ် ဂုဏ်ထူးများကို ရနိုင်သလောက် ထုတ်ချင်တယ်၊ အကြံဉာဏ်ပေးပါဦးလို့ လျှောက်ထားပြီး၊ သဲဖြူ ရှရှခင်းထား တဲ့သစ်ပင်ရိပ်မှာ ထိုင်ကြသည်။ ဆရာတော်ကြီးရဲ့ သူငယ်ဘဝ ကျောင်းနေစဉ်က စာမအံ့ရဘဲ သူများစာအံသံ ကြားရုံနဲ့ စာရပြီးသား ဖြစ်နေတဲ့ သူငယ်ဘဝ အံ့ဖွယ်ရာကစပြီး ရှာဖွေကြည့်ရာ အနှိုမ္မျာပန အံ့ဖွယ်ရာ အထိ (၂၇)ပါးသောအံ့ဖွယ်ရာများရှာဖွေလို့ ရရှိပါသည်။

www.dhammaransi.com


အံ့ဖွယ် (၂၇) ပါးသာ ထုတ်ပြရခြင်းကတော့ (၂၇)ကို ၃ နှင့်မြှောက်က ၂၇ × ၃ = ၈၁ ရပါသည်။ ဆရာတော်ဘုရားကြီး စံလွန်တော်မူတာကလည်း သက်တော် (၈၁) နှစ်မှာဖြစ်လို့ (၈၁) ချင်း ကိုက်ညီနေပါတယ်။ နောက် ဈာပနမွေ့သဘင်ကလည်း (၂၇) ည ကျင်းပပြီး ဓမ္မပူဇာအနေနဲ့ ပူဇော်ကြပါသည်။ ဆရာတော်ဘုရားကြီးရရှိတဲ့ အဆင့်မြင့် ဘွဲ့ထူး၊ ဂုဏ်ထူးကဗ္ဗည်း (၂၇) ခုဖြစ်နေတာတွေ့ရပါသည်။ ဒါကြောင့် အံ့ဖွယ်ထုတ်တဲ့နေရာမှာလည်း (၂၇)ပါးဘဲထုတ်၍ ဟောကြားခြင်း ဖြစ်ပါသည်။ လမ်းဘေး သစ်ပင်အောက်ထိုင်ပြီး (၂၇) ပါး အံ့ဖွယ်များကို မာတိကာ အနေနဲ့ ထုတ်နုတ် စီစဉ်ပြီး ကျောင်းပြန် ညီတော်မောင် ဦးဝိသုဒ္ဓသူရ စီစဉ် နေရာချထားပေးတဲ့ ဆရာတော် ဗုဒ္ဓဝင်ကျမ်းပြုတဲ့ အခန်းထဲဝင်ပြီး ဦးစိန်နားကပ်ကြီးထံမှ ဒိုင်ယာရီမှတ်စု စာအုပ်နဲ့ ဦးဃောဇိတ (ရေနံ့သာ)ရေးတဲ့ ဆရာတော် ထေရုပ္ပတ္တိ အကျဉ်းစာအုပ်၊ သုတ်မဟာဝါ ပါဠိတော် အဋ္ဌကထာစာအုပ်များ ဦးဝိသုဒ္ဓထံမှယူတာ အကြောင်းအရာမကျယ်မကျဉ်း ကြည့်ရှုပြီး အချိန်ကလည်း နေ့ ၁၂-နာရီကျော်နေပြီးဖြစ်လို့ သိပ်အချိန်မရတော့တဲ့အတွက် အလွယ်တကူ သံပေါက်ကဗျာဖြင့် အံ့ဖွယ် (၂၇) ပါး ရေးသားပြီး ကိုစန်းလွင်ကို ခေါ်ကူးခိုင်းကာ ည တရားပွဲမှာ ဟောကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးရဲ့ ကျောင်းသားသူငယ်မောင်ခင်ဘဝမှစကာ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်များ အလှူခံတော်မူရပြီး ပျံလွန်တော်မူသည့်အခါ ကံ့ကော်ပန်းတွေပွင့်၊ သရက်ပင်ပျို ပင်အိုတွေပါ မကျန်အောင်ပင် လုံးကျွတ် ပွင့်ပြီး ပူဇော်ကြပုံတွေ၊ အချိန်မဟုတ် အခါမဟုတ် ဧရာဝတီမြစ်ရေတွေ တိုးလာပြီး ပူဇော်ကြပုံတွေ၊ အထက်အောက် မြန်မာပြည်အရပ်ရပ် တပည့်ဒကာ ဒကာမတွေ တစ်လလုံးလုံး တစ်နေ့မှမပြတ် လာရောက် ပူဇော်ကြ တာတွေ၊ ဈာပနကွင်းကြီး

www.dhammaransi.com



ဟာလည်း ဝိသကြံ့နတ်သား ဖန်ဆင်း ထားသလို ခမ်းနားကြီးကျယ် အံ့ဩဖွယ် ကောင်းလှပုံတွေ တိုင်အောင် (၂၇) ပါးသော အံ့ဖွယ်ရာများကို နာကြားကြရတဲ့ ပရိသတ်များက အံ့ဖွယ် (၂၇)ပါးသံပေါက် ကဗျာများကို လက်ကမ်းစာစောင် ထုတ်ရရင် ကောင်းမှာပဲဟု အကြံပြုသူက ပြုကြပါသည်။

ဘုရားပွဲ စီစဉ်ဆောင်ရွက်ကြတဲ့ ဦးဇင်းများမှတစ်ဆင့် မန္တလေးမြို့ တရုတ်တန်းဈေး ဦးအောင်ကြည်–ဒေါ်လှပြုံး၊ သမီး မနှင်းနှင့် မောင်ညီမများ အောင်ရာဘာနာ ပန်းကန်ရောင်းဝယ်ရေး မိသားစုမှ ဓမ္မဒါန ပြုလိုပါသည်ဟု လျှောက်ထားတဲ့အတွက် ပြန်ကာနီး ကူးပေးခဲ့ရသည်။

ထိုရက်က ဝက်ထီးကန်တိုက်နယ် ပနိပင်ရွာ (၇)ရက်တရားစခန်းပွဲနှင့် တိုက်ဆိုင်နေလို့ တရားစခန်းပွဲကို ဦးခေမာဝံသ၊ ရှင်ပညာနန္ဒနှင့် ယောဂီ စောင့်ရှောက်ရေး အဖွဲ့များကို အရင်လွှတ်ထားနှင့်ခဲ့ရပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ အနှိမ ရွာပနပွဲမှာ ဓမ္မပူဇာအနေနဲ့ တရားဟောရမယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါသည်။ ဒါပေမယ့် ဝက်ထီးကန်တိုက်နယ် ပနိပင်တရားစခန်းပွဲနဲ့ ထိပ်တိုက် တိုးနေတဲ့အတွက် အနည်းငယ် အနှောင့်အယှက် ဖြစ်ရပါသည်။ မတတ်နိုင်ပြီ ––– ကျေးဇူးရှင်ဆရာ သမားရွာပနက နောက်ဆုံး အနှိမ ပူဇော်ရခြင်းဖြစ်လို့ ဦးစားပေးကြရပေမည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့် ၁၃၅၄–ခု တပို့တွဲလပြည့်ကျော် ၃–ရက်နေ့ကလည်း မင်းတုန်းမြို့ ထိန်ကိုင်းရွာ (၇)ရက် တရားစခန်းပွဲနှင့် တိုက်ဆိုင်နေသည်။

၄–ရက်နေ့ မနက်စောစော ထိန်ကိုင်းရွာ (၇)ရက်တရားစခန်းပွဲကြဖို့ အသင့်ပြင်ထားပြီးမှ ဆရာတော်ဘုရားကြီး ပျံလွန်တော်

www.dhammaransi.com


မှုကြောင်း ၃-ရက်နေ့ည တီဗွီသတင်းမှာ ပါလာလို့ ၄-ရက်နေ့ မင်းတုန်းကြွမဲ့ အစီအစဉ်ကို ရှင်ပညာနန္ဒနဲ့ ယောဂီအဖွဲ့ကို လွှဲခဲ့ပြီး ဆရာတော်ဘုရားကြီး ဈာပနကို ကြွခဲ့ရသည်။

ထိန်ကိုင်းရွာ တရားစခန်းပွဲကိုတော့ ရှင်ပညာနန္ဒ၊ ကဗွိယ မောင်အိးတီ၊ ယောဂီစောင့်ရှောက်ရေး ဒေါ်အေးကြိုင်၊ ဒေါ်လှရီ၊ ဒေါ်ပုကြီးတို့ လိုက်ပါဆောင်ရွက်ကြသည်။ ၎င်းတရားစခန်းပွဲမှာ လည်း ဘုန်းကြီးမပါလာလို့ဆိုပြီး ပြဿနာလုပ်လို့ ၅-ရက်နဲ့ စခန်း သိမ်းရသည်။ ဘုန်းကြီးကြွလာမှ တရားပွဲ ဆက်ဟောရသည်။

တရားစခန်းပွဲကို ဦးတင်မောင်၊ သမီးမသက်ရှည်နှင့် ယောဂီ ဒေါ်သန်းကြည်တို့ ဦးဆောင်ကျင်းပကြသည်။

ဈာပနပွဲကြီးရက် ကြွတဲ့အခါမှာလည်း ချောက်မြို့ဆင်ဖြူ ကျွန်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဂုဏ်ပြုပွဲနှင့် တိုက်ဆိုင်နေ ပြန်သည်။ ဆရာတော်ဘုရားကြီး ဈာပနကို ၃-ခေါက်ကြွရသည်။ ၃-ခေါက်လုံး တရားစခန်းပွဲတွေနဲ့ တိုက်ဆိုင်နေလို့ ကိစ္စပြီးတာနဲ့ တန်းပြန်ခဲ့ရသည်။

အခုတစ်ခေါက်လည်း အံ့ဖွယ် (၂၇) ပါးကို ၁၃၅၄-ခု တပေါင်းလဆန်း ၇-ရက်နေ့ည ဟောပြီး ၈-ရက်နေ့ လက်မှတ်ဖြတ် ၉-ရက်နေ့ ပြန်ကြွခဲ့ရသည်။ မြေထဲမြို့ (အောင်လံ) မြို့သို့ ၁၀-ရက်နေ့ နံနက် ၃-နာရီရောက်သည်။ ၆-နာရီ ပနီပင်စခန်းပွဲသို့ ထွက်ခဲ့ရသည်။

ပနီပင်ရွာကို နံနက် ၁၀-နာရီခန့်ရောက်သည်။ ဘုန်းကြီး စခန်းဖွင့်ပွဲ မပါလို့ သိပ်မကြည်လင်ကြဘူး။ တရားစခန်းပွဲများမှာ ဟောနေကြအတိုင်း ထိုနေ့ နေ့လယ် ၂-နာရီမှာ ယောဂီများ အလုပ် ပေးတရားဟောရသည်။ နေ့ တရားပွဲကတော့ ယောဂီများ တရား ရှုမှတ်ပုံနဲ့ ဉာဏ်စဉ်ဖြစ်ပုံ၊ ဝေဒနာပြင်းထန်စွာတက်နေတဲ့ ယောဂီ

www.dhammaransi.com


များ ဝေဒနာ ပယ်ချွာပုံများကို ဟောပြောရသည်။ ဝိပဿနာ စစ်စစ် ဟောပြောရသည်။

ညတရားပွဲကတော့ အပြင်ပရိသတ်များလည်း တရားနာလာကြလို့ လူကြီးလူငယ် အရွယ်မရွေး ယောဂီမဟုတ်သူ အပြင်ပရိသတ်များလည်း နာကြားနိုင်အောင် ဟောကြားရသည်။

ညတရားပွဲတွင် ကျေးဇူးတော်ရှင် တိပိဋကမရေ ဆရာတော်ဘုရားကြီးရဲ့ (၂၇) ပါး အံ့ဖွယ်များထဲက အနည်းငယ် တရားအစမှာ ထည့်ထည့်ဟောတဲ့အခါ ကပ္ပိယ မောင်ခင်မောင်ညွန့် (ရှစ်ပေါင်) ယောဂီစောင့်ရှောက်ရေး မချိုပြုံး (မချို) စတဲ့ ယောဂီစောင့်ရှောက်ရေးများက ဆရာတော်ဘုရားကြီးရဲ့ အံ့ဖွယ် (၂၇) ပါးကို ဆရာတော်ဘုရားကြီးရဲ့ အန္တိမစျာပနအမှီ ဓမ္မဒါနပြုရရင် ကောင်းမှာပဲလို့ လျှောက်ထားကြတဲ့အတွက် ဒီလိုဆိုရင် ဘုန်းကြီးစာမူကြမ်းအမြန်ရေးပေးမယ်၊ မင်းတို့က အချောရေးကြ ကူးကြလို့ ပြောပြီး – မနက် ၇–နာရီ တစ်ကြိမ် တရားစစ်၊ နေ့ ၂–နာရီ တစ်ကြိမ်၊ ည ၇–နာရီ တစ်ကြိမ် တရားဟောပြောရတဲ့ ကြားထဲက အချိန်လု၍ ရေးပေးရသည်။

ပနီပင်တရားစခန်းပွဲ သိမ်းတဲ့အခါ မပြီးသေးဘဲ ကျန်နေတဲ့ အကြောင်းအရာများကို ဝက်ထီးကန် ကွင်းကြီးရွာ တရားပွဲ ၂–ည ကျင်းပနေတဲ့အချိန်မှာ ဆက်လက်ရေးရသည်။ ဝက်ထီးကန်တရားပွဲပြီးလို့ ကျောင်းပြန်ရောက်တဲ့အခါ တပေါင်းလပြည့်ကျော် ၂–ရက်နေ့ ရောက်ရှိနေပြီ၊ တပေါင်းလပြည့်ကျော် ၇–ရက်ကျင်းပမဲ့ ဆရာတော်ဈာပနပွဲအမီ ထုတ်ဝေဖို့ မြေထဲမြို့ စာပုံနှိပ်စက်များ စုံစမ်းကြည့်တဲ့အခါ မမီနိုင်ကြောင်း ပြောကြသည်။ ရန်ကုန်သွားပြီး ကွန်ပျူတာနဲ့ စာစီ ရိုက်ရင်တော့ မီနိုင်ကြောင်း လျှောက်ကြလို့ မြစ်မခဦးမင်းကိုထံ စုံစမ်းကြည့်တဲ့အခါ မီအောင်တော့ ကြိုးစားကြည့်မယ်၊ သပ်ရပ်မှုတော့ နည်းလိမ့်မယ်လို့ ပြောတာနဲ့ ရက်က

www.dhammaransi.com


လည်း သိပ်ကပ်နေ၊ အရေးတကြီးလည်း လုပ်ရ၊ မသပ်မရပ်နဲ့ ထွက်လာ၊ အကြောင်းမသင့်လို့ ဈာပနပွဲ မမီရင် အပင်ပန်းခံရကျိုးမနပ်ဖြစ်ပေမည်။ ဒါကြောင့် နောက်မှ အေးအေးဆေးဆေး သပ်သပ်ရပ်ရပ်ထုတ်တာက အဆင်ပြေမယ်လို့ ထင်မြင်မိတဲ့အတွက် ဈာပနပွဲအမီ ဓမ္မဒါန ဓမ္မပူဇာ မပြုလုပ်နိုင်ခဲ့ပေ။

သို့အတွက် ကြိုးကြိုးစားစား အပင်ပန်းခံပြီး ရေးကြကူးကြတဲ့ ကပ္ပိယ မောင်ရှစ်ပေါင်နဲ့ ယောဂီမချိုတို့က အားမလိုအားမရဖြစ်နေကြသည်။

၂၇–ပါး အံ့ဖွယ်များ သံပေါက်ကဗျာချည်း သက်သက်နဲ့ ဓမ္မဒါနပြုရန် ရွက်သစ်လက်ဖက်စို လက်ဖက်ခြောက်နှင့် ပဲကြော်၊ ပဲလှော်လုပ်ငန်းပိုင်ရှင် ဒေါ်စန်းရီ မိသားစု၊ ကိုခင်မောင်သန်း (ကိုဖိုး)က ရွက်ရေ (၅၀၀၀) ခန့်ရိုက်ဖို့ ဈာပနပွဲ ၂–ရက်အလိုမှာ ကြိုးစားကြည့်သေးသည်။ စာစီရင်း မီးပျက်သွားလို့ ကိုရှစ်ပေါင်ခမျာ စိတ်မာတ်ကျသွားသည်။ ဆရာတော်ကြီး ဈာပနပွဲအကြောင်း တီဗွီသတင်းမှ နေ့စဉ်နေ့တိုင်း ကြည့်နေကြရသည်။ သတင်းစာတွေ ဖတ်ကြရသည်။ တစ်ဆင့်စကားတွေ ကြားနေကြရသည်။ နိုင်ငံတော်ဈာပနအဖြစ် ကျင်းပလို့ တစ်ပြည်လုံး အုတ်အော်သောင်းနင်း ပူဇော်ကြသည်။လှူဒါန်းကြသည်။ ဆရာတော်ဘုရား၏ အကြောင်း အထ္ထုပ္ပတ္တိတွေကို ရဟန်းပညာရှိ၊ လူပညာရှိတွေက ရေးသားပူဇော်ကြလို့ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်သတင်းသည် လူ့ပြည်တွင်မက နတ်ပြည်၊ ဗြဟ္မာပြည် အထက်ဘဝဂ်အထိ ပျံ့နှံ့နေပေသည်။ ဤသို့ပျံ့နှံ့ပုံ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်တွေကို ကိုယ်တိုင်လည်း ဖူးမြော်ကြရ တစ်ဆင့်စကားကြားနဲ့လည်း ကြည်ညိုကြရတော့ ကပ္ပိယ ကိုဗွေးဝင်းနှင့်အဖွဲ့ ကိုရှစ်ပေါင်၊ မချို၊ မခင်မြင့်ရီ စတဲ့ ယောဂီများ၊ ပွဲစားကြီး ဒေါ်မြကြိုင်၊ ဒေါ်ပေါပေါ၊ မနွယ်နီဦး၊ မခင်မြတ်ဆွေ စတဲ့ ယောဂီများက ၂၇–ပါးအံ့ဖွယ်များ

www.dhammaransi.com



ဖြင့်ဆရာတော်ဘုရားကြီးကို မေ့ပူဇာ ပူဇော်လိုကြတဲ့အတွက်ကိုယ်တိုင်လည်း မေ့ဒါန၀တ္ထုငွေများ လှူဒါန်းကြပြီး စေတနာရှင်မေ့မိတ်ဆွေယောဂီ သူတော်စင်များကိုလည်း တိုက်တွန်းနှိုးဆော်ကြကာ မြေထဲမြို့ မန်ကျည်းကုန်းရပ် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ၂-ပါးတို့၏ ဩ၀ါဒခံ စိန်စည်သာသနာ့ရိပ်သာမိသားစုမှ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များနဲ့ အမျိုးဘာသာ၊ သာသနာတော်ကို အလွန်တရာ ချစ်မြတ်နိုးတော်မူပြီး သူမတူအောင် သာသနာတော်မြတ်ကို စောင့်ရှောက်မြှင့်တော်မူသွားသည့် ဆရာတော်ဘုရားကြီး၏ "စေတနာ၊ မေတ္တာ၊ ကရုဏာ ပြည့်ဝခန်းတဲ့ သာသနာပြုဂုဏ်ရည် အလီလီတို့ကို ဤထေရုပ္ပတ္တိအကျဉ်း ၂၇-ပါးအခန်းဖွဲ့ပယ်များ စာစဉ်ဖြင့် မေ့ဒါန၊ မေ့ပူဇာအနေအားဖြင့် ပူဇော်လိုက်ရပါသတည်း။

အရှင်သဥ္ဇောဘာသ
ဒီဃဘာဏက ကမ္မဋ္ဌာနာစရိယ
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ၂-ပါးတို့၏
ဩ၀ါဒခံ စိန်စည်သာသနာ့ရိပ်သာ
မန်ကျည်းကုန်းရပ်၊ မြေထဲမြို့

www.dhammaransi.com


# အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# အကျိုးတော်ဆောင်
# ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ
# ဆရာတော်ဘုရားကြီး၏
# ထေရုပ္ပတ္တိအကျဉ်းချုပ်

ငယ်မည် ။ ။ မောင်ခင်၊
မိဘအမည် ။ ။ ဦးဆုံ + ဒေါ်ဆင်၊
အဖိုးအဖွား ။ ။ ဦးချယ် + ဒေါ်အုံ
ဖွားသက္ကရာဇ် ။ ။ ၁၂၇၃-ခု တန်ဆောင်မုန်းလဆန်း (၁၁) ရက် ဗုဒ္ဓဟူးနေ့ နေ့လယ် ၃ နာရီ
မွေးချင်း ။ ။ ၃ ယောက်၊ မသုံ၊ မောင်ခင်၊ မောင်ဘသင်
ဒုတိယသားရတနာ
ဇာတိ ။ မန္တလေးတိုင်း၊မြင်းခြံမြို့နယ်၊ကျည်းပင်ရွာ

ငယ်ဆရာ ။ ။ ဦးသာသန (ကျည်းပင်ရွာ)
ကျောင်းအပ်သောနှစ် ။ ၁၂၇၇-ခု
အဖ ဦးဆုံ ကွယ်လွန်သောနှစ် ။ ၁၂၇၅-ခု
ပထမအကြိမ်ရှင်ပြု။ ၁၂၇၈-ခု ၆ နှစ်သားအရွယ်
ရှင်ဒါယကာ ။ ။ အဖိုးဦးချယ် + အဖွားဒေါ်အုံ

www.dhammaransi.com



**မင်းကျောင်းတိုက်ရောက်ရှိခြင်း။** ၁၂၇၉-ခု ၇ နှစ်သားအရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုဒေါင့်ကျောင်း ဆရာတော် ဦးသောဘိတထံ အပ်နှံသည်။

**ဒုတိယအကြိမ်ရှင်ပြု။** ။၁၂၈၂-ခု မောင်ခင် ၁၀ နှစ်သားအရွယ်တွင် မိခင်ဒေါ်ဆင်မှ ဒုတိယအကြိမ် ရှင်ပြုပေးသည်။

**ဘွဲ့အမည်။** ။ဆရာတော် ဦးသောဘိတသည် သာမဏေငယ်အား အလွန်ဉာဏ်ကောင်း၍ ထက်မြက်ဆန်းကျယ် အံ့ဩဖွယ် ဉာဏ်ပညာ ရှိသောကြောင့် ရှင်ဝိစိတ္တသာရဟု ဘွဲ့အမည်ပေးတော်မူသည်။

**၁၃နှစ်အရွယ်။** ၁၂၈၅-ခုနှစ်(၁၃)နှစ်သားအရွယ်တွင် မြင်းခြံမြို့ နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲ၌ သဒ္ဒါကြီးရှစ်ဆောင်နတ်တက်အာဂုံပြန်ဆိုတော်မူသည်။

**၁၄ နှစ်အရွယ်။** ၁၂၈၆-ခုနှစ် (၁၄) နှစ် သားအရွယ်တွင် ငှင်းစာပြန်ပွဲ၌၊ သဂြိုဟ် (၉) ပိုင်းကို အထောက်အမလွတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်သဖြင့် စာထောက်စာမ ဆရာတော်များ အထူးအံ့ဩတော်မူကြ သည်။

ရှင်ဝိစိတ္တသာရသည် ၁၄နှစ်သားအရွယ်မှာပင် အဋ္ဌကထာဋီကာ အနုမဓုယောဇနာ စာအုပ်များကို ကြည့်ရှုတော်မူနိုင်သည်။ ကဗျာလင်္ကာတို့ဖြင့် တန်ဆာဆင်လျက် သုဝဏ္ဏသာမယပ်ထောင် တရားကို ရေးသားတော်မူသည်။

**ပထမငယ်တန်းအောင်။** ၁၂၈၇-ခုနှစ် ၁၅ နှစ်သားအရွယ်တွင် အစိုးရပထမငယ်တန်း အောင်မြင်တော်မူသည်။

**ပထမလတ်တန်းအောင်။** ၁၂၈၈-ခုနှစ် ၁၆ နှစ်သားအရွယ်တွင် အစိုးရပထမလတ်တန်းကို အောင်မြင်တော်မူသည်။

www.dhammaransi.com


**ဆရာတွက်တာ။** ရှင်ဝိစိတ္တသာရ ၁၇ နှစ်သားအရွယ်တွင် ဆရာတော် ဦးသောဘိတ ကိုယ်တစ်ခြမ်းသေလေဖြတ်၍ ၁၂၈၉-ခုနှစ်မှ ၁၂၉၁-ခုနှစ်အထိ ၃ နှစ်တိုင်တိုင် စာမေးပွဲ မဖြေဘဲ ဆရာသမားကို ပြုစုရသည်။

**ကဗျာတေးထပ် ရေးကာစပ်။** ရှင်ဝိစိတ္တသာရ ၁၉ နှစ်သားအရွယ် ၁၂၉၁-ခုနှစ် သီတင်းကျွတ်လဆုတ် (၁) ရက်နေ့ ဆရာတော်ဦးသောဘိတ ဘဝနတ်ထံ ပျံလွန်တော်မူရာ ၁၄-နှစ်သားအရွယ်ကပင် တေးထပ်၊ ကဗျာ၊ လင်္ကာ၊ ရတု ရေးသားခဲ့လေရာ ဆရာတော်ဦးသောဘိကဗျာပနတွင် ဂါထာ၊ တေးထပ်၊ ဘောင်းကင်ကြိုး၊ လေ့လော်သံကဗျာများကို အလွယ်တကူ ရေးသားပူဇော်တော်မူသည်။

**မင်းကွန်းဓမ္မနာဒကျောင်းတိုက် ရောက်ရှိခြင်း။** ရှင်ဝိစိတ္တသာရ ၁၉ နှစ်သား အရွယ် ၁၂၉၁-ခုနှစ် နှောင်းတန်ခူးလဆန်း(၁၃)ရက်နေ့ ည(၁၀)နာရီအချိန် မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်သို့ ရောက်ရှိတော်မူသည်။

**ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း။** ၁၂၉၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်နေ့တွင် ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။

**ရဟန်းဖြစ်ရာသိမ်။** မင်းကွန်းငွေတောင်တောရ။ ရွှေကျင်တိုက် ခဏ္ဍာသိမ်။

**ဥပဇ္ဈာယ်ဆရာ။** မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော် ဦးပညာစက္က။

www.dhammaransi.com



ရဟန်းဒါယကာများ။ အရာကြီး ဒေါ်ခမ္မစာရီ၊ သူဌေးကြီး ဆာဦးသွဲ့င် + သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ ဖြစ်သည်။

ဝင့်သကာဘွဲ့–အဋ္ဌကထာပြန်အကျော်ဘွဲ့ ရရှိတော်မူခြင်း–

၁၂၉၃–ခုနှစ် – ဝါမရမီ–အစိုးရ ပထမကြီးတန်းအောင်မြင်တော်မူသည်။

၁၂၉၄–ခုနှစ် – ၁ဝါရ–အမျိုးသား ပထမကြီးတန်း

၁၂၉၅–ခုနှစ် – ၂ဝါရ–အစိုးရ ပထမကျော်တန်းနှင့်သကျသီဟစာသင်တန်း

၁၂၉၆–ခုနှစ် – ၃ဝါရ–သကျသီဟစာချတန်းတို့ကို အောင်မြင်တော်မူသည်။

ဝင့်သကာဘွဲ့ – သကျသီဟ စာသင်တန်း စာချတန်းတို့ကို နှစ်မခြားဘဲ ဆက်တိုက် အောင်မြင်တော်မူသဖြင့် ဝင့်သကာဘွဲ့ ရရှိတော်မူသည်။

အစိုးရပထမကျော်ဘွဲ့နှင့်အဋ္ဌကထာပြန်အကျော်ဘွဲ့။ သကျသီဟစာမေးပွဲတွင် ထူးထူးခြားခြား အောင်မြင်တော်မူသဖြင့် ရန်ကုန်မြို့ ပါဠိဆရာမြန်မာပညာရှိအဖွဲ့မှ အဋ္ဌကထာပြန်အကျော်ဘွဲ့တံဆိပ်နှင့် နိုင်ငံတော်အစိုးရမှ ပထမကျော် ဘွဲ့တံဆိပ်တို့ကို ဆက်ကပ်လှူဒါန်းကြပါသည်။

ဥပဇ္ဈာယ်ဆရာ ပျံလွန်တော်မူခြင်း

၁၂၉၉ ခုနှစ် – တော်သလင်းလဆုတ် ၉ ရက်နေ့ သက်တော် ၅၃ နှစ် အရွယ်တွင် ဥပဇ္ဈာယ်ဆရာ ဦးပညာစက္က ပျံလွန်တော်မူသည်။

www.dhammaransi.com


**ဓမ္မနာဒ ပဓာန နာယကဖြစ်တော်မူခြင်း**

၁၂၉၉ ခုနှစ် – နတ်တော်လပြည့်ကျော် (၁) ရက်နေ့ ရဟန်း (၇) ဝါအရတွင် ဓမ္မနာဒကျောင်းတိုက် ပဓာန နာယက ဖြစ်တော်မူသည်။

၁၃၀၂ ခုနှစ် – ၌ သာသနာ့ဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ ရရှိတော်မူသည်။

**တိပိဋကပြန်ဆိုခြင်း**

၁၃၁၂–ခုနှစ် – နတ်တော်လပြည့်ကျော် (၇) ရက်နေ့ ဝိသိဋ္ဌ ဝိနယ ဓရဘွဲ့နှင့်မဟာဝိနယကောဝိဒဘွဲ့ကို ရရှိတော်မူသည်။

၁၃၁၃–ခုနှစ် – အဘိဓမ္မာပိဋက ရှေ့ပိုင်း ၅ ကျမ်း အောင်မြင်တော်မူသည်။

၁၃၁၄–ခုနှစ် – အဘိဓမ္မာ နောက်ပိုင်း (၂) ကျမ်း အာဂုံ၊ ရေးဖြေ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူ၍ ဝိသိဋ္ဌအဘိဓမ္မိကဘွဲ့–မဟာအဘိဓမ္မိက ကောဝိဒဘွဲ့ကို ရရှိတော်မူသည်။

၁၃၁၅–ခုနှစ် – သက်တော် (၄၂) အရွယ်တွင် ဝိသိဋ္ဌဒီဃ ဘာဏကဘွဲ့၊ မဟာဒီဃနိကာယကောဝိဒ ဘွဲ့၊ ဝိသိဋ္ဌ တိပိဋကဓရဘွဲ့၊ မဟာတိပိဋက ကောဝိဒဘွဲ့၊ တိပိဋကဓရဓမ္မ ဘဏ္ဍာ ဂါရိကဘွဲ့တံဆိပ်တော်များကို ရရှိတော်မူသည်။

၁၃၁၆/၁၃၁၈ ခုနှစ် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဠိတော်အဖြေဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

www.dhammaransi.com


၁၃၁၈/၁၃၂၀-ခုနှစ် အင္ဂကတာသံဃနာယကအဖြေ၊

၁၃၂၂/၁၃၂၃-ခုနှစ် ဋီကာသံဃနာယကအဖြေဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။ သံဃနာယက အဖြေ တာဝန်နှင့် တာဝန်ကြီးကိုးရပ်ကိုဆောင်ရွက် တော်မူသည်။

၁၃၁၇-ခုနှစ် - နိုင်ငံတော်အစိုးရ၏ ရွေးချယ်ထားချက်အရ

၁၃၃၁-ခုနှစ်။ - အတွဲ ၆ တွဲ။ အုပ်ရေ ၈ အုပ်။ စာမျက်နှာ ၅၅၁၆မျက်နှာ ရှိသော နိုင်ငံတော်ဗုဒ္ဓ သာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစု တော်မူခဲ့သည်။

## တိပိဋက နိကာယကျောင်းတိုက်တည်ထောင်ခြင်း

၁၃၄၀ ပြည့်နှစ် - ဝါဆိုလဆန်း(၅)ရက်နေ့ မင်းကွန်းတောင် ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋက နိကာယ ကျောင်းတိုက်ကြီးတည်ထောင်တော်မူသည်။

၁၃၄၀ ပြည့်နှစ် - ပြာသိုလဆန်း (၇) ရက်နေ့ အဂ္ဂမဟာပဏ္ဍိ တဘွဲ့တံဆိပ် အလှူခံတော်မူရသည်။

၁၃၄၂ ခုနှစ် နယုန်လဆန်း (၁၃) ရက်နေ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော် ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။

၁၃၄၄-ခုနှစ် - မှစ၍ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာ သနတက္ကသိုလ် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနတက္ကသိုလ်ကြီးများကို ဆောက်လုပ်လှူဒါန်းတော်မူသည်။

www.dhammaransi.com



၁၃၄၅–ခုနှစ် ပြာသိုလဆန်း (၂) ရက်နေ့ (၄–၁–၈၄) အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

၁၃၅၃–ခုနှစ် အဘိဓဇအဂ္ဂမဟာဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ် တော်ကို အလှူခံတော်မူရသည်။

၁၃၅၄–ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၄၀ အချိန် ဘဝနတ်ထံ ပျံလွန် တော်မူသည်။

၁၃၅၄–ခုနှစ် တပေါင်းလပြည့်ကျော် (၇) ရက်နေ့မှ (၁၁) ရက်နေ့အထိ နိုင်ငံတော် ရာဇပနအဖြစ် ကျင်းပပူဇော်မှု ခံတော်မူရ သည်။



www.dhammaransi.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥပမာလေးဝ သေးငယ်လှ

တိပိဋက၊ ဓရမည်တွင်၊ ဒို့အရှင်၊ ဂုဏ်အင်ကြီးမားသည်။
ဆရာသခင်၊ ကျေးဇူးရှင်၊ ဂုဏ်အင်ကြီးမားသည်။

၁။ ဆရာ့ဂုဏ်ကို၊ နှိုင်းဖွဲ့ဆို၊ မြင့်မိုရ်တောင်က ငယ်လိမ့်မယ်။

၂။ ဆရာ့ဂုဏ်အင်၊ နှိုင်းစာလျှင်၊ ကောင်းကင်ပြင်က ကျဉ်းလိမ့်မယ်။

၃။ ဆရာ့ဂုဏ်စု၊ ပမာပြု၊ မြေထုမြေလွှာ ပါးလိမ့်မယ်။

၄။ ဂုဏ်ကြီးဆရာ၊ နှိုင်းယှဉ်လာ၊ အဏ္ဏဝါက ကျဉ်းလိမ့်မယ်။

ဆရာကျေးဇူး၊ မြင့်မိုရ်ဦးကို၊ ဆည်းပူးမနေ၊
ရှာဖွေမကြည့်၊ တွေ့မိတွေ့ရာ၊ ဂုဏ်အင်္ဂါစု၊ တစ်ခုခုနှင့်၊
နှိုင်းတုမမြင်၊ ဆုံးမထင်သည့်၊ ကောင်းကင်မြေလွှာ၊
အဏ္ဏဝါနှင့်၊ စကြဝါမေရု၊ ပမာပြုက၊ မေရုစကြဝါ၊
အဏ္ဏဝါနှင့်၊ မြေလွှာကောင်းကင်၊ နှိုင်းယှဉ်မရ၊
ကျဉ်းမြောင်းလှလိမ့်---။

## ဆရာ့ကျေးဇူး-မြင့်မိုရ်ဦး

ကျေးဇူးတော်ရှင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဦးဇင်းတို့ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယ စာသင်

www.dhammaransi.com


သားများနဲ့ မြန်မာပြည်သူ ပြည်သားများအပေါ် ကျေးဇူးတရား အင်မတန်များ ပြားလှပါသည်။

ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတော်များကို ထိုထိုများစွာ ဥပမာ အစားစားနဲ့ ရေးသားဖော်ပြမယ်ဆိုရင် ထိုထိုများစွာဥပမာ များက ငယ်ပါလိမ့်မည်။ နည်းပါးပါလိမ့်မည်။

ရှစ်ဆောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင့်မိုရ်တောင် ကြီးနဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကို နှိုင်းယှဉ်မယ်ဆိုရင် မြင့်မိုရ်တောင်က ငယ်ပြီး ဆရာတော်ဘုရား ကြီးရဲ့ ဂုဏ်ကျေးဇူးက ကြီးမားပါလိမ့်မည်။

ဟုတ်နိုင်ပါ့မလား တင်စားလှချည်လားလို့ မေးဖွယ်ရှိပါ သည်။ မေးချင်ကြပါလိမ့်မည်။ ဟုတ်ပါသည်၊ တင်စားထိုက်ပါ သည်ဟု ပြောရပါလိမ့်မည်၊ နည်းနည်းရှင်းပြပါမည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ၊ ဆရာတော်ဘုရား ကြီးသည် တိနိတပည့်များ၊ ဓမ္မနာဒ တပည့်များနဲ့ မြန်မာပြည်သူ ပြည်သား ကမ္ဘာသူ ကမ္ဘာသားများရဲ့ အကျိုးစီးပွားအတွက် တိနိ ကျောင်းတိုက်ကြီးနှင့် ရန်ကုန်–မန္တလေးမြို့ကြီးများတွင် နိုင်ငံတော် ပရိယတ္တိသာသနာ တက္ကသိုလ်ကျောင်း တိုက်ကြီးများကိုအံကောင် အထည်ပေါ်အောင် ဆောင်ရွက်တော်မူပြီး ပိဋကသုံးသွယ် နိကာယ် ငါးရပ် ပိဋကတ်ကျမ်းစာများကို အလွယ်တကူ သင်ယူစေခဲ့ပါ သည်။ သာမန်ရဟန်းတော်တစ်ပါး စိတ်ကူးထဲတွင် မထည့်ဝံ့သော တိပိဋက စာမေးပွဲကြီးကို ဖြေဆိုနိုင်ရန် ရန်ကုန်–မန္တလေး စတဲ့ မြို့ကြီးများမှာ နိကာယ်စာမေးပွဲများ ကျင်းပပေးပြီး တစ်ကျမ်းချင်း နိကာယ် စာမေးပွဲများကို ဖြေဆိုစေတော်မူပါသည်။ နိကာယ် အုပ်စု တစ်ခုပြီးတဲ့အခါ ပိဋကတ်သုံးပုံကို မပင်မပန်း ချမ်းချမ်းသာသာနဲ့ အလွယ်တကူ ဖြေဆိုတော်မူနိုင်ကြပါသည်။

www.dhammaransi.com


ဆရာတော်ဘုရားကြီး ကျေးဇူးတော်ကြောင့် ပိဋကတ်တစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင်၊ သာသနာ့အာဇာနည်များ အလွယ်တကူ ပေါ်ပေါက်တော်မူလာကြပြီ။

ပိဋကတ်သုံးပုံကို နှုတ်တက် အာဂုံဆောင်တော်မူကြတဲ့ ရဟန်းတော်များ ရရှိနိုင်တဲ့ ကျေးဇူးတရားဟာ လောကီ-လောကုတ္တရာ နှစ်ဖြာစလုံး တိုင်းတာလို့ မရနိုင်ပါဘူး။

ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်များ ရရှိနိုင်တဲ့ အကျိုးတရားကို ထားပါဦးတော့-

နမောတဿ ဘုရားရှိခိုး ရွတ်ဆိုသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဆိုတဲ့ သရဏဂုံ ရွတ်ဆိုတဲ့ အမျိုးကောင်းသား/သမီးတစ်ယောက်ရဲ့ အကျိုးတရားသည်ပင် တန်ဖိုးမဖြတ်နိုင်ပါ။

သရဏဂုံ ရွတ်ဆိုလို့ မျက်မှောက်ဘဝမှာပင် ဘီလူးစားခြင်းဘေးမှ လွတ်ကင်းတဲ့ သာဓကတွေ များစွာရှိပါသည်။ တမလွန်ဘဝမှာလည်း သရဏဂုံ ရွတ်ဆိုလို့ နတ်ရွာသုဂတိ ရောက်ရှိတယ်ဆိုရင်ပဲ မြင့်မိုရ်တောင်ထက် အကျိုးတရားတွေ များလှပါပြီ။

ဆရာဂုဏ်ကို နှိုင်းဖွဲ့ဆို၊ ထိုထိုဥပမာ ငယ်လိမ့်မယ်။
မြင့်မိုရ်မေရု၊ ပမာပြု၊ မေရုမြင့်မိုရ် ငယ်လိမ့်မယ်။
ဆရာ့ဂုဏ်က၊ နှိုင်းမရ၊ အဆရာထောင် သာလိမ့်မယ်။

"ဆရာ့ဂုဏ်အင်-မိုးကောင်းကင်"

ဘုန်းကြီးတို့ ဒကာ ဒကာမတို့တစ်တွေ တွေ့မြင်နေရတဲ့ အထက် အဇ္ဈာပြင် မိုးကောင်းကင်သည် အလွန်ကျယ်ပြောလှပါသည်။ တိုင်းတာလို့ မရအောင်ကို ကျယ်ပြောလှပါသည်။ ဘယ်လောက်ပင် ကျယ်ပြောပေမယ့် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကမရဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးနဲ့ နှိုင်းစာပါလျှင် ကောင်းကင်ပြင်ကြီးသည်ပင် ကျဉ်းမြောင်းလိမ့်မယ်လို့ ထင်မိပါသည်။

www.dhammaransi.com


အစဉ်ပြောပြင်၊ မိုးကောင်းကင်၊ အလွန်ကျယ်ပြောသည်။
ဆရာဂုဏ်အင်၊ နှိုင်းစာလျှင်၊ ကောင်းကင်ပြင်က ကျဉ်း
လိမ့်မည်။ ဆရာ့ဂုဏ်က နှိုင်းမရ၊ အဆရာထောင် သာလိမ့်မည်။

"ဆရာ့ဂုဏ်စု–မြေအထု"

မဟာပထဝီမြေကြီးကို စိစစ်ကြည့်မယ်ဆိုရင် ပံသုပထဝီ၊ သီလာပထဝီ ရယ်လို့ နှစ်မျိုးနှစ်စား ကွဲပြားတာကိုတွေ့နိုင်ပါသည်။ ပံသုပထဝီ=မြေမှုံမြေသား ပထဝီသည်ယူဇနာတစ်သိန်းနှစ်သောင်း။ သီလာပထဝီကျောက်သား မြေသည် ယူဇနာပေါင်း ၁ သိန်း ၂ သောင်း၊ ၂ ရပ်ပေါင်း ၂ သိန်း ၄ သောင်း အထုရှိပါသည်။ ထို ယူဇနာ ၂ သိန်း ၄ သောင်းထုထည်ရှိသော မဟာပထဝီ မြေကြီးသည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြေထုမြေလွှာက ပါးပါလိမ့်မယ်။ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကသာ ပို၍ ကြီးမားပါလိမ့်မည်––။

သီလာပံသု၊ မြေနှစ်ခု မြေထုမြေလွှာ ကြီးမားသည်။
ဆရာဂုဏ်စု၊ ပမာပြု၊ မြေထုမြေလွှာ ပါးလိမ့်မည်။
ဆရာ့ဂုဏ်က၊ နှိုင်းမရ၊ အဆရာထောင် သာလိမ့်မည်။

"ဆရာ၏ဂုဏ် ကြီးမားပုံ"

သံသရာခရီးသွား လောကလူသားတွေရဲ့ သံသရာခရီးလမ်းသည် အင်မတန် ရှည်လျားလှပါသည်။ လျှောက်လှမ်းလာခဲ့ရတဲ့ သံသရာခရီးလမ်း အစကို ပြန်ကြည့်မယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်ရှုတာတောင်မှ သံသရာ ခရီးလမ်းအစကို မမြင်နိုင်ပါဘူး။

www.dhammaransi.com


အနမတဂ္ဂေါယံဘိက္ခဝေသံသာရော၊ ပုဗ္ဗကောဋိ နပညာယတိ။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတ ဉာဏ်တော်နဲ့ ကြည့် လို့တောင် အစမမြင်နိုင်အောင် ရှည်လျားလှတဲ့ သံသရာ ခရီးသွား လောက လူသားတွေမှာ သံသရာ ခရီးသွားစဉ် (သံသရာတစ်ခွင် ကျင်လည်စဉ်) တစ်ဦးနှင့်တစ်ဦး အမိအဖ မတော်ဖူးတဲ့သူ တစ်ယောက်မှ မရှိပါဘူး။

## "မိဖတော်သူ ရှာဖွေမှု"

သံသရာတစ်လျှောက် လျှောက်လှမ်းစဉ် အမိအဖ မတော်စပ်ခဲ့သူ ရှာကြည့်ရင် တစ်ယောက်မှ ရှာဖွေလို့ ရမယ် မဟုတ်ပါဘူး။

အသလုံး အမိအဖ တော်စပ်ဖူးကြသူတွေချည်းပါပဲ၊ မိဖ တော်စပ်ခဲ့ဖူးကြသူတွေ ရေတွက်ကြည့်မယ်ဆိုရင် ယူဇနာပေါင်း ၂ သိန်း ၄ သောင်း အထု ပမာဏရှိသော မဟာပထဝီမြေကြီးကို ရေနဲ့ ဖျော်ပြီး ဇီးကင်းခန့် အလုံးငယ် လေးများလုံးပါ၊ လုံးပြီးတဲ့အခါ အဖဖေတော်ခဲ့ဖူးတဲ့သူ (သို့မဟုတ်) အမေ တော်ခဲ့ဖူးတဲ့သူ ဘဝ သံသရာက အဖေဟောင်း အမေဟောင်းတွေကို တစ်လုံးစီ ပေးလျှင် မြေလုံးများသာ ကုန်သွားမယ်၊ အဖေ အမေတော်ခဲ့ဖူးသူများကတော့ မကုန်နိုင်သေးပါဘူး၊ ကျန်ရှိနေပါသေးတယ်။

အဲဒီလောက် ရှည်လျားထဲ့ဘဝသံသရာမှာ ခန္ဓာဝန်ထမ်းပြီး လျှောက်လှမ်းခဲ့ရတဲ့ ခန္ဓာဒုက္ခတွေ၊ ဘဝတိုင်း ဘဝတိုင်း အိုခဲ့နာခဲ့ သေခဲ့ရတဲ့ ဘဝဒုက္ခတွေဟာလည်း ၂ သိန်း ၄ သောင်းအထုရှိသော မဟာပထဝီမြေကြီးထက် အဆပေါင်းများစွာ ကြီးမားပါသည်။ အဲဒီလောက်ကြီးမားလှတဲ့ ဆင်းရဲဒုက္ခတွေ ကုန်အောင် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်

www.dhammaransi.com


ဘုရားကြီးရဲ့ ဆုံးမဩဝါဒ တရားတော်တို့ကို လိုက်နာကျင့်သုံးမယ် ဆိုရင် အပါယ်တံခါး ပိတ်တဲ့သောတာပန် အရိယာ အဆင့်ကို ရောက်ရှိသွားနိုင်ပါသည်။

သောတာပန် အရိယာအဆင့်ကို ရောက်ရှိသွားတဲ့ အရိယာ တပည့်တစ်ယောက်သည် မဟာပထဝီမြေကြီးလောက်ထုထည် ကြီးမား များပြားလှတဲ့ အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲတွေကို ဖောက်ခွဲပယ်သတ်နိုင်ပါသည်။

## ပယ်သတ်ပုံသာဓက

အခါတစ်ပါး မြတ်စွာဘုရား ကိုယ်တော်မြတ် နောက်လိုက် နောက်ပါ သံဃာတော်များစွာနဲ့ ဒေသစာရီ ကြွချီတော်မူတဲ့အခါ တောစပ်တစ်နေရာ ရောက်တော့ လမ်းခရီးမှ ဖဲကြွတော်မူပြီး သစ် တစ်ပင်အောက် ဝင်ရောက်နေထိုင်တော်မူပါသည်။ ရဟန်းတော် များလည်း ဘုရားရှင်အနီးအပါး ထိုင်နေတော်မူကြပါသည်။

အဲဒီအခါ ဘုရားရှင်က မြေမှုန့်များကို လက်သည်းပေါ် တင်တော်မူပြီး ရဟန်းတော်များကို မေးတော်မူပါသည်။

ချစ်သားတို့ သင်တို့ ငါတို့နေထိုင်ကြတဲ့ ယူဇနာ ၂ သိန်း ၄ သောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးနဲ့ ငါဘုရားလက်သည်း ပေါ်မှာရှိတဲ့ ပေါဒ်မြေမှုန့်ဟာ ဘယ်ဟာက များသလဲလို့မေးတော် မူပါသည်။ အဲဒီအခါ ရဟန်းတော်များက ဘုန်းတော်ကြီးမားလှတဲ့ မြတ်စွာဘုရား … ပထဝီမြေသားများနဲ့ ဘုရားရှင်လက်သည်းပေါ် မှာ ရှိတဲ့မြေမှုန့်သည် နှိုင်းယှဉ်လို့မရအောင် ကွာခြားလှပါတယ်။

မြတ်ဘုရား…လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်ကထက် မဟာပထဝီမြေကြီးက အဆအရာ အထောင်မကအောင် များပြားလှ ပါတယ် မြတ်စွာဘုရားလို့ လျှောက်ထားကြတဲ့အခါ ဘုရားရှင်က ချစ်သားတို့ သောတာပန်အရိယာဖြစ်တဲ့ ငါဘုရား၏ အရိယာ

www.dhammaransi.com



တပည့် ပယ်သတ်ပြီးတဲ့ အပါယ်ဆင်းရဲ၊ သံသရာဝဋ်ဆင်းရဲ၊ ကိလေသာဆင်းရဲတွေဟာလဲ မဟာပထဝီမြေကြီးလောက်ရှိတယ်။

မပယ်သတ်ရသေးဘဲ ကျန်ရှိနေတဲ့ ဆင်းရဲဒုက္ခတွေက ငါဘုရားလက်သည်းပေါ်က မြေမှုန့်လောက်ပဲ ရှိတော့တယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဘုရားရှင်ဟောတော်မူတဲ့ ဒီဒေသနာအရ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားရဲ့ ဩဝါဒဒေသနာနဲ့ အညီ ကျင့်ကြံပွားများ ကြိုးစားအားထုတ်လို့ သောတာပန်အရိယာ ဖြစ်သွားတယ်ဆိုရင် မဟာပထဝီ မြေကြီးလောက်ရှိတဲ့ ဆင်းရဲဒုက္ခတွေကို ပယ်ပြီးသား ဖြစ်သွားပါပြီ။

ဒါကြောင့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးက မဟာပထဝီမြေကြီးထက် ကြီးမားပါတယ်လို့ ဖွဲ့ဆိုခြင်းဖြစ်ပါသည်။

သီလာပံသု၊ မြေနှစ်ခု၊ မြေထုမြေလွှာ ကြီးမားသည်။
ပံသုသေလာ၊ မြေနှစ်လွှာ၊ ထုမှာကြီးမားသည်။
ဆရာဂုဏ်စု၊ ပမာပြု၊ ပံသုသေလာ မြေနှစ်လွှာ လွှမ်းစွာ
ပါးလိမ့်မယ်။
ဆရာ့ဂုဏ်နှင့်၊ နှိုင်းစာချင်း နှစ်ဆင့်မြေလွှာ ပါးလိမ့်မယ်။
ဆရာ့ဂုဏ်က၊ နှိုင်းမရ၊ အဆရာထောင် သာလိမ့်မယ်။

## "ဂုဏ်ကြီးဆရာ အဏ္ဏဝါ"

နွားခြေရာခွက်ထဲက ရေသည် ဖားသူငယ် သောက်သုံးလောက်၏၊ ဖားသူငယ်အတွက် အကျိုးတရား များပြား၏။

ဖားသူငယ်အတွက် အကျိုးတရား များပြားသော နွားခြေရာခွက်ထဲက ရေသည် အိုင်ငယ်ထဲက ရေနှင့် နှိုင်းစာလျှင် နည်းပါးသေး၏။

www.dhammaransi.com


အိုင်ငယ်ထဲက ရေသည် နွားခြေရာခွက်ထဲက ရေနှင့်နှိုင်းစာလျှင် ကြီးမားများပြား၏။ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ ရေနှင့် စာလျှင် နည်းပါးသေး၏၊ သေးငယ်လှ၏။

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ ရေအလျင်များသည် အိုင်ကြီးမှရေနှင့်စာလျှင် များပြား၏၊ ကြီးမားလှ၏၊ မဟာသမုဒ္ဒရာ ရေနှင့် နှိုင်းစာပါလျှင် အလွန့်အလွန်နည်းပါးလှလေ၏၊ သေးငယ်လှပေ၏။

သမုဒ္ဒရာအဏ္ဏဝါရေဇလာသည် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ ရေးများနှင့် နှိုင်းစာလျှင် အလွန်ပင် များပြားကြီးမားပေမယ့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးနှင့်နှိုင်းစာပါလျှင် အလွန့်အလွန် ကျဉ်းမြောင်းသေးငယ် သွားပါလိမ့်မည်။

နည်းနည်းရှင်းပါအုံးမယ်--

သံသရာတစ်ခွင် ကျင်လည်ကျက်စား ပြေးသွားနေရတဲ့ သံသရာခရီးသွား တစ်ယောက်ရဲ့ အသွေးအသားများကို စုဆောင်းထားမယ်ဆိုရင် သမုဒ္ဒရာ လေးစင်းမှာရှိတဲ့ သမုဒ္ဒရာရေတွေထက်တောင် များလှပါလိမ့်မယ်-

သံသရာခရီးသွားတစ်ယောက် သံသရာမှာ ကျင်လည်စဉ် အမေသေစဉ်၊ အဖေသေ-ဆွေမျိုးသားချင်းတွေ သေကျေပျက်စီးလို့ ငိုကြွေးခဲ့ရတဲ့ မျက်ရည်တွေဟာလည်း မဟာသမုဒ္ဒရာ လေးစင်းမှာရှိတဲ့ သမုဒ္ဒရာ ရေတွေထက်တောင် များလှပါတယ်လို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်-

သတ္တဝါတွေရဲ့ ဆင်းရဲဒုက္ခတွေက အဲဒီလောက် များပြားကြီးမားလှပါသည်- အဲဒီလောက် ကြီးမား ကျယ်ပြောလှတဲ့ သံသရာဝဋ်ဆင်းရဲနှင့် ဆင်းရဲဖြစ်ကြောင်း ကိလေသာဝဲဩဃ အဏ္ဏဝါရေပြင်ကြီးကို ဆရာတော်ဘုရားကြီး ဟောတော်မူခဲ့တဲ့

www.dhammaransi.com



မဂ္ဂင်ရှစ်ဖြာ ဖောင်စကြာကြီးစီးပြီး အလွယ်တကူ ကူးမြောက်နိုင်ပါသည်–

ဆရာတော်ဘုရားရဲ့ အဆုံးအမ ဩဝါဒ တရားတော်များသည် သမုဒ္ဒရာ အဏ္ဏဝါထက် ကျယ်ပြောလှတဲ့ ကိလေသာဝဲဩဃ ရေအလျင်ကို အလျင်အမြန် ကူးမြောက်စေပြီး ခေမာသာခေါင်၊ ဘေးမဲ့သောင်ကမ်း၊ နိဗ္ဗာန်နန်းသို့ တက်လှမ်းဆိုက်ရောက် မျက်မှောက်ပြုစေနိုင်သောကြောင့် ဆရာတော်ဘုရားကြီး ဂုဏ်ကျေးဇူးက သမုဒ္ဒရာ အဏ္ဏဝါ ရေဇလာထက် ကျယ်ပြောတယ်လို့ ဆိုရခြင်းဖြစ်ပါသည်–

သမုဒ် အဏ္ဏဝါ၊ ရေဇလာ၊ လွန်စွာကျယ်ပြောသည်။
ဂုဏ်ကြီးဆရာ၊ နှိုင်းယှဉ်လာ၊ အဏ္ဏဝါက ကျဉ်းလိမ့်မည်။
ဆရာ့ဂုဏ်က၊ နှိုင်းမရ၊ အဆရာထောင် သာလိမ့်မည်။
ဆရာ့ကျေးဇူး၊ မြင့်မိုရ်ဦးကို၊ ဆည်းပူးမနေ ရှာဖွေမကြည့်၊ တွေ့မိတွေ့ရာ၊ ဂုဏ်အင်္ဂါစု၊ တစ်ခုခုနှင့်၊ နှိုင်းတုမမြင်၊ ဆုံးမထင်သည့်၊ ကောင်းကင်မြေလွှာ၊ အဏ္ဏဝါနှင့် စကြဝါမေရု၊ ပမာပြုက၊ မေရုစကြဝါ၊ အဏ္ဏဝါနှင့် မြေလွှာကောင်းကင်၊ နှိုင်းယှဉ်မရ၊ ကျဉ်းမြောင်းလှလိမ့်။

## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ (၂၇) ပါး အံ့ဖွယ်များ

၁။ တိပိဋက၊ ရမြည်သာ၊ ဗိုလ်ဆရာ့များစွာ အံ့ဖွယ်ရာ။
၂။ အံ့ဖွယ်ဂုဏ်အင်၊ ထုတ်ပြလျှင်၊ စုံလင်ဖို့ရာ မလွယ်ပါ။
၃။ မြင့်မိုရ်တောင်နား၊ သဲပွင့်အား၊ ချထားလေသည့်ပုံပမာ။
၄။ ဘယ်နည်းဘယ်ပုံ၊ ဆရာ့ဂုဏ်၊ စုံအောင်ပြနိုင်မှာ။

www.dhammaransi.com


၅။ ၂၇ ပါး၊ အံ့ဖွယ်များ ထူးခြားလှပေတာ။
၆။ အံ့ဖွယ်သုံးလီ ပြည့်စုံညီ စံသည်ထက်နတ်ရွာ။

## သဲပွင့်နှင့်မြင့်မိုရ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်များသည် သာသနာ့သမိုင်းတွင် မကြုံစဖူး၊ အထူးပင် အံ့ဖွယ်ကောင်းလှပါသည်။ ဆရာတော်ဘုရား၏ အံ့သြဖွယ်ဂုဏ်ထူးဝိသေသများကို ဘုန်းကြီးတို့ ပြည့်စုံလင်အောင် ထုတ်ပြနိုင်ဖို့ မလွယ်ပါဘူး။ ဘုန်းကြီးတို့ ထုတ်ပြလျှင် မြင့်မိုရ်တောင်နား၊ သဲပွင့်များ ထားသလို မထင်မရှားဘဲ ဖြစ်ပါလိမ့်မည်။

သို့ပေမဲ့ ပူဇော်လိုသော စိတ်ထားဖြင့် စွမ်းအားရှိသမျှ (၂၇) ပါးသော အံ့ဖွယ်များကို ထုတ်ပြပူဇော်ပါမည်။

### ၁-သူငယ်ဘဝ ပထမအံ့ဖွယ်

စာပေမအံ၊ အချိန်တန်၊ စာပြန်ပြနိုင်တာ။

သူငယ့်ဘဝ၊ ထူးခြားလှ၊ ပဌမအံ့ဖွယ်ရာ။

တိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ အလောင်းအလျာ မောင်ခင်ကို အဘိုးဦးချယ်သည် (၁၂၇၇) ခုနှစ် (၅) နှစ်သားအရွယ်တွင် ကျီးပင်ရွာကျောင်း ဆရာတော် ဦးသာသနထံ ပညာသင်ရန် အပ်နှံပါသည်။

ဆရာတော်ဦးသာသနသည် မောင်ခင်ကို တခြားကျောင်းသားများနှင့်အတူ စာအံစေပါသည်။ တခြားကျောင်းသားများ တညည်စာအံပေမယ့် မောင်ခင်စာမအံဘဲ ဆော့ကစားနေပါသည်။ ဆရာတော် ဦးသာသနသည် စာမအံဘဲ ဆော့ကစားနေသော

www.dhammaransi.com


မောင်ခင်ကိုခေါ်၍ ကြိမ်တစ်လုံးကိုင်ကာ စာပြန်နိုင်းပါတော့သည်။ စာအံနေကြသော ကျောင်းသားများသည် မောင်ခင် စာမရရင် တော့ ဆရာတော့်ကြိမ်လုံးစာ မိတော့မှာပဲဆိုပြီး ရင်တမမနဲ့ သဲထိတ်ရင်ဖို ဖြစ်နေတုန်းမှာပဲ မောင်ခင်သည် အထစ်အငေါ့မရှိ စာပြန်ပြလိုက်ပါတော့သည်။ စာမရလျှင် မောင်ခင်ကို ရိုက်ရန်အားခဲထားသော ဆရာတော်သည် မောင်ခင်ကို တအံ့တသြ ကြည့်ရှုကာ အာဂကောင်ပဲဟု ချီးကျူးရရှာလေသည်။

မောင်ခင်သည် သူများတစ်ခေါက်နှစ်ခေါက်စာသံ ကြားရုံနှင့် စာရပြီးသား ဖြစ်နေပါသည်။ ဆရာတော် ဦးသာသန သက်တမ်း တစ်လျှောက် တစ်ခါမှ မပေါ်ပေါက်ဘူးသော စာမကျက်ဘဲ စာရသော ကျောင်းသားထူး မောင်ခင် ပေါ်ပေါက်လာရခြင်းသည် ဆရာတော် ဦးသာသန ကျောင်းနှင့် မြန်မာနိုင်ငံအဖို့ ထူးခြားလှသော အံ့သြဘနန်း ဖြစ်ရပ်ဆန်းတစ်ခုပင် ဖြစ်ပေသည်။

ကျောင်းလှေကားအနီး ရှောက်ပင်ကြီးပေါ်မှ တစ်လုံးတည်းသော ဆူးကြားထဲမှ ဆူးစူးသဖြင့် သူများမခူးနိုင်ဘဲ ကျန်နေသော ရှောက်ချိုသီးကြီးကို မောင်ခင် အရခူးယူနိုင်ခြင်း၊ မောင်ခင်သည် သံရောင်အမည်ရှိ နွားလားဥသဘကြီးစီး၍ များလှတဲ့ နွားမအုပ်ကြီး ရေတိုက်သွားရာ နွားပေါ်က လိမ့်ကျပါတော့သည်။ မောင်ခင်စီး လာသော သံရောင်နွားလားကြီးသည် မောင်ခင်ကို နောက်ကပါ လာတဲ့ နွားမအုပ်ကြီး မနင်းမိစေရန် ဝမ်းဗိုက်အောက် တည့်တည့်ထား၍ အန္တရာယ်ကို ကာကွယ်ပေးပါသည်။ ထိုသို့ အန္တရာယ်ကို ကာကွယ်ပေးရခြင်းသည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ သူငယ်ဘဝ ထူးခြားလှတဲ့ အံ့ဖွယ်ရာများ ပင်ဖြစ်ပေသည်။

နွားလားဥသဘ သံရောင်ကြီးသာ အန္တရာယ် မကာကွယ်ခဲ့ပါလျှင် ၃၈ ၊ ၅၈နှစ်ပတ်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် တိပိဋကဓရဆရာတော်များ ဖူးမြော်ခွင့် ရကြမည်မဟုတ်ပါ။

www.dhammaransi.com



အရှိန်ညီးညီး ၊ တောက်မည့်မီးကား ရင်းနှီးနဂို၊ သူ့ပင်ကိုက လိုလိုငြိစွဲ၊ တရဲရဲတည်း ဆိုသည့်အတိုင်း ကမ္ဘာကျော် နိုင်ငံကျော် တိပိဋကဓရ ဆရာတော်ကြီးဖြစ်လာမယ့် အလောင်းအလျာ မောင်ခင်၏ ဘုန်းရောင်ကံရောင် ပညာရောင်တို့သည် (၅) နှစ်သားအရွယ် ငယ်စဉ်ကပင် ပြာဖုံးသောမီးခဲ လေခတ်တိုင်း တရဲရဲပေါ်နေသလို ပေါ်လွင်ထင်ရှား၍ နေလေပြီ-

## ၂။ သာမဏေငယ် အံ့သြဖွယ်

သဒ္ဒါသင်္ဂြိုဟ်၊ ကျမ်းထိုထို၊ ပြန်ဆိုခဲ့ပေတာ။
အဋ္ဌကထာ၊ ယောဇနာ၊ ဋီကာအနုကြည့်နိုင်တာ။
သုဝဏ္ဏသာမ၊ အမည်ရ၊ ဓမ္မကျမ်းရွှေစာ။
(၁၄)နှစ်ရွယ်၊ ရွှေဉာဏ်ချယ်၊ အံ့ဖွယ် ဒုတိယာ။

ဆရာတော် အလောင်းအလျာ သာမဏေရှင် ဝိစိတ္တသာရသည် ၁၃ နှစ်၊ ၁၄ နှစ်သားအရွယ်ကပင် သင်္ဂြိုဟ် (၉) ပိုင်း သဒ္ဒါကြီး (၈) စောင်ကို အာဂုံပြန်ဆိုနိုင်ပြီး၊ အဋ္ဌကထာ ယောဇနာနှင့် ဋီကာ အနုမဇ္ဈကျမ်းများကို ကြည့်ရှုနိုင်ခြင်း၊ သုဝဏ္ဏသာမဇာတ်တော် တရားများကို ကဗျာ၊ လင်္ကာများနှင့် တန်ဆာဆင်၍ ရေးသားနိုင်ခြင်းသည် တိပိဋကဓရ ဆရာတော်ဘုရား၏ သာမဏေဘဝ အံ့ဖွယ်ရာပင် ဖြစ်တော့သည်။

## ၃။ ဂုဏ်ထူးသွယ်သွယ်၊ ရဟန်းငယ်၊ အံ့ဖွယ်တတိယာ

ရဟန်းဘဝ၊ သုံးဝါရတွင်၊ သကျသီဟ၊ စာချစာသင်၊
စုံအောင်ပင်၊ အောင်မြင်ခဲ့လေတာ။
နှစ်မခြားဘဲ၊ တစ်ကစွဲ၊ ထူးကဲဝင့်သကာ။
ဝင့်သကာ၊ ရရှိတာ၊ သုံးဖြာအံ့ဖွယ်ရာ။

www.dhammaransi.com


## ဝင်္ဂသကာဘွဲ့၊ အဋ္ဌကထာပြန်အကျော်ဘွဲ့နှင့် ရွှေတံဆိပ်အမျိုးမျိုး ရရှိတော်မူခြင်း

၁၂၈၂ ခုနှစ်တွင် ရှင်ဝိစိတ္တသာရသည် ရဟန်း၁၀ဝါရောက ရှိပြီး ရဟန်း၂ဝါအရတွင် အစိုးရပထမကျော်နှင့် သကျသီဟစာသင် တန်း၊ ရဟန်း၃ဝါအရတွင် သကျသီဟ စာချတန်းကို နှစ်မခြားဘဲ နံပါတ်(၁)က ဆက်တိုက် အောင်မြင်ခဲ့ပါသည်။

သကျသီဟ စာမေးပွဲ စတင်ကျင်းပတဲ့ နှစ်ကစပြီး (၃၁) နှစ် အတွင်း သကျသီဟ စာသင်တန်း၊ စာချတန်းကို နှစ်မခြားဘဲ နံပါတ်(၁)က ဆက်တိုက် အောင်မြင်တဲ့ ပုဂ္ဂိုလ်မပေါ်ပေါက်ဘူးပါ။

မပေါ်ပေါက်ဖူးဘဲ ထူးထူးကဲကဲ လူသတ်ပွဲလို့ နာမည်ကြီး လှတဲ့ သကျသီဟ စာမေးပွဲကို စာသင်တန်း၊ စာချတန်း တစ်ဂဏန်း က နှစ်မခြားဘဲ ဆက်တိုက်အောင်မြင်လို့ မပေးဘူးတဲ့ ဝင်္ဂသကာ ဦးစိုက်ပန်း၊ ဦးဆောက်ပန်း ဆိုတဲ့ ဘွဲ့ထူးကို အသစ်တီထွင်၍ အရှင်ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိ သာသနဟိတ မဟာစရိယ ဝင်္ဂသကာ ဆိုတဲ့ ဘွဲ့ထူးကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။ ဤ ကဲ့သို့ ထူးခြားစွာ အောင်မြင်သော အရှင်ဝိစိတ္တသာရာဘိဝံသကို ရန်ကုန်မြို့ ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးမှ ဂျူဗလီဟောရုံ ကြီးအတွင်း၌ အဋ္ဌကထာ ပြန်ကျော်ဘွဲ့တံဆိပ်နှင့် မြန်မာနိုင်ငံအရပ် ရပ်ရှိ ဘာသာရေးအသင်းဖွဲ့ပေါင်းစုံမှ ရွှေတံဆိပ်အမျိုးမျိုးတို့ကို ခမ်းနားကြီးကျယ်စွာ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဤကဲ့သို့ ဘာသာရေး အသင်းအဖွဲ့များစွာမှ ဘွဲ့တံဆိပ် အမျိုးမျိုးတို့ကို ထူးထူးခြားခြား ဆက်ကပ် လှူဒါန်းခံရခြင်းသည် ဆရာတော်ဘုရားကြီး၏ ရဟန်း၁၀ အံ့ဖွယ်ရာ တစ်ရပ်ပင် ဖြစ် ပေသည်။

ရဟန်း၁၀၊ သုံးဝါရတွင်၊ သကျသီဟ၊ စာချစာသင်။
စုံအောင်ပင် အောင်မြင်ခဲ့လေတာ။

www.dhammaransi.com


နှစ်မခြားဘဲ၊ တစ်ကစ္စဲ၊ ထူးကဲဝင့်သကာ။
ဝင့်သကာ၊ ရရှိတာ၊ သုံးဖြာအံ့ဖွယ်ရာ။

## ၄။ စတုတ္ထအံ့ဖွယ်

## အငယ်ဆုံး မဟာနာယက။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ရဟန်း (၃)ဝါအရတွင် သကျသီဟ စာသင်တန်း၊ စာချတန်းနှင့် စာသင်သား ရဟန်းတော်တို့တတ်သင့်တတ်ထိုက်သည့် ပိဋကတ်စာပေကျမ်းဂန်တို့ကို ဂုဏ်ထူးဝိသေသများနှင့်တကွ ပြီးစီးအောင်မြင်တော်မူပြီး ခေတ်ကာလ အခြေအနေအရ စာသင်ခြင်းကိစ္စ ပြီးဆုံးအောင်မြင်တော်မူခဲ့လေသည်။

ရဟန်း (၇) ဝါအရတွင် ဆရာတော် ဦးပညာစက္က ပျံလွန်တော်မူရာ ပညာပြည့်ဝစွာနဲ့. ဓမ္မနာဒကျောင်းတိုက်ကြီးတွင် ဦးစီးပဓာန၊ မဟာနာယက ဖြစ်တော်မူခဲ့လေသည်။

သက်တော်(၂၇) နှစ်၊ ဝါတော်(၇)ဝါ မျှနှင့် ပညာပြည့်စုံပြီး ကျောင်းတိုက်ကြီးတစ်တိုက်၌ မဟာနာယကဖြစ်ရခြင်းသည်လည်း ကျေးရှူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား၏ ရဟန်းငယ်ဘဝ ထူးခြားလှတဲ့ အံ့ဖွယ်တစ်ရပ်ပင်ဖြစ်ပေသည်။

စာသင်စာချ၊ သုံးဝါရ၊ ပြည့်ဝမြတ်ပညာ။
ဓမ္မနာဒ၊ နာယကာ၊ ဖြစ်ရ(၇) ဝါ။
ရဟန်းဘဝ၊ ထူးခြားလှ၊ စတုတ္ထအံ့ဖွယ်ရာ။

## ၅။ ပဉ္စမအံ့ဖွယ်

## တိပိဋကဓရ စာမေးပွဲ ဖြေဆိုခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၃၁၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက်နေ့၊ တတိယအကြိမ်

www.dhammaransi.com



ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးမှစ၍ ဝင်ရောက်ဖြေဆို တော်မူခဲ့ပါသည်။

## ဝိသိဋ္ဌဝိနယဓရဘွဲ့နှင့် မဟာဝိနယကောဝိဒဘွဲ့ရရှိခြင်း

၁၃၁၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက် ဒုတိယအကြိမ် ကျင်းပတဲ့ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ ဝိနည်း(၅) ကျမ်းကို အာဂုံဆော ရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူ၍ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယ ကောဝိဒ ဘွဲ့တံဆိပ်တော်များကို အလှူခံ ရရှိတော်မူပါသည်။

## ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့နှင့် မဟာအာဘိဓမ္မိကကောဝိဒဘွဲ့ ရရှိတော်မူခြင်း

၁၃၁၃ ခုနှစ် ကျင်းပသော စတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အဘိဓမ္မာ ရှေ့ပိုင်း (၅) ကျမ်းကို အာဂုံဆော၊ သဘောရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူပြီး ၁၃၁၄ ခုနှစ်ကျင်းပသော ပဥ္စမအကြိမ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ အဘိဓမ္မာ နောက်ပိုင်း (၂) ကျမ်းကို အာဂုံဆော သဘောရေးဖြေပါ ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူသည့်အတွက် ဝိသိဋ္ဌအာဘိဓမ္မိက၊ မဟာအာဘိဓမ္မိက ကောဝိဒ ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူပါသည်။

## ဝိသိဋ္ဌဒီဃဘာဏကဘွဲ့နှင့် မဟာဒီဃနိကာယ ကောဝိဒဘွဲ့ရရှိတော်မူခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် ၁၃၁၅ ခုနှစ် သက်တော်(၄၂)နှစ်အရွယ်တွင် ဆဋ္ဌမအကြိမ် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ ဒီဃနိကာယ်သုတ်–သုံးကျမ်းကို အာဂုံဆော၊

www.dhammaransi.com


သဘောရေးဖြေပါ ဂုဏ်ထူးနှင့်ချည်း အောင်မြင်တော်မူသည့်အတွက် ဝိသိဋ္ဌဒီဃဘာဏကဘွဲ့နှင့် မဟာဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များကို အလှူခံ ရရှိတော်မူပါသည်။

## ဝိသိဋ္ဌတိပိဋကဓရဘွဲ့နှင့် မဟာတိပိဋကကောဝိဒဘွဲ့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ကိုရရှိတော်မူခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၃၁၅ ခုနှစ်၊ သက်တော် (၄၂) နှစ်အရွယ် ဆဋ္ဌမအကြိမ် ကျင်းပသော တိပိဋက ဓရ ရွေးချယ်ရေးစာမေးပွဲ၌ ဒီဃနိကာယ်သုတ်-သုံးကျမ်းကို အာဂုံ၊ ရေးဖြေ၊ နှစ်တွေလုံး ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူသည့်အခါ ပိဋကတ်သုံးပုံ အကုန်လုံး အောင်မြင်ပြီး ဖြစ်လို့ ဝိသိဋ္ဌတိပိဋကဓရဘွဲ့၊ မဟာတိပိဋကကောဝိဒဘွဲ့၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်များကို အလှူခံ ရရှိတော်မူပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲသဘင် ကျင်းပစဉ်က ယခုခေတ်မှာ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သည့် ပုဂ္ဂိုလ် မပေါ်ပေါက်နိုင်ဟု ယူဆနေကြသည့် ရဟန်းရှင်လူ ပြည်သူတွေကြားမှာ ပိဋကတ်သုံးပုံကို အထစ်အငေါ့အထောက်အမ မရှိ ရဲရဲတောက် ပြန်ဆိုပြတော်မူနိုင်သဖြင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့မှ တအံ့တသြ ဖြစ်ကြကာ ဦးစွာပထမ ပေါ်ပေါက်လာသည့် အာဒိကမ္မိက တိပိဋကဓရ ဆရာတော်ဘုရားအား ဝမ်းသာအားရချီးကျူးပူဇော်ကြလေသည်။

## ချီးကျူးဖွယ်ရာ ဂုဏ်အင်္ဂါ

ပိဋကတ်သုံးပုံကို သာမန်အောင်မြင်ခြင်းမျိုး မဟုတ်၊ အာဂုံမှာရော ရေးဖြေမှာပါ ဂုဏ်ထူးနှစ်ရပ်နှင့် အောင်မြင်တော်မူခြင်း ဖြစ်သည်။

www.dhammaransi.com



၁၃၁၂ ခုနှစ်၊ တတိယအကြိမ် ကျင်းပသော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ၌ ဝိနည်း (၅) ကျမ်း အာဂုံပြန်ဆိုစဉ်ကလည်း မှော်သနပလ္လင်ပေါ်မှာ ဓမ္မကထိက ဆရာတော်တစ်ပါး ကျေညက်စွာ လေ့ကျက်ထားသော တရားဓမ္မ များကို သရဘည အသံတော်ဖြင့်ဟောတော်မူသလို သာယာငြိမ့်ညောင်း နာပျော်ကောင်းသော အသံတော်ဖြင့် ပိုင်ပိုင်နိုင်နိုင် တစ်တစ်ခွခွ ပြန်ဆိုပြတော်မူခဲ့သည်။

သာယာငြိမ့်အေးသော အသံ၊ တည်ငြိမ်ခန့်ညားလေးစားဖွယ်ဩဇာဂုဏ်အပြည့်ပါသော အသံတော်ဖြင့် တိပိဋက ပြန်ဆိုနေသံကို ကြားကြရတဲ့ ရဟန်းရှင်လူ ပြည်သူများစွာတို့သည် ရင်သပ်ရှုမောတအံ့တဩ ဖြစ်ကြရသည်။ ကြည်ညိုမဆုံး တပြုံးပြုံးနဲ့ နှလုံးရွှင်မြူး ကြည်နူးနေကြသည်။ သာသနာ့အတွက် အားတက်ဂုဏ်ယူကြသည်။

ဂိုဏ်းအသီးသီးမှ ကြွရောက်တော်မူကြပြီး နာကြားကြသော ဆရာတော်ကြီးများတို့သည် ဦးဝိစိတ္တသာရအကြောင်း ထောက်ခံစာ အမျိုးမျိုးရေးသားကြသည်။

ပေဿကျားမြွက်ဓာနည်၊ သာကီမျိုးဓာတ်၊ ပိဋကတ်ဉာဏ်ရောင်၊ ပစ်တိုင်းထောင်ပါပေသည် ဟူ၍ ချီးကျူးကြသည်။

နိုင်ငံခြား တိုင်းပြည်အသီးသီးမှ သံဃာယနာတင်ရန် ကြွလာ ကြသော ဆရာတော်ကြီးများကလည်း ဓမ္မဒီပေပိ နတ္ထိ၊ လက်ာဒီပေပိ နတ္ထိဟူ၍ ချီးကျူးကြသည်။

## ဘိုးစိန်ကြီးက ချီးကျူးရ

အဆိုကောင်း အငိုကောင်း အသံပိုင်နိုင်ပါသည်ဟု နာမည်ကြီးလှသည့် သဘင်ဥသျှောင် ဝဏ္ဏကျော်ထင်ဘွဲ့ရ ဘုရားဒကာကြီး ဦးဘိုးစိန်ကလည်း ဆရာတော် တိပိဋက ပြန်ဆိုတာကိုနာကြားရင်း ကောင်းလိုက်တာ ကောင်းလိုက်တာဟူ၍ ချီးကျူးပြီး လက်ဖျားခါယူရသည်။

www.dhammaransi.com



ဆရာတော် တိပိဋကက ပြန်ဆိုပြီး ခေတ္တ အနားယူတဲ့အခါ ဆရာတော်ထံ ချဉ်းကပ်ပြီး ဆရာတော်စည်းဝါး နားလည်ပါသလား ဘုရားဟု လျှောက်ထားရာ ဘာပြုလို့တုန်း ဒကာကြီးလို့ ဆရာတော် ကပြန်မေးတဲ့အခါ – ဆရာတော် စာပြန်ပုံက စည်းဝါးကို မိနေတာပဲ ဘုရားဟု လျှောက်ထားသည်။

## သီဟဂတိကနည်းပြန်ဆိုခြင်း

တိပိဋက စာထောက်စာမ ဆရာတော်များထဲတွင် အဆန်း တကြယ် မေးမြန်းတတ် ပြန်ဆိုနိုင်းတတ်သည်ဟု နာမည်ကြီးသော ဘုံပျံဆရာတော် ဘဒ္ဒန္တ ပညာသာမိမထေရ်မြတ်သည် ဆရာတော် ပြန်ဆိုသော ပလ္လင်သို့ အလှည့်ကျ ရောက်ရှိလာရာ သိက္ခာပုဒ်အစဉ် ကို အနုလုံမှ ပဋိလုံအပြန်နိုင်းခြင်း၊ သိက္ခာပုဒ်တစ်ခုကျော်၊ နှစ်ခု ကျော် ခုန်ကျော်ပြန်နိုင်းခြင်း၊ ရှေ့တစ်ပုဒ်ကျော်လိုက်၊ နှစ်ပုဒ်ကျော် လိုက်၊ နောက်ပြန်ခုန်ကျော်ပြန်နိုင်းလိုက်နှင့် ရှေ့နောက်ခုန်ကျော် သည့် သီဟဂတိနည်းဖြင့် ပြန်နိုင်းသည်ကိုလည်း မဆိုင်းမတွ မညည်းမညူ ပြန်ဆိုပြတော်မူသည်။ ဤသို့ ပြန်ဆိုနိုင်းနေစဉ် ဥက္ကဋ္ဌ ခြောက်ထပ်ကြီးဆရာတော် ကြွလာပြီး ဤမျှဆို တော်ကြ၊ အဆန်းတွေထွင် ထင်သလို မနိုင်းကြနဲ့ဟု မိန့်တော်မူပြီး တားမြစ် တော်မူရသည်။

ဤကဲ့သို့ ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကြီးကို မြင့်သူ ကြားသူ ရဟန်းရှင်လူ ပြည်သူအများကို ရင်သပ်ရှုမောအံ့သြမဆုံး တပြုံးပြုံးနှင့် ဖြစ်အောင် ပြန်ဆိုပြနိုင်ခြင်းသည် ဆရာတော်ဘုရား ကြီးရဲ့ တိပိဋကပြန်ဆိုရာ၌ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။

တိပိဋက ပြန်ဆိုက ထောက်မ လွတ်ကင်းတာ။
အာဂုံရေးဖြေ၊ ဤနှစ်ထွေ၊ ရလေဂုဏ်ထူးသာ။
မကြုံစဘူး၊ ပုဂ္ဂိုလ်ထူး၊ ရှေးဦးထွက်ပေါ်လာ။
တိပိဋက၊ ထူးခြားလှ၊ ပဌမအံ့ဖွယ်ရာ။

www.dhammaransi.com



## ၆-ဆဋ္ဌမအဲ့ဖွယ်
## သံဂါယနာအံ့ဖွယ်ရာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ကောဇာနှစ် ၁၃၁၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများမှ စာတတ်ပေတတ် ကျမ်းဂန်တတ် အကျော်အမော်ဆရာတော်များ အကုန် ပင့်ဖိတ်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း ကျင်းပတဲ့ ဆဋ္ဌသံဂါယနာပွဲသဘင်ကြီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကြုံတွေ့ပါတော့သည်။

ဆဋ္ဌသံဂါယနာ တင်ပွဲတွင် ပဌမသံဂါယနာတင်စဉ်က အရှင်အာနန္ဒာနှင့် အရှင်ဥပါလိတို့ ဆောင်ရွက်တော်မူခဲ့ကြတဲ့ သံဂါယနာဝိသဇ္ဇက သံဂါယနာအဖြေတာဝန် ဆောင်ရွက်ရန်ထေရဝါဒငါးနိုင်ငံ ပိဋကတ်အကျော် ဆရာတော် သံဃာတော်များကို ရွေးချယ်စိစစ်တော်မူကြပါသည်။

ထိုဆရာတော်များထဲမှ ဆဋ္ဌသံဂါယနာ အဖြေတာဝန်ကို အစအဆုံး ဆောင်ရွက်နိုင်မယ့် ဆရာတော်ကို မတွေ့မမြင်၊ ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကိုသာ ရွေးချယ်တာဝန်ပေးရပါတော့သည်။ ထိုအချိန် သက်တော် (၄၅) နှစ်မျှသာရှိသေးသော ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားသည် သံဃာတော်မှ ပေးအပ်လာသည့် ဆဋ္ဌသံဂါယနာ အဖြေတာဝန်ကို မေ့ကထိကဆရာတော်တစ်ပါး တရားဟောကြားတော်မူသလို သာယာငြိမ့်ညောင်း နားပျော်ဖွယ်ကောင်းသော သရာဘည အသံတော်ဖြင့် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး မေးသမျှကို အံ့ဩဖွယ်ကောင်းအောင် ဖြေဆိုတော်မူခဲ့ပါသည်။

www.dhammaransi.com


## တာဝန်များသော ဆရာတော်

ဆရာတော်ဘုရားကြီး ဆောင်ရွက်တော်မူခဲ့သည့် တာဝန်များမှာ–

၁။ သာသနာနှစ် ၂၄၉၈ ခုနှစ်မှ ၂၅၀၀ ပြည့် ကောဇာနှစ် ၁၃၁၆ ခုနှစ်မှ ၁၃၁၈ ခုနှစ်တိုင်အောင် သန္နိပါတ ငါးကြိမ်ပြုလုပ်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်တော်၌ ပါဠိတော်အဖြေတာဝန်ကို အစအဆုံး ဆောင်ရွက်တော်မူခဲ့ပါသည်။

၂။ ၁၃၁၈ ခုနှစ်မှ ၁၃၂၀ ခုနှစ်ထိ သန္နိပါတ ၄ ကြိမ် ကျင်းပပြုလုပ်သည့် အဋ္ဌကထာ သံဂါယနာတင်ရာ၌ ဖြေဆိုတော်မူခြင်း။

၃။ ၁၃၂၀–ခုနှစ်မှ ၁၃၂၂ ခုနှစ်ထိ သန္နိပါတ ၂ ကြိမ် ပြုလုပ်သည့် ဋီကာသံဂါယနာ တင်ရာ၌ ဖြေဆိုတော်မူခြင်း။

၄။ ဆဋ္ဌသံဂီတိမွေဝိသဇ္ဇနက ဆဋ္ဌသံဂါယနာအဖြေ။

၅။ ဆဋ္ဌသံဂီတိကာရက ဆဋ္ဌသံဂါယနာကာရကသံဃာ။

၆။ ဆဋ္ဌသံဂီတိဘာဏက ဝိနည်းမဟာဝဂ္ဂ ပါဠိတော်ဘာဏက။

၇။ ဆဋ္ဌသံဂီတိဘာရနိတ္ထာရက ဆဋ္ဌသံဂါယနာဝန်ဆောင်။

၈။ ဆဋ္ဌသံဂီတိပါဠိဝိသောဓက ဆဋ္ဌသံဂါယနာ ဝိနည်းမဟာဝါမူလပထမ သုတ်သင်ခြင်း။

၉။ ဆဋ္ဌသံဂီတိပါဠိပဋိဝိသောဓက၊ ဆဋ္ဌသံဂါယနာပါဠိတော်ကို တစ်ဖန် ထပ်မံ၍ သုတ်သင်ခြင်း။

၁၀။ ဆဋ္ဌသံဂီတိသြသာန သောဓေယျပတ္တပါဠကေ ဆဋ္ဌသံဂါယနာ စာမူများကို နောက်ဆုံးသုတ်သင်ခြင်း။

၁၁။ အဋ္ဌကထာ သံဂီတိကာရက၊ အဋ္ဌကထာသံဂါယနာကာရကသံဃာ။

www.dhammaransi.com



၁၂။ ဋီကာသံဂီတိကာရက၊ ဋီကာသံဂါယနာကာရကသံဃာဟူသည့် သာသနာ တာဝန်ကြီးတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ပိဋကတ်သုံးပုံကို နောက်ဆုံးအတည်ပြုသုတ်သင်တော်မူရသည့် ဩသာနသောဓေယျပတ္တပါဠက တာဝန်ကြီးကို အခြားအဖွဲ့ဝင် သံဃာတော် ၂၀ ကျော်ရှိသော်လည်း ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရား တစ်ပါးတည်းသာ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း တာဝန်ယူ၍ ဆောင်ရွက်တော်မူခဲ့ပါသည်။

## ဆရာတော်ခံယူချက်

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားသည် လောဘ၊ ဒေါသ၊ မာန်မာန စတဲ့ ကိလေသာကို အခြေခံ၍ အနိုင်ယူရတဲ့ လောကရေးရာနှင့်ပတ်သက်လာလျှင် အနိုင်မယူ အရှုံးပေးတော်မူ လေ့ရှိပါသည်။

လောကရေးရာ အရှုံးပေးပေမယ့် ဓမ္မရေးရာနှင့်ပတ်သက်လာလျှင် ဘယ်အခါမှ အရှုံးမပေးပါ။

ဆရာတော်ဘုရားသည် သံဂါယနာတင်စဉ်က ပေဋကောပဒေသကျမ်းကို သံဂါယနာမတင်သင့်ကြောင်း အချက်အလက်များစွာနှင့် သက်ဆိုင်ရာသို့ တင်ပြရာ မအောင်မြင်ခဲ့ပါ။

ပေဋကောပဒေသကျမ်း ပုံနှိပ်ရာ၌ ဆရာတော်အား နိဒါန်းရေးပေးပါရန် လျှောက်ထားတောင်းပန်သည့်အခါ နိဒါန်းရေးပေးပါက ပေဋကောပဒေသကျမ်း သံဂါယနာတင်ရေး ထောက်ခံအားပေးရာရောက်မည်ဖြစ်၍ လုံးဝရေးမပေးပါ။

ထို့ကြောင့် စာအုပ်ထွက်လာသည့်အခါ တခြားကျမ်းများ၊ နိဒါန်းပါပေမယ့် ပေဋကောပဒေသကျမ်း နိဒါန်းမပါတော့ပေ။

www.dhammaransi.com


ဤဖြစ်ရပ်ကား သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် အလွန်ရဲရင့်ပြတ်သားသော ဆရာတော်ဘုရား၏ ဆုံးဖြတ်ချက်ပင် ဖြစ်ပေသည်။

သံဃာယနာ၊ တင်ကြရာ၊ ကောင်းစွာ ဖြေဆိုတာ။
တာဝန်ကိုးရပ်၊ ထမ်းဆောင်လတ်၊ မပြတ်နေ့စဉ်သာ။
သူများမစွမ်း၊ ထေရ်ရဲ့ဝန်ထမ်း၊ ခြောက်ခန်းအံ့ဖွယ်ရာ။

## ၇။ သတ္တမအံ့ဖွယ်

### ၇။ ဗုဒ္ဓဝင်ကျမ်း အံ့မခန်း

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက အပြည့်အစုံဆုံး မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြုစုပါရန် သုံးကြိမ်တိုင်တိုင် လျှောက်ထားမှ-

၁။ စေတနာ့ဝန်ထမ်း အဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင်လည်းကောင်း။

၂။ ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့် မပတ်သက်လျှင်လည်းကောင်း။

၃။ မိမိတတ်စွမ်းသမျှ စာပေကိစ္စတွင်သာ ဦးစီးဆောင်ရွက်ခွင့်ရလျှင်လည်းကောင်း ရေးသားပါမည်ဟု မိန့်ကြားသည့်အခါ ၎င်းမိန့်ကြားချက်ကို အစိုးရက သဘောကျကြည်ညို လွန်းလှသဖြင့် ဆရာတော်ဆန္ဒအတိုင်းပါဘုရားဟု လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ဘုရားသည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍ ဆဋ္ဌသံဂါယနာကို ရည်ရွယ်လျက် အတွဲခြောက်တွဲ မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်လျက် အုပ်ရေရှစ်အုပ် စာမျက်နှာ ငါးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျက်နှာရှိသည့် နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ခမ်းနားစွာ ရေးသားပြုစုခြင်းသည် အံ့ဖွယ်တစ်ရပ်ပင်ဖြစ်ပါသည်။

www.dhammaransi.com



ပိဋကတ်သုံးပုံ၊ ကျမ်းအစုံ၊ အကုန်ထုတ်နုတ်ခါ။
ဗုဒ္ဓဝင်ကျမ်း ပြုနိုင်စွမ်း အံ့မခန်းသတ္တမာ။

### ၈။ အဋ္ဌမအံ့ဖွယ်

#### တရားဟောရာအံ့ဖွယ်–

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည်း၊ လှေ၊ ဆိုက္ကား၊ ရထား၊ ထွန်စက်စသော ယာဉ်အမျိုးမျိုးနှင့် တောရောမြို့ပါ ကြွရောက်တော်မူ၍ တရားပွဲပေါင်း တစ်သောင်းခွဲခန့် ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ ဟောကြားရာတွင် မည်သည့် ဆရာတော်မှ မဟောကြားသည့် ပါဠိတစ်ချက် အနက်တစ်ခါ မြန်မာပြန် တစ်မျိုးဖြင့် ပါဠိတော် ဟောစဉ် နည်းသစ်တီထွင် ဟောကြားတော်မူခဲ့ပါသည်။

မစိုးရိမ် ဆရာတော်ကြီး တိုက်တွန်းချက်အရ ဇာတကပါဠိတော်များကို လွယ်သည်ခက်သည် သဘောမထားဘဲ အစဉ်လိုက် ဟောကြားတော်မူခဲ့ပါသည်။ ဂါထာပေါင်း တစ်ထောင်ကျော်ရှိသော ဝေဿန္တရာဇာတ် ပါဠိတော်ကြီးကိုလည်း ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ ဟောကြားနိုင်ခြင်းသည် အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပါသည်။

တရားဟောဖော်၊ ပါဠိတော်၊ မကျော်စဉ်တိုင်းသာ။
လွယ်လွယ်ခက်ခက်၊ စဉ်မပျက်၊ ဟောမြွတ်နိုင်စွမ်းတာ။
ပါဠိဟောစဉ်၊ အစထွင်၊ ထေရ်ရှင်ဟောခဲ့တာ။
ဟောပြောရာဝယ်၊ လွန်ဆန်းကြယ်၊ အံ့ဖွယ်အဋ္ဌမာ။

### ၉–နဝမအံ့ဖွယ်

#### သာသနာပြုအံ့ဖွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် တောရောမြို့ပါ နေရာဒေသမရွေး မြန်မာပြည် အရပ်ရပ်

www.dhammaransi.com



သို့လှည်း၊ လှေ၊ ကား၊ ရထား၊ ထွန်စက် စသော ယာဉ်အမျိုးမျိုးနှင့် နံ့စပ်အောင် ကြွရောက် သာသနာပြုမှုခဲ့ပါသည်။ သာမန်ဓမ္မကထိကများ မကြွရောက်လိုသော တောရွာဒေသများသို့ မညည်းမညူ သွားရောက် သာသနာပြုတော်မူခဲ့ပါသည်။

ဤသို့ သာသနာပြုတော်မူနိုင်ခြင်းသည် ဆရာတော်ဘုရားကြီး၏ သာသနာပြုအံ့ဖွယ်ရာ ဂုဏ်တစ်ရပ်ပင်ဖြစ်သည်။

လှည်း လှေ ကား ယာဉ်၊ ရထားယာဉ်၊ မြင်းယာဉ် စီးလို့သာ။

တောရောမြို့ပါ သာသနာ၊ ကောင်းစွာပြုခဲ့တာ။

မြန်ပြည်အရပ်ရပ်၊ အထပ်ထပ်၊ အနံ့စပ်သာသနာပြု ခဲ့တာ။

သာသနာပြုရာ၊ အံ့ဖွယ်ရာ၊ ကိုးဖြာမှတ်လေပါ။

## ၁၀။ ဒသမအံ့ဖွယ်

### သံဃာတိုင်းက လေးစားသည့် ဆရာတော်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကို သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသော ဂိုဏ်းကြီး ၉ ဂိုဏ်းမှ သံဃာတော်တိုင်းက ညွှတ်ကိုင်း ရှိသေကြပါသည်။ ထိုသို့ ဂိုဏ်းအသီးသီးမှ သံဃာတော်များ၏ ရိုသေလေးစား ခံရခြင်းသည် အံ့ဖွယ်တစ်ပါး ဖြစ်ပါသည်။

ဂိုဏ်းကြီး (၉) ဂိုဏ်း၊ သံဃာတိုင်း၊ ညွှတ်ကိုင်းရိုသေတာ။

တိပိဋက၊ မပါက၊ လုံးဝမဖြစ်ပါ။

သံဃာထေရ်ထူး၊ တွင်းရေးမှူး၊ ချီးကျူးအံ့ဖွယ်ရာ။

သံဃာတော်က၊ တောင်းပန်ရ၊ ဒသမအံ့ဖွယ်ရာ။

## ၁၁။ ဘွဲ့တံဆိပ် အများဆုံးပိုင်ရှင်

ဆရာတော်ဘုရားကြီးသည် ဘွဲ့တံဆိပ်တော်ပေါင်း သုံးဆယ်ခန့်တို့ကို အလှူခံတော်မူရပါသည်။ ထိုသို့ ဘွဲ့တံဆိပ်တော်

www.dhammaransi.com



ပေါင်းများစွာကို အလှူခံရခြင်းသည် ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်တစ်ရပ်ဖြစ်ပါသည်။

ဘွဲ့တံဆိပ်တော်၊ သုံးဆယ်ကျော်၊ လှူတော်ခံရတာ။
ဘွဲ့ထူးများစွာ၊ ရရှိတာ၊ မှတ်ပါအံ့ဖွယ်ရာ။
ဘွဲ့ပေါင်းများစွာ၊ ရရှိတာ၊ ဆယ့်တစ်ဖြာအံ့ဖွယ်ရာ။

## ၁၂။ ဘွဲ့ထူးခံရာ အံ့ဖွယ်ရာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သာသနာ့သမိုင်းတွင် ရဟန်းသံဃာတစ်ပါးမှ အလှူမခံရသေးခင်–

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင်္ဂသကာဘွဲ့။
ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရဘွဲ့။
ဗုဒ္ဓသာသန မဟာတိပိဋကကောဝိဒ။
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိကဘွဲ့။
ဆဋ္ဌသံဂီတိဝိသဇ္ဇကဘွဲ့။
အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့။

စသော အဆင့်မြင့် ဘွဲ့ထူး ဂုဏ်ထူးများကို တပါးသော ရဟန်းသံဃာတို့ အလှူမခံရသေးခင် ရှေးဦးစွာ (အာဒိကမ္မိက) ဦးဦးဖျားဖျား ထူးထူးခြားခြား အလှူခံတော်မူရခြင်းသည် ဆရာတော်ဘုရားကြီး၏ ဘွဲ့ထူးဂုဏ်ထူး အလှူခံတော်မူရာ၌ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။

တိပိဋက၊ ဦးစွာရ၊ တစ်ဝဝင်္ဂသကာ၊
အဘိဓဇ၊ ဦးစွာရ၊ ထူးလှဒို့ဆရာ၊
ဘွဲ့ထူးခံရာ၊ ရှေးဦးစွာ၊ မှတ်ပါအံ့ဖွယ်ရာ။

www.dhammaransi.com



## ၁၃။ အပူဇော်ခံအံ့ဖွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဝဋ္ဋသကာဘွဲ့၊ တိပိဋကဓရဘွဲ့များကို ရရှိတော်မူသည့်အချိန်မှစ၍ တိုင်းပြည်မြို့နယ်ရွာ-ရပ်ကွက် အသီးသီးမှ ထူးထူးခြားခြား စည်ကားသိုက်မြိုက်စွာ တိပိဋကဓရ ပူဇော်ပွဲကြီးများကို ကျင်းပပူဇော်ကြပါသည်။ ငွေရတုပူဇော်ပွဲ၊ ငွေရတု၏ ငွေရတု ပူဇော်ပွဲ၊ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု ပူဇော်ပွဲ အဂ္ဂပူဇော်ပွဲ၊ အဘိဓဇ ပူဇော်ပွဲ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ပူဇော်ပွဲ၊ နောက်ဆုံး သိန်းနှစ် ရာကျော်အောင် တိုင်းပြည်မှ လှူဒါန်းပူဇော်သည့် အန္တိမဈာပန ပူဇော်ပွဲကြီးကို ထူးထူးကဲကဲ အံ့သြဖွယ် ချီးမြှင့်ပူဇော်တော်မူကြပါသည်။

ဆရာတော်၏ ဘဝ တစ်သက်တာသည် ပူဇော်ပွဲနှင့်စ၍ ပူဇော်ပွဲနှင့် နိဂုံးချုပ်တော်မူလေသည်။ ဤသို့ တစ်ဘဝ တစ်သက်တာလုံး ထူးခြားစွာ ပူဇော်ခံခြင်းသည်လည်း ဆရာတော်ဘုရားကြီး၏ အများနှင့်မတူ ထူးခြားသော အံ့ဖွယ်တစ်ရပ်ပင်။

တိုင်းပြည်မြို့ရွာ၊ အဖြာဖြာ၊ ကောင်းစွာပူဇော်တာ။
ပတ္တမြားရတု၊ စိန်ရဘု၊ ရတုရွှေငွေသာ။
ပူဇော်ခံတာ၊ အံ့ဖွယ်ရာ၊ မှတ်ပါဆယ့်သုံးသာ။

## ၁၄။ အလှူတော်ခံအံ့ဖွယ်

မြန်မာပြည်အရပ်ရပ်ရှိ စေတနာရှင် အမျိုးသားတို့သည် မင်းကွန်း တိပိဋကဓရ ဆရာတော်နဲ့မှ ရဟန်းခံရှင်ပြု စသော ကုသိုလ်ကောင်းမှုကို ပြုလုပ်လှူဒါန်းချင်ကြသည်။

ရန်ကုန်၊ မန္တလေး၊ ပရိယတ္တိသာသနာ တက္ကသိုလ်ကြီးများ အတွက် လှူဒါန်းကြရာ၌လည်း တိပိဋကဓရ ဆရာတော် ရေစက်ချ အနုမောဒနာ တရားဟောမှ လှူဒါန်းချင်ကြသည်။ တိပိဋကဓရ

www.dhammaransi.com



ဆရာတော်နှင့် လျှုဒါန်းရလျှင် ရာထောင်သိန်းသန်း ကုန်ခန်းသော်လည်း ကုန်ခန်းသည် မထင်၊ အားရဝမ်းသာ သဒ္ဓါဖြစ်ပွား အပရစေတနာ ဖြစ်ပွားနေကြပါသည်။

ဤကဲ့သို့ စေတနာရှင် အများတို့၏ တိပိဋကဓရ ဆရာတော်ဘုရားကြီးအား လျှုဒါန်းရာ၌ သိန်းသန်းကုန်သော်လည်း လျှုဒါန်း လို့မရောင့်ရဲနိုင်ခြင်းသည် ကျေးဇူးကြီးမားသော မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အလှူတော်ကို ခံယူရာ၌ ထူးခြားသည့် အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပါသည်။

တိပိဆိုမှ၊ လှူချင်ကြ၊ များလှလှူဖွယ်ရာ။
တိပိကျောင်းကို၊ တက္ကသိုလ်၊ တိပိဆိုမှ လှူချင်တာ။
အလှူခံမှာ၊ အံ့ဖွယ်ရာ၊ မှတ်ပေါ့ဆယ့်လေးသာ။

## ၁၅။ မင်းအဆက်ဆက်-ခေတ်အဆက်ဆက် အကြည်ညိုခံရခြင်း

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မင်းအဆက်ဆက် လေးစားကြည်ညိုမှုကို ခံယူတော်မူရသည့် အတွက် တစ်သက်တာလုံး သာသနာတော်ကို ထူးခြားစွာ ပြုတော်မူနိုင်ခဲ့လေသည်။

ထိုသို့ သာသနာပြုနိုင်ရန် မင်းဆက်များစွာ အကြည်ညိုခံရခြင်းသည်လည်း ဆရာတော်ဘုရားကြီး၏ ထူးခြားသည့် အံ့ဖွယ်တစ်ရပ်ပင်။

မင်းအဆက်ဆက်၊ ကြည်ညိုလျက်၊ မပျက်သာသနာ။
မင်းဆက်များစွာ၊ ကြည်ညိုတာ၊ အံ့ရာဆယ့်ငါးဖြာ။

www.dhammaransi.com


## ၁၆။ အံ့လိုနည်းတာ အံ့ဖွယ်ရာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သာသနာရေး၊ ဘာသာရေးတို့ကို ဘုရားအလောင်းပညာရှိ သူတော်ကောင်းကြီးတွေကို သူမတူအောင် ထူးချွန်သော လုံ့လဝီရိယများဖြင့် လုပ်ကိုင်ဆောင်ရွက်တော်မူသည်။ ဆရာတော်ဘုရားကြီး၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို တွေ့မြင်ကြသော ရဟန်းရှင်လူ ပြည်သူများတို့သည် ဆရာတော်ဘုရားကြီးကို သမ္မာသမ္ဗောဓိဆုကြီးပန် အလောင်းတော်ကြီးဟု မှတ်ထင်ကြသည်။

သို့ပေမယ့် ဆရာတော်ဘုရားကြီးသည် ဒုတိယဘဝမှာ တာဝတိံသာ နတ်ပြည်၌ ဓမ္မဓရ အမည်ရသော သောတာပန်နတ်သားဖြစ်၍ ဤဘုရား သာသနာတော်အတွင်းမှာပင် ပကတိသာဝက အဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန် ဆုပန်ထားလေသည်။

### မိုးမိတ်ကုန်းမြေ ငွေရတုသြဝါဒ
### ကျောက်စာ(က) ကြောင်းရေ (၁၀)မှ ဆရာတော်ဘုရားကြီး၏ ဆုပန်ချက်

ဘုန်းကြီးရဲ့ ဆုပန်ချက်ကတော့

ဒုတိယေ အတ္တဘာဝမှိ၊ လဒ္ဓါ သပ္ပညာ နိဿယံ။

ဓမ္မဓရောတိ နာမေန၊ သောတာပန္နော မရူ ဘဝေ။

ဒုတိယ ကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိတို့ကို အမှီရပြီး ဓမ္မဓရ ဟူသောအမည်ဖြင့် သောတာပန် နတ်သားဖြစ်ရပါလို၏လို့ ဆုတောင်းပါတယ်။ ဤဘုရားသာသနာတော်မှာပင် ကျွတ်တမ်းဝင်ရပါလို၏လို့ ဆုတောင်းပါတယ်။

ဆောင်ပုဒ်နဲ့ ပြန်စပ်ပြီး ပြောရမယ်ဆိုရင် အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်းကို လိုချင်တဲ့ ပုဂ္ဂိုလ် မိမိဆောင်ရွက်ချက်က သမ္မာသမ္ဗောဓိ ဆုကြီးပန် ပုဂ္ဂိုလ်များလို ဆောင်ရွက်ပြီးတော့ လိုချင်တဲ့

www.dhammaransi.com


ဆုကဖြင့် သာ၀ကဗောဓိဆုမှ ပကတိ သာ၀က ဗောဓိဆုလောက် သာ လိုချင်ပါတယ်၊ ဒါဘုန်းကြီးရဲ့ ခံယူချက်ပါပဲ။

ဗောဓိဉာဏ်ရောင်၊ ရင့်သန်အောင်တည့်၊ တောင်ဝေပုလ္လ၊ ပဗ္ဗတမှ၊ စက္ကဝတ်ဖျား၊ မင်းတရား၏၊ ပတ္တမြားရတနာ၊ ကဲ့ပမာလျှင်၊ သဒ္ဒါလုလု၊ ဆည်းပူးပြုသား၊ ကုသိုလ်တော်ကြီး၊ အသီးသီးကြောင့်၊ မင်္ဂလာထီးလေးဆူ၊ ဆင့်ဆင့်ထူ၍၊ နိဗ္ဗူကွန်းပျောက်၊ ကြွင်းမှောက်သို့၊ မြန်းထောက်တစ်ဖိုလ်၊ ရောက်ရလို၏။

ဤကဲ့သို့ အရင်းအနှီး ကြီးကြီးနှင့် အလုပ်များများလုပ်ပြီး အမြတ်အစွန်း နည်းနည်းရလိုခြင်းသည်လည်း ဆရာတော်ဘုရား ကြီး၏ အလိုနည်းရာ၌ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။

အရင်းကြီးကြီး၊ အမြတ်နည်း၊ လိုနည်းအံ့ဖွယ်ရာ။
အလိုနည်းတာ၊ အံ့ဖွယ်ရာ၊ မှတ်ပါဆယ့်ခြောက်ဖြာ။

## ၁၇။ ပြည်သူ့ဆရာ မင်းဆရာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရား ကြီးကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြသော အစိုးရမင်းများနှင့် တိုင်းသူပြည်သား လူအများတို့က ကြည်ကြည်ဖြူဖြူနှင့် ရိုသေလေး မြတ် ကိုးကွယ်ဆည်းကပ်ကြသည်။ ဤသည်လည်း ဆရာတော် ဘုရားကြီး၏ အံ့ဖွယ်တစ်ပါးပင်။

မင်းနှင့်ပြည်သူ၊ ချစ်ကြည်ဖြူ၊ အယူဖြောင့်မှန်စွာ။
ရိုသေလေးမြတ်၊ မြဲမပြတ်၊ ဆည်းကပ်ကြလေတာ။
ပြည်သူ့ဆရာ၊ မင်းဆရာ၊ မှတ်ပါအံ့ဖွယ်ရာ။

## ၁၈။ ကျောင်းတိုက်ကြီးတွေလှူ

မြန်မာပြည် အရပ်ရပ် မြို့ကြီးအသီးသီးတို့၌ ကျောင်းတိုက် ကြီးများ ကမ္မဋ္ဌာန်းဖွင့်လှစ်၍ သာသနာပြုတော်မူကြကုန်သော ဆရာတော်ဘုရားကြီး တို့သည် တစ်သက်တာတွင် ကျောင်းတိုက်

www.dhammaransi.com


တစ်တိုက် နှစ်တိုက်မျှသာ တည်ထောင်တော်မူနိုင်ကြသည်။ မိမိတို့တည်ထောင်သော ကျောင်းတိုက်ပြည့်စုံသည့် အခြေအနေသို့ ရောက်သည်နှင့် ပျံလွန်တော်မူသည်က များကြသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည်ကား-

၁။ ဓမ္မနာဒကျောင်းတိုက်

၂။ တိပိဋကနိကာယကျောင်းတိုက်

၃။ မန္တလေးမြို့နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်

၄။ ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်

တိုက်ကြီး လေးတိုက်ကို တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့သည်။ ထိုကဲ့သို့ အဆင့်မြင့် ကျောင်းတိုက်ကြီး လေးတိုက် ဆောက်လုပ်လှူဒါန်းနိုင်ခြင်းသည် ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပေသည်။

တိနိကျောင်းလို၊ တက္ကသိုလ်၊ ထိုထိုများလှစွာ။
ဓမ္မနာဒ၊ ကျောင်းအစ၊ များလှဆောက်ဦးမှာ။
ကျောင်းတိုက်လေးဖြာ၊ ဆောက်လှူတာ၊ မှတ်ပါအံ့ဖွယ်ရာ။
ကျောင်းတိုက်များစွာ၊ လှူနိုင်တာ၊ အံ့ရာဆဲ့ရှစ်ဖြာ။

## ၁၉။ အလုပ်လုပ်တာ အံ့ဖွယ်ရာ

ဆရာတော်ဘုရားကြီးသည် ဆွမ်း၊ ကွမ်း စသောအာဟာရများကို နည်းနည်းသာ ဘုန်းပေးတော်မူပြီး သာသနာ့ အလုပ်ကိုကား မနားတမ်း တစ်နေကုန် လု ကိုင်ဆောင်ရွက်တော်မူသည်။ ဆရာတော်ဘုရားကြီး ဘုဉ်းပေး သုံးဆောင်တော် မူသော အာဟာရသည် လက်ဖက်ရည်ပန်းကန် တစ်လုံး၊ နှစ်လုံးမျှသာ ရှိသည်။ ဆရာတော်ဘုရားကြီး လုပ်ကိုင် ဆောင်ရွက်သော သာသနာ့အလုပ်သည်ကား သံယာတော် ဆယ်ပါးစာမက လုပ်ကိုင်ဆောင်ရွက်တော်မူသည်။

www.dhammaransi.com



မီးရထား၊ သင်္ဘော၊ ကား ရထား၊ လေယာဉ်ပျံ စသော ယာဉ်အမျိုးမျိုးစီး၍ သာသနာပြု ခရီး ကြွတော်မူရာ၌ ယာဉ်များပေါ် မှာပင် အလကား နေတော်မမူဘဲ သာသနာရေး ကိစ္စများကို လုပ်ကိုင်ဆောင် ရွက်တော်မူသည်။ ၁၃၄၄ ခုနှစ်၊ တပေါင်းလပြည့် နေ့တွင် တရားပွဲကိုးပွဲ ဟောတော်မူသဖြင့် အသံလုံးဝ မထွက်သည့် အခြေအနေသို့ ရောက်ခဲ့ရသည်။ ဤသို့ နည်းနည်းသာ ဘုဉ်းပေး တော်မူပြီး အလုပ်များများလုပ်နိုင်တော်မူခြင်းသည် ဆရာတော် ဘုရားကြီး၏ အံ့ဖွယ်တစ်ပါးပင် ဖြစ်တော်မူပေသည်။

နည်းနည်းသာစား၊ အလုပ်ကား၊ များများလုပ်နိုင်တာ။
များများလုပ်ပြီး၊ ဘုန်းပေးနည်း၊ အံ့ချီးဖွယ်ရာ ဆယ့်ကိုးပါ။
အလုပ်များပြီး၊ အစားနည်း၊ အံ့ချီးဖွယ်ရာ ဆယ့်ကိုးဖြာ။

## ၂၀။ အပြစ်မတင် ဒို့ထေရ်ရှင်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား ကြီးသည် ရဟန်းရှင်လူ တစ်စုံတစ်ယောက်သောသူ၏ အပြစ်ကို မရှုမမြင်တတ်၊ ရဟန်းသံဃာတော်များကို ခွင့်လွှတ်ကြည်ညိုတော် မူတတ်သည်။

ဤသည်လည်း ဆရာတော်ကြီး၏ အံ့ဖွယ်တစ်ပါးပင်ဖြစ် ပေသည်။

ရဟန်းလူရှင်၊ ပြစ်မတင်၊ အမြင်ရှင်းသည့် ဒို့ဆရာ။
ရဟန်းသံဃာ၊ ကြည်ညိုတာ၊ မှတ်ပါ အံ့ဖွယ်ရာ။
ဘုရားသာသနာ၊ ကြည်ညိုရာ၊ မှတ်ပါ အံ့ဖွယ်ရာ။

## ၂၁။ လှူဒါန်းရာဝယ် အံ့ဩဖွယ်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား ကြီးသည် အလှူအတန်း ပြုလုပ်ရာ၌ တင်းတိမ်ရောင့်ရဲခြင်းမရှိပေ။ မင်းကွန်း၊ ထန်းမြင့် စသော ကျေးရွာများမှ ကလေးသူငယ်များကို

www.dhammaransi.com


မုန့်ပေးဝေခြင်းမှ စ၍ မူလတန်းကျောင်း တစ်ဆယ်ကျော်ဆောက်လုပ်လှူဒါန်းခြင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ တိနိ ကျောင်းတိုက်၊ ဓမ္မဒါနကျောင်းတိုက်၊ ရန်ကုန်၊ မန္တလေး၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အဆုံး မြောက်မြားစွာသော လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား များပြားစေရန် သူမတူအောင် အလှူဒါနကြီးများ ပြုလုပ် လှူဒါန်းတော်မူခဲ့သည်။ ထိုသို့ လှူဒါန်းတော်မူနိုင်ခြင်းသည် ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်တစ်ရပ်ပင် ဖြစ်သည်။

ပေးကမ်းစွန့်ကြဲ၊ အလှူပွဲ၊ မရောင့်ရဲတဲ့ ဒို့ဆရာ။
လှူဒါန်းရာဝယ်၊ စုံလင်တယ်၊ အံ့ဖွယ်ကောင်းတဲ့ ဒို့ဆရာ။
အလှူအတန်း၊ အံ့မခန်း၊ ပြုစွမ်းနိုင်တာ အံ့ဖွယ်ရာ။

## ၂၂။ ဖူးမဝသည့် ဒို့ဆရာ

### အံ့ဘွယ်လေးဖြာ အာနန္ဒာ

ရှင်အာနန္ဒာ မထေရ်မြတ်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ညီတော်လည်းဖြစ်သည်။

ဘုရားရှင်ဝါတော် (၂၀) (ပထမဗောဓိ) ကျော်တဲ့အချိန်မှ စပြီး ဘုရားရှင်ကို အမြဲမပြတ် ပြုစုလုပ်ကျွေးခဲ့သော နိဗဒ္ဓုပဋ္ဌာက အမြဲ တမ်းအလုပ်အကြွေး ရဟန်းတော်လည်း ဖြစ်သည်။ ပိဋကတ်သုံးပုံ၊ နှုတ်ငုံဆောင်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက— တရားဘဏ္ဍာစိုးကြီးလည်း ဖြစ်တော်မူသည်။

ဘုရားရှင်ကိုယ်တော်တိုင် ဧတဒဂ်ဆွဲထူး ၅-ခုဖြင့် ချီးကျူးတော်မူရသော ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်တော်မူသည်။

www.dhammaransi.com


ဘုရားရှင် ညီတော် အမြဲတမ်း အလုပ်အကြွေး တရား ဘဏ္ဍာစိုး ဧတဒဂ် ၅-တန် ဘွဲ့ထူးခံတော်မူရသော ရှင်အာနန္ဒာ မထေရ်မြတ်၌ အံ့ဘွယ် ၄-ပါး ရှိသည်။

၁။ ရဟန်းပရိသတ်များ ရှင်အာနန္ဒာ မထေရ်မြတ်ကို ဖူးမြော် ရန်ကြွရောက်တော်မူလာကြသည်။ ဖူးမြော်ရသည့်အခါ နှစ်သက် ဝမ်းမြောက်တော်မူကြသည်။ ဖူးမြော်လို့ အားရတင်းတိမ် သည်မရှိကြပေ။

ရှင်အာနန္ဒာ မထေရ်မြတ်သည် ကြွရောက် ဖူးမြော်ကြသည့် ရဟန်း ပရိသတ်များကို တရားဓမ္မ ဟောကြားချီးမြှင့်တော်မူသည်။ တရားဓမ္မ နာကြားကြရသည့် ရဟန်းပရိသတ်များသည် နှစ်သက် ဝမ်းမြောက်တော် မူကြသည်။ နာကြားလို့ အားရတင်းတိမ်သည် မရှိပေ။

ဘိက္ခုနီ ရဟန်းမိန်းမ ပရိသတ်၊ ဥပသကာ အမျိုးကောင်း သားပရိသတ်များ၊ ဥပါသိကာ-အမျိုးကောင်း သမီးများ လာရောက် ဖူးမြော်တဲ့အခါ မှာလည်း နှစ်သက်ဝမ်းမြောက်ကြသည်။ ဖူးမြော် လို့ အားရတင်းတိမ်သည် မရှိကြပေ။ ရှင်အာနန္ဒာ မထေရ်မြတ်သည် ကြွရောက်ဖူးမြော်ကြသည့် ရဟန်း မိန်းမများနှင့် အမျိုးကောင်းသား အမျိုးကောင်းသားသမီးတို့ကို တရားဓမ္မများ ဟောကြားချီးမြှင့် တော်မူသည်။ တရားဓမ္မ နာကြားကြရသည့် ရဟန်းမိန်းမများနှင့် အမျိုးကောင်း သား/ သမီးများသည် နှစ်သက်ဝမ်းမြောက်ကြသည်။ တရားဓမ္မ နာကြားလို့ အားရတင်းတိမ်သည် မရှိကြပေ။

ရဟန်းသာမဏေ သီလရှင် အမျိုးကောင်းသား အမျိုး ကောင်းသမီးတို့သည် ဆရာတော်ဘုရားကြီးကို ဖူးမြော်ကြသည်ညီ ရတာ အားရတင်းတိမ်သည် မရှိ၊ ဆရာတော်ဘုရားကြီး ဟောကြား သည့် တရားတော်များကိုလည်း နာကြားလို့ အားရသည်မရှိကြပေ။

www.dhammaransi.com


ထိုသို့ ဖူးမြော်ကြည်ညိုသဒ္ဓါပွား နာကြားလို့ အားမရခြင်းသည် ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်တစ်ပါးပင် ဖြစ်ပေသည်။

ပရိသတ်လေးဖော်၊ ရောက်လာသော်၊ ဖူးမြော်မဝသည့်ဒို့ဆရာ။

ထေရ်ရှင်ဟောပြ၊ မြတ်ဓမ္မ၊ နာမဝသည့် ဒို့ဆရာ။

ဖူးရနာရ၊ အားမရ၊ ထူးလှ ဒို့ဆရာ။

## ၂၃။ တိပိနေမင်း မိုက်မှောင်ခွင်း

တိပိဋကဓရ ဆရာတော်ဘုရားကြီးတည်းဟူသော ဘာဝနေမင်းကြီးသည် အမိဒေါ်ဆင်၏ ဝမ်းကြာတိုက်တည်းဟူသော ဥဒည်းတောင်စွန်းက ထွန်းလင်းထွက်ပေါ်လာသည့် အချိန်မှစ၍ မရဏခံတွင်းဇေါ်ယာကျွန်းသို့ ယွန်းကွယ်လေသည့်တိုင်အောင် တစ်ဘဝလုံး ရဟန်းရှင်လူ တိုင်းသူပြည်သား လူအများတို့ရဲ့ သန္တာန်၌ ဖုံးလွှမ်းလျှက်ရှိသော မိစ္ဆာအမိုက်မှောင်ကို ပယ်ခွင်း၍ တရားတည်းဟူသော အလင်းကို ဆောင်တော်မူခဲ့သည်။ ထိုသို့ တစ်ဘဝတစ်သက်တာလုံး အမှောင်ကိုခွင်း၍ အလင်းကိုဆောင်နိုင်ခြင်းသည် ဆရာတော်၏ အံ့ဖွယ်တစ်ပါးပင် ဖြစ်ပေသည်။

ဒေါ်ဆင့်ဝမ်းရည်၊တောင်ဥဒည်း၊ထွန်းကြည်ထွက်ပေါ်လာ။

မရဏခေါ်ညွန်း၊ဇေါ်ယာကျွန်း၊ ယွန်းသည့်တိုင်အောင်သာ။

ဘာဝနေမင်း၊ ရောင်လျှံဝင်း ထွန်းလင်းသာသနာပြုခဲ့တာ။

တိပိနေမင်း၏ မှောင်မိုက်ခွင်း၊ အလင်းဆောင်တာ အံ့ဖွယ်ရာ။

## ၂၄။ အမျိုးချစ်တဲ့ ဆရာတော်

ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သံဃာ့ယနာတင်သည့် အချိန်မှ ပျံလွန်တော်မူသည့် အချိန်အထိ

www.dhammaransi.com


နိုင်ငံခြား သာသနာပြုခရီး ကြွတော်မူရန် အကြိမ်ကြိမ်အခါခါ ပင့်ဆောင်ပါသော်လည်း တစ်ကြိမ် တစ်ခါမျှ ကြွတော်မမူခဲ့ပေ။

ဆရာတော်ဘုရားကြီးသည် နိုင်ငံခြားကို အထင်မကြီးတတ်ပေ။ တစ်ခါက မိုးမိတ် တိနိသံဃာတော်များအား ဆရာတော်ဘုရား အမိန့်ရှိဖူးသည်။ နိုင်ငံခြား သာသနာပြုခရီး ကြွတော်မူရန် ပင့်လျှောက်ကြကြောင်း လေယာဉ် လက်မှတ်ကအစ အစစအရာရာ နိုင်ငံတော်က စီမံပေးမှာဖြစ်လို့ အဆင်ပြေကြောင်း၊ ဒါပေမယ့် ဆရာတော် နိုင်ငံခြားကို မကြွလိုကြောင်း မိန့်ကြားဖူးသည်။

ဦးဇင်းတို့ ...ကိုယ့်ပြည်တွင်းမှာ သာသနာပြုစရာတွေ အများကြီးရှိသေးတယ်။ ကိုယ့်ပြည်တွင်းမှာ နိုင်အောင် သာသနာပြုကြရမယ်လို့ အမိန့်ရှိတော်မူသည်။ ဆရာတော်ဘုရားကြီးသည် ကိုယ့် တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို လွန်စွာ ချစ်မြတ်နိုးတော်မူသည်။ ဒါကြောင့် ကျေးဇူးတော်အရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ကိုယ့်တိုင်း ပြည်အတွင်းက နေပြီး ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ကမ္ဘာကျော်အောင် ပြုသွားတော်မူသည်။

ဆရာတော်ဘုရားကြီးလို အမျိုးဘာသာ သာသနာကိုချစ်မြတ်နိုးသော စိတ်ဖြင့် မြန်မာပြည်တွင်းက နေ၍ ကမ္ဘာကျော်အောင် သာသနာကို ပြုနိုင်စွမ်းသော ဗုဒ္ဓသားကျော် ရဟန်းတော်ကား ကမ္ဘာတွင် ရှာမှရှားလို့ အံ့တစ်ပါးပင် ဖြစ်ပေတော့သည်။

နိုင်ငံရပ်ခြား၊ ပင့်သော်ငြား၊ ကြွသွားမပါ ဒို့ဆရာ။
တိုင်းကြီးပြည်ကြီး၊ ထင်မကြီး၊ မျှော်မြင်ကြီးတဲ့ ဒို့ဆရာ။
မြန်မာပြည်ဖွား၊ မြန်မာ့သား၊ ထူးခြားအံ့ဖွယ်ရာ။

www.dhammaransi.com


## ၂၅။ ကမ္ဘာ့အံ့ဖွယ် ပုဂ္ဂိုလ်ထူး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား သည် တိပိဋကဓရ စာမေးပွဲ ဖြေဆိုစဉ်က ဝိနယပိဋက ဝိနည်း (၅) ကျမ်းပါဠိတော်၊ အဘိဓမ္မာ ပါဠိတော် အဋ္ဌကထာ ဋီကာ သဘော ရေးဖြေ–

ပါဠိတော်စာမျက်နှာ ၂၂၆၀
အဘိဓမ္မာရှေ့ပိုင်း (၅) ကျမ်းစာမျက်နှာ ၁၃၉၀
အဘိဓမ္မာနောက်ပိုင်း (၂)ကျမ်း စာမျက်နှာ ၃၅၉၈
ဒီဃနိကာယသုတ်သုံးကျမ်း ၇၇၉
ပိဋကတ်သုံးပုံ စာမျက်နှာစုစုပေါင်း ၈၀၂၇ တို့ကို

အထောက်အမ လွတ်ကင်း အမှားအယွင်းမရှိ နှုတ်တိုက်ရွ အာဂုံဆောင်နိုင်သည့်အတွက်ကြောင့် "ကမ္ဘာ့စံချိန်မှတ်တမ်းများ အမည်ရှိ ကမ္ဘာကျော် စာအုပ်ကြီးထဲမှာ ကျေးဇူးတော်ရှင် တိပိဋက ဓရဆရာတော်ဘုရားကြီးအား ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ဟု မှတ်တမ်းတင်ထားကြပေသည်။

ဤကဲ့သို့မှတ်တမ်းတင်ရလောက်အောင် မှတ်ဉာဏ် ကောင်းခြင်းသည်လည်း ဆရာတော်ဘုရားကြီး၏ မှတ်ဉာဏ်အရာ အံ့ဖွယ် ရာတစ်ရပ်ပင် ဖြစ်ပေသည်။

ကမ္ဘာပေါ်မှာ၊ မယှဉ်သာ၊ သညာကောင်းသည့် ဒို့ဆရာ။
ကမ္ဘာ့အံ့ဖွယ်၊ မှတ်တမ်းဝယ်၊ ခန့်ထည်ဒို့ဆရာ။
ကမ္ဘာပေါ်ဝယ်၊ သိဉာဏ်ကြွယ်၊ အံ့ဖွယ်ဒို့ဆရာ။ ။

## ၂၆။ မင်းတို့မြင်းခြံ နောက်တစ်ခေါက်မလာ

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်နေ့၊ ညနေ (၄) နာရီ မိနစ် (၄၀) အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်၊ ပျံလွန်တော်မမူ

www.dhammaransi.com



ခင် (၄) လအလို သီတင်းကျွတ် လပြည့်ကျော် (၁) ရက်နေ့က မြင်းခြံမြို့နယ် ဓာတိ ကျည်းပင်ရွာသို့ ပြန်ကြွ၍ မိမိဆောက်လုပ်လှူဒါန်းထားသော အစိုးရ မူလတန်းကျောင်းကို ရေစက်ချပြီး အစိုးရ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်တော်မူခဲ့သည်။ ၎င်းမှအပြန် မြင်းခြံမြို့ စွန်းလွန်းကျောင်းတွင် ကထိန်ခင်းသည်။ ၎င်းကထိန်အပြီး သီတင်းကျွတ်လပြည့်ကျော် (၂) ရက်နေ့ ညနေပိုင်းတွင် မိမိ ငယ်စဉ် သာမဏေ ဘဝက သီတင်းသုံး နေထိုင်တော်မူခဲ့သော မင်းကျောင်းတိုက်သို့ ကြွရောက်တော်မူခဲ့သည်။

မင်းကျောင်းတိုက် ရောက်သောအခါ ဦးပဉ္စင်းများကို မေးတော်မူသည်။ 'ဦးပဉ္စင်းတို့ ဦးပဉ္စင်းတို့ကျောင်းမှာ ကထိန်ရှိလား'၊ ဦးပဉ္စင်းများက 'မရှိပါ ဘုရား' ဟု ဖြေသောအခါ ဆရာတော်ဘုရားကြီးသည် ဦးစိန်နားကပ်ကြီး (ဆရာတော်၏ ပဋ္ဌာသမဏ) ကို ခေါ်၍ ဦးပဉ္စင်း မမ္မနာဒကျောင်းတိုက်ကို ပြန်ပြီးတော့ သင်္ကန်းဒွိစုံ (၂၀၀)၊ ထီးအလက် (၂၀၀)၊ ဖိနပ်အရံ (၂၀၀) နှင့် လှူဖွယ်ရာပစ္စည်း ဝတ္ထုများကို ယခု ညတွင်းချင်း ပြန်ယူ၊ မနက်လမ်းရင် အရောက် ပြန်ခဲ့ဟု မှာ၍ လွှတ်လိုက်တော်မူသည်။ ဦးစိန်နားကပ်ကြီးလည်း ဆရာတော်၏ ဩဝါဒအတိုင်း သင်္ကန်း၊ ထီး၊ ဖိနပ် စသော လှူဖွယ် ဝတ္ထုများ ပြန်ယူတော်မူရာ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်နေ့ မနက် ပြန်ရောက်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် မြင်းခြံမြို့ မင်းကျောင်းတိုက်တွင် တစ်ညတာ သီတင်းသုံးနေတော်မူ၍ မြင်းခြံမြို့မှ တိ–နိဥပဋ္ဌာက အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်ဒင်၊ ဦးစိုးလတ် စသော ဒါယကာများကို ခေါ်သည်။ ဆရာတော်ဘုရားအား ငယ်စဉ် သာမဏေဘဝကတည်းက ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသည့် ပစ္စည်းလေးပါးဒါယကာများကို လည်း ခေါ်ခိုင်းတော်မူသည်။ ဆွေမျိုးသားချင်းများ ငယ်ပေါင်း တပည့် ဒါယကာများကို ခေါ်ခိုင်းတော်မူသည်။ တပည့်ဒါယကာ၊

www.dhammaransi.com


ဒါယိကာမများ စုံလင်တဲ့အခါ ဝမ်းပမ်းတသာ တရားစကားများကို ဟောကြားတော်မူသည်။ ဖောရောင်နေသော မိမိခြေဖမိုး နှစ်ဖက်ကို ပြတော်မူသည်။ ထိုအခါ တိနိဥပဋ္ဌာက ဖြစ်ကြတဲ့ ဦးကျော်ဒင်၊ ဦးစိုးလတ် စတဲ့ ဒကာများက လျှောက်ထားကြသည်။ ဆရာတော်ဘုရား ကျန်းမာရေးမကောင်းဘဲ ဘာပြုလို့ ကြွတော်မူတာလဲဘုရား။ ကိစ္စရှိရင် တပည့်တော်များကို ခေါ်ခိုင်းတော်မူပါ ဘုရား။ တပည့်တော်တို့ လာခဲ့မှာပေါ့ဟု လျှောက်ထားတဲ့အခါ 'အေး–ငါမင်းတို့နဲ့ တွေ့ချင်လို့ လာခဲ့တာ။ ငါကြွလာမှ မင်းတို့အားလုံးကို ငါတွေ့ရမှာ။ ငါ မင်းတို့မြင်းခြံကို နောက်တစ်ခေါက် လာနိုင်မှာ မဟုတ်တော့ဘူး။ ငါ့ရောဂါက သာမန် မဟုတ်ဘူး။ ဓာတ်ကြီးလေးပါး ပျက်ပြီး၊ ပထဝီပျက်ပြီး ဖြစ်တဲ့ရောဂါ။ နောက်သုံးလေးလထက် ပိုပြီး 'ငါမနေရတော့ဘူး' ဟု မိန့်ကြားတော်မူခဲ့သည်။

## စာပါလစေတီရင်းမှ ဗုဒ္ဓမိန့်ခွန်းတော်

ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး ဝေသာလီပြည် စာပါလစေတီ ရင်ပြင်တော်၌ မိန့်ကြားတော်မူသည့် စကားတော်ကို သတိရဖွယ် အောက်မေ့ဖွယ် ဖြစ်ပေသည်။ မြတ်စွာဘုရား ဝေသာလီပြည် စာပါလစေတီရင်း သီတင်းသုံးနေထိုင်တော်မူသည့်အခါ မာရ်နတ်လာ၍ ပရိနိဗ္ဗာန် စံဖို့အကြောင်း လာရောက် လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက 'အပ္ပေါဿုက္ကော တွံ ပါပိမ ဟောဟိ နစိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတီတိ'။ ယုတ်မာသော အလိုဆိုးရှိသော မာရ်နတ်... ကြောင့်ကြမဲ့နေလော့ ဤ တပို့တွဲ လပြည့်နေ့မှ နောက်မကြာခင် သုံးလလွန်မြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန် စံတော့မယ်လို့ မိန့်ကြားတော်မူသော ဘုရား

www.dhammaransi.com



စကားတော်နှင့်တူ၍များနေရော့သလား။ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကလည်း မြင်းခြံမြို့မှ ဆွေတော်မျိုးတော်များ၊ ငယ်ပေါင်းကြီးဖက် တပည့်ဒါယကာ၊ ဒါယိကာမများကို ငါ့ရောဂါ အမြစ်ခြောက်နှာ၊ ရေသောက်မြစ်ကဖြစ်တဲ့ ရောဂါ၊ ဆေးဝါး ကုလို့ မရဘူး။ ၃-လ၊ ၄-လထက် ငါမနေရဘူး ဟု မိန့်ကြားတော်မူခဲ့သည်။

သေမည့်ရက်ကို ကြိုတင်၍များ သိနေလေရော့သလား။ ဆရာတော် မိန့်ကြားတော်မူသည့် ၁၃၅၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်နေ့မှစ၍ ရေတွက်သော် ပျံလွန်တော်မူသည့် တပို့တွဲလပြည့်ကျော် (၃) ရက်နေ့သည် (၄)လပြည့်သောနေ့ပင် ဖြစ်ပေသည်။

စုတိဖို့ရန်၊ စိတ်အကြံ၊ မိဋ္ဌာန်လေတိုင်းသာ။
ရာသီကောင်းဆဲ၊ တပို့တွဲ၊ ကျော်လွဲသုံးရက်မှာ။
တန်ခိုးကြီးမား၊ နတ်အလား၊ ကြွသွားထက်နတ်ရွာ။
အမိပုတ္တ ကာလကြီ၊ စုတိပမာ၊ အံ့ဖွယ်ရာ။

## ၂၇။ ဈာပနမှာ အံ့ဖွယ်ရာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၅၄-ခုနှစ် တပို့တွဲလပြည့်ကျော် (၃) ရက်နေ့ ညနေ ၄ နာရီ ၄၀-မိနစ် အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ဆရာတော်ဘုရားကြီးရဲ့ ဈာပနကို ၁-လနဲ့ ၄-ရက်ထားပြီး နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပူဇော်ကြသည်။

ပျံလွန်တော်မူသည့်နေ့မှစ၍ ဈာပနပွဲ ကျင်းပပြီးဆုံးလို့ အရိုးပြာကို ဧရာဝတီမြစ်ကြော မျှောသည့်နေ့ အထိ ဖူးမြော်ရန် လာရောက်ကြသော ပရိသတ်ကြီးမှာ ဘုရားပွဲတော် အပျော်အပါးသွားကြသည့်အလား လွန်စွာ များပြားစည်ကားလှပေသည်။

www.dhammaransi.com



## ညီညာပြန့်ပြူးသော ရွာပနကွင်း

ဆရာတော်ဘုရားကြီးရဲ့ ရွာပနကျောင်းပမည့် နေရာတွင် ထန်းနှစ်ပင် ပေါက်လျက်ရှိသည်။ ထို့ကြောင့် ထန်းနှစ်ပင်ကွင်းဟု ခေါ်သည်။ ရွာပနကွင်းပြင်ကြီး တစ်ခုလုံး အနိမ့်အမြင့် မရှိရအောင် ကုန်းတွေ၊ ဂမူတွေကို ဖြိုချသည်။ ချိုင့်တွေ၊ ကျင်းတွေဖို့သည်။ ညီညီညာညာ ပြန့်ပြန့်ပြူးပြူး ဖြစ်အောင် မြေထိုးစက်ကြီးများဖြင့် ထိုးကြညှိကြသည်။ ထို့ကြောင့် ရွာပန ကျောင်းပမည့် ထန်းနှစ်ပင် ကွင်းသည် တမျှော်တခေါ်ကြီး ကျယ်ဝန်းလှသည်။ ပြန့်ပြန့်ပြူးပြူး ကြည်နူးစရာ အထူးသာယာ လှပေသည်။

ရွာပနကျောင်းပရာ ထန်းနှစ်ပင်ကွင်းသည် သဲဖုတ်တောကို မြေညှိထားတာဖြစ်လို့ ဖုတ်တွေ တသောသောနဲ့ လူတွေညစ်ပေနေမှာပဲ၊ စိတ်ပျက်စရာကြီး နေမှာပဲလို့ ထင်နေကြသည်။ ထင်မြင်ကြသလို မဟုတ်ပေ။ ဘယ်နေရာမှ ဖုတ်မထရပါ။ ရေကားကြီးများနဲ့ နေ့ရောညပါ အချိန်အခါမရွေး ရေဖြန်းပေးနေကြသည်။ တချို့နေရာများတွင် ရေတွေများလွန်းလို့ ကားမောင်းသွားတဲ့အခါ လမ်းဘေးမှသွားလာသူတွေ ရေစိုကုန်ကြသည်။ ကျယ်ဝန်းလှတဲ့ ရွာပနကွင်းကြီးတစ်ခုလုံး လူတွေ မွှေးမွှေးလှုပ်အောင် သွားလာနေကြသည်။ နေ့ည မစဲ တဖွဲဖွဲနဲ့ လူစဲသည်မရှိပေ။

ဗဟိုရုံမဏ္ဍပ်၊ စစ်ကိုင်းမဏ္ဍပ်၊ တီ-နိမဏ္ဍပ်၊ မြင်းခြံမဏ္ဍပ် ဆိုပြီး မဏ္ဍပ်ကြီး ၄-လုံး ခန်းခန်းနားနား ဆောက်လုပ်ထားရာ ဘယ်မဏ္ဍပ်ထဲကိုမှ အလွယ်တကူ ဝင်ကြည့်လို့မရပေ။ ပရိသတ်တွေ အမြဲတမ်း ပြည့်ကြပ်နေသည်။ အဆို၊ အတီးတွေနဲ့ ဖြေဖျော်နေကြသည်။ အရွတ်အဖတ်တွေနဲ့ ပူဇော်နေကြသည်။ အညွန့်ပေါက် ပြဿဒ်များထမ်းပြီး စည်းချက်ဝါးချက် ညီညီ ဟန်ချီချီ သိုင်းအကနဲ့ ဖြေဖျော်ပူဇော်နေကြသည့် လူငယ်များကို ဗဟိုရုံမဏ္ဍပ် ရဲ့ဒေါင့် ၄-ဒေါင့်မှာ တွေ့ကြရသည်။ ၎င်းဌာနမှာလည်း လူတွေ

www.dhammaransi.com


ပြည့်ကြပ်နေသည်။ နေ့စဉ်နေ့တိုင်း ဇပ်ဟိုရ်မဏ္ဍပ်တစ်ခုမှ ဇပ်ဟိုမဏ္ဍပ် တစ်ခုသို့ ထုတ်ရာ ဝန်းအခင်းနှင့် ပူဇော်ကြသည်။ ထိုဝန်းခင်းတဲ့ အခမ်းအနားကိုလည်း တိုးဝှေ့ကြည့်နိုင်မှ မြင်ရသည်။ ဈာပနကွင်း ရာဟုဒေါင့် မြင့်းခြံမြို့မှ ရွှေဥက္ကာအရချိုဟန် ကျားရုပ်ကြီးကို ကလေး ငယ်များ သဘောကျကြသည်။

ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တံဆိပ်တော်ပြခန်းမှာလည်း လူတွေကြိတ်ကြိတ်တိုး စည်ကားလှသည်။ ၅-ရက်လုံးလုံးတစ်နေ့ မှလျော့နည်းသွားတယ်မရှိပေ။ ညဦးပိုင်းရောက်တဲ့အခါ ဇပ်ဟိုရ် မဏ္ဍပ်နှင့်တကွ မဏ္ဍပ်ကြီး ၄-လုံးစလုံး ရောင်စုံမီးအလှတွေ ထွန်းညှိပူဇော်ထားသည်။ နတ်ဘုံနတ်နန်းတမျှ ခန်းနားထည်ဝါ လှပေသည်။ လောင်တိုက် အတက်အဆင်း လှေကားမှာလည်း အော်တို မစ်တစ် ရောင်စုံမီးအလှတွေ အတက်အဆင်း ပြေးနေ အောင် ထွန်းညှိ ပူဇော်ထားသည်။ အငြိမ့်ပွဲ ဓာတ်ပွဲ ခြင်းပွဲ ရုပ်ရှင် နဲ့ ဂီတအနုပညာရှင်များကလည်း ညစဉ်ညတိုင်း ကပြဖြေဖျော် ကြသည်။

ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ စတဲ့ အနုပညာရှင်များ ကပြဖြေဖျော်ခဲ့တဲ့ ပွဲကတော့ အထူးစည်ကားလှသည်။ ပရိသတ် တစ်မျှော်တစ်ခေါ်ကြီး မျက်စိတဆုံး တွေ့မြင်နေရသည်။ နောက်ဆုံးက ကြည့်ကြတဲ့ ပရိသတ်များမှာ သဲသဲကွဲကွဲ မမြင်ရ၊ မှုန်မှုန်ဝါးဝါး လှုပ်လှုပ်ရွရွပဲ မြင်ကြရသည်။

အလှူခံ မဏ္ဍပ်မှာလည်း တိုးဝှေ့လှူနေကြသည်။ နောက် ဆုံး မီးသင်္ဂြိုဟ်တဲ့ နေ့မှာတော့ အလှူခံဖြတ်ပိုင်း နိုင်အောင်မရေး နိုင်ကြတော့ပေ။ လှူလိုကလှူ မလှူလိုက နေဆိုပြီး လက်လျှော့ကြရ တော့သည်။ အလှူငွေများလည်း သိန်းတစ်ရာခုနစ်ဆယ် နှစ်သိန်း ခန့်ရရှိသည်။

www.dhammaransi.com


ကျွေးမွေးတဲ့ နေရာမှာလည်း ပရိသတ်များလွန်းလို့ ချက်မနိုင် ကျွေးမနိုင် ဖြစ်ကြရသည်။ ပစ္စည်းမရှိ၍မဟုတ်၊ ချက်ပြုတ်ကျွေးမွေးသူများ မချက်နိုင် မကျွေးနိုင်တော့လို့ လက်လျှော့ရခြင်းဖြစ်သည်။ တစ်လကျော်ကျော် ချက်ပြုတ်ကျွေးမွေးလာကြတဲ့ ထမင်းချက်အဖွဲ့တွေလည်း ဒီလောက်များပြားလှတဲ့ ပရိသတ်ကြီးကို နိုင်အောင်ချက်ပြုတ်မကျွေးနိုင်တော့ပေ။ လမ်းဘေး ထမင်းဆိုင်၊ အကြော်ဆိုင်များလည်း တစ်နေ့တစ်သောင်းကျော် နှစ်သောင်းဖိုးခန့် ရောင်းကြရသည်။

တစ်နေ့တစ်နေ့ ၄၊ ၅၊ ၆ သောင်းခန့်ရှိသော ပရိသတ်ကို ကျွေးမွေးနေပေမယ့် မသန့်မရှင်းမရှိစေရ။ နောက်ဆုံးစားတဲ့သူလည်း သန့်သန့်ရှင်းရှင်း သံသယကင်းစွာနဲ့ စားကြရသည်။ ချဉ်ရည်ဟင်း၊ ငါးပိချက်တို့ကို ပန်းကန်နှင့် တည့်ကျွေးပြီး အသားငါးဟင်းလျာများကို ဝလောက်ရုံ ပုံကျွေးသောကြောင့် ဟင်းကျန်မရှိ၊ သန့်ရှင်းနေသည်။ ကျွေးမွေးပုံ အစီအစဉ်ကောင်းသည်ဟု နာမည်ထွက်လာသည်။

## ခိုက်ရန်ဒေါသ မဖြစ်ကြ

ရဟန်းရှင်လူ ပြည်သူများစွာတို့ သိန်းနဲ့ချီ၍ လာရောက်ပူဇော်ကြသည်။ နေရာတိုင်းမှာ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ ဒီလောက်များတဲ့ ပရိသတ်ထဲမှာ ခိုက်ရန်ဒေါသ ဖြစ်တဲ့သူ၊ မူးယစ်သောက်စား ရမ်းကားသူ၊ နောက်ပြောင်စော်ကားသူ တစ်ယောက်မျှ မတွေ့ရပေ။

ရေလမ်း၊ ကုန်းလမ်း၊ အုံ့မခန်း လာရောက်ပူဇော်ကြပေမယ့် ယာဉ်တိုက်မှု မရှိပေ။ နောက်ဆုံးပိတ် ဈာပန အခမ်းအနားမီးသင်္ဂြိုဟ်ရန် ပြင်ဆင်နေချိန်မှာ သိန်းချီရှိနေသော ဈာပနကွင်းပြည့် ပရိသတ်ကြီးသည် အပ်ကျသံပင် ကြားရမလောက် ငြိမ်သက်စွာ အလေးဂရုပြု၍ တရိုတသေ ပူဇော်နေကြသည်။

www.dhammaransi.com


## ကျမျက်ရည် ဆည်မရနိုင်ဘူး

ဆရာတော့် အလောင်းတော်ကို နောက်ဆုံး ဒုံးကျည်ဖြင့် ပစ်ဖောက် ပူဇော်တဲ့ အခါမှာတော့ ဈာပနတစ်ကွင်းလုံး ဖွေးဖွေးလှုပ်နေသော သိန်းနဲ့ချီရှိနေသော ပရိသတ်ကြီးသည် ရဟန်းရှင်လူ ပြည်သူအားလုံး ခညွတ်ရုံးလျက် အလေးဂရု အထူးပြုရသည့် ငါတို့ဆရာတော်အား နောက်ထပ်တစ်ကြိမ် ဖူးမြော်ခွင့် ရကြတော့မည်မဟုတ်ပေ။ ဤအချိန်အခါသည်ကား ငါတို့ဆရာကို ငါတို့ တစ်တွေ နောက်ဆုံးအနေနဲ့ မျက်ဝါးထင်ထင် ဖူးမြော်ခွင့်ရသော အချိန်တည်း--ဟူသော အသိတရားကိုယ်စီဖြင့် ကျမျက်ရည် ဖြေမဆည်နိုင်လို့ မရွှင်ကြည်သော်ကစိတ်ကို အနိုင်နိုင် မျိုသိပ်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ ပူဇော်နေကြပေသည်။

ထိုအချိန်--

အန္တိမအဂ္ဂိဈာပန အခမ်းအနား ကျင်းပပူဇော်ရာ လောင်တိုက်ဆီမှ ဆွတ်ပျံ့သော သံဝေဂတရားသံသည် ပရိသတ်ရဲ့ နှလုံးသားကို ဆွဲကိုင် ဆုပ်ခြေလိုက်သည့်အလား ထင်ထင်ရှားရှား ထွက်ပေါ်၍လာပေသည်။

## ကိသာဂေါတမီ မျက်ရည်သိမ်း သံဝေဂလင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါနှာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဥာနနယ်ချဲ့၊ တစ်နိဂုံးနှင့် ခေါ်ထုံးဝေါဟာ၊ တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တစ်ကန့်သား၌၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး၊ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင် ဋ္ဌီသိုဝင်၍၊ ဘင်္ဂကွဏာ၊ မရဏာဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်၊ အရိုးအနိစ္စပါတကား။

အရိုး ဒုက္ခပါတကား။

အရိုး အနတ္တပါတကား။

www.dhammaransi.com


ဆရာတော် ကိုယ်တိုင် ရေးသားပြီး ကိုယ်တိုင် အနှစ်နှစ် အလလ အကြိမ်ကြိမ် အခါခါ ဟောကြားတော်မူခဲ့သော ကိုသာ ဓါတမီ ဈက်ရည်သိမ်း တရားလက်ာသည် လောင်တိုက်နတ်လမ်း မှ တရွေ့ရွေ့မြင့်တက် ကြွမြန်းနေသော ဆရာတော်၏ ဥတုဇရုပ် ကလာပ်ကို လက်ညှိုးညွှန်၍ ပြနေဘိအလား ဆို့နစ်ကြေကွဲ ဝမ်းနည်း စရာထွက်ပေါ်၍ လာပေသည်။

လောင်တိုက်နတ်လမ်းမှ ကြွနေသော ဆရာတော်ဘုရား ကြီးရဲ့ ဥတု ဇရုပ်ကလာပ်တော်သည် တရိပ်ရိပ်နဲ့ မြင့်၍မြင့်၍ ပေါ် လာသည်။ နတ်လမ်းပေါ်မှ နတ်ဗြဟ္မာများ ခြံရံ၍ ကြွမြန်းနေသော ဥတုဇရုပ်ကလာပ်တော်သည် သံဝေဂ တရားလက်ာရဲ့ သာဓက အလား တရားပြ၍ နေပေသည်။

အော် ငါတို့ဆရာတော်ကား သူကိုယ်တိုင် ရေးသားဟော ကြားတော်မူခဲ့သော သံဝေဂ တရားတော်နှင့်အညီ သေမင်းနိုင်ငံသို့ လိုက်ပါ၍ နေရပါပေါ့တကား။ သခ်ါရ တရားအပေါင်းသည် ကြောက်စရာကောင်းလှပေစွ။ ဘုရား ပစ္စေကာ ရဟန္တာသခင် အရှင် မြတ်ကြီးများနဲ့ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးများကိုပါ မချိန်မထား မျိုဝါး နှိပ်စက်၍ နေပေစွတကား ဟု သံဝေဂတရား ပွားများ၍ အကျွန်ုပ်ရဲ့ ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး မကြုံဖူး၊ မမြင်ဖူးတဲ့ လက်ဖျစ်တီး၍ အံ့ချီးဖွယ်ရာကောင်းလှတဲ့ ဈာပနပွဲသဘင်ကို ရှိသေစွာ ကန်တော့ ပန်ဆင်လိုက်ရပါသတည်း။

## ၂၇။ နိုင်ငံတော်က ဈာပနကျင်းပ ဒို့ဆရာ။

အန္တိမပွဲ ဆင်ယင်နွှဲ၊ ထူးကဲလှပေတာ။
ပရိသတ်လေးဖြာ၊ တင့်လကြာ၊ ဘယ်ခါမစဲပါ။
ကုန်းလမ်း၊ ရေလမ်း၊ အံ့မခန်း၊ မြစ်ကမ်းညွှတ်၍လာ။

www.dhammaransi.com



တောင်ကုန်းကမူ၊ မထွက်ပြူ၊ ချိုင့်မူပြည့်၍လာ။
ဇရာမြစ်ရိုး၊ ရေတွေတိုး၊ ရိုးကြိုးဦးခိုက်လာ။
ကံ့ကော်သရက်၊ ဖူးငုံထွက်၊ မွှင့်လျက်ပူဇော်တာ။
တိုင်းနေ,မ,ခ၊ လ,ပ,စ ယူကြတာဝန်သာ။
တပ်မတစ်ခုလုံး၊ သုံးဆယ့်သုံး၊ နောက်ဆုံးပူဇော်တာ။
လောင်တိုက်တလားစံကျောင်းများ၊ ခန်းနားကြီးကျယ်စွာ။
ဝိသကြုံနတ်၊ ဖန်းဆင်းလတ်၊ သင့်အပ်လျှောက်ပတ်စွာ။
(၂၇) ပါး၊ အဲ့ဖွယ်များ၊ ထူးခြားလှပေတာ။
အံ့ဖွယ်သုံးလီ၊ သက်တော်ညီ၊ စံသည်နတ်ရွာ ဒို့ဆရာ။

# ဆရာတော်ဘုရားကြီး၏ ဒါနကုသိုလ်
# ပစ္စယဒါန အာမိသဒါန

## ဆွမ်းဒါနကုသိုလ်တော်

'ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီးသည် နိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသော တိပိဋကဓရ ဆွမ်းဆန်တော် အလှူငွေ ၃၁ဝိ နှင့် အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်အလှူငွေ ၇၅ဝိ တို့ကို ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုဘဲ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းသို့ လာရောက်၍ တိပိဋကစာပေ၊ နိကာယစာပေတို့ကို ကျက်အံကြကြည့်တော်မူကြသော တိပိဋကနိကာယ စာသင်သားကြီးများ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်းဆေး၊ ပစ္စည်းလေးပါးဖြင့် မငြိုငြင် မပင်ပန်းကြစေရန် တိပိဋကနိကာယ သာသနာပြုအဖွဲ့သို့ ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ရန် အပ်နှံလှူဒါန်းခဲ့ပါသည်။

www.dhammaransi.com



## တိပိဋက-ငွေရတုဒါနကုသိုလ်

ကောဇာ ၁၃၄၀ ပြည့်နှစ်၊ သာသနာတော်နှစ် ၂၅၂၂-ခု၊ တပို့တွဲလဆန်း (၁၀)ရက် အင်္ဂါနေ့ မန္တလေးမြို့ မဟာသကျသီဟ ဘုရားကြီးဝင်းအတွင်းရှိ ဝေဇယန္တာဓမ္မာရုံကြီး၌ မလွန်ဈေး ဆန်လှူ အသင်းကြီးမှ ကြီးမှူးကျင်းပသော တိပိဋကဓရ အထိမ်းအမှတ် (၂၅)နှစ်မြောက် ငွေရတုသဘင် ပူဇော်ပွဲ၌ စေတနာရှင် ဒကာ၊ ဒကာမအပေါင်းတို့ လှူဒါန်းကြသည့် ဝတ္ထုငွေကျပ်သုံးသိန်းကို အဆိပ်ပြင်းတန်သော မြွေကြီးသုံးကောင် တစ်နည်းအားဖြင့် မာရ်နတ်မင်းရဲ့ စစ်တပ်ကြီး၊ တပ်မဟာကြီး ၃ ထပ်ပမာထားပြီး ယခုဘုန်းကြီးသည် သတိသမ္ပဇဉ်တည်းဟူသော ညှပ်ကိုကိုင်၍ လည်ပင်း၌ မြဲမြဲ မြဲညှပ်ပြီးလျှင် သဒ္ဓါတရားတည်းဟူသော လက်ဖြင့် ဘုရားတရား သံဃာတည်းဟူသော ပချုပ်သုံးလုံးထဲသို့ ထည့်ပါတော့မယ်လို့ မိန့်တော်မူပြီး-

၁။ မဟာသကျသီဟ ရုပ်ရှင်တော်မြတ် ဗုဒ္ဓဝေယျာဝစ္စ အလို့ငှာ (၁၀၀၀၀ိ) တစ်သောင်းကျပ်၊

၂။ မန္တလေးပရိယတ္တိ သာသနာ့ဟိတအသင်းကြီး၏ ဓမ္မဝေယျာဝစ္စအလို့ငှာ (၃၀၀၀၀ိ) သုံးသောင်းကျပ်၊

၃။ ရန်ကုန်မြို့ နိကာယသာသနာတော် ထွန်းကားရေး အသင်းကြီး၏ ဓမ္မဝေယျာဝစ္စအလို့ငှာ (၁၀၀၀၀) တစ်သောင်းကျပ်၊

၄။ ရန်ကုန်မြို့ စေတီယင်္ဂဏ အသင်းကြီး၏ ဓမ္မဝေယျာဝစ္စ အလို့ငှာ (၁၀၀၀၀ိ) တစ်သောင်းကျပ်

၅။ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဓမ္မဝေယျာဝစ္စရံပုံငွေပဒေသာပင်မအလို့ငှာ (၁၀၀၀၀ိ) တစ်သောင်းကျပ်

၆။ ပင့်သံဃာ မထေရ်ကြီး ၂၅-ပါးတို့၏ စတုပစ္စယ နဝကမ္မ အလို့ငှာ တစ်ပါးလျှင် (၅၀ိ) စီ၊

www.dhammaransi.com



တိပိဋကနိကာယ စာသင်သားများနဲ့ ဓမ္မနာဒ စာသင်သား ရဟန်းတော်များ၏ စတုပစ္စယ နဝကမ္မအလို့ငှာ တစ်ပါးလျှင် (၂၅) စီ၊

စစ်ကိုင်း၊ မင်းကွန်း မန္တလေးမြို့မှ သီလရှင်သူတော်စင် အပေါင်းတို့အား တစ်ပါးလျှင် (၁၅) စီ၊

၇။ မင်းကွန်းတိုက်နယ် ဆေးရုံထောက်ပံ့ရေး ရံပုံငွေ ပဒေသာပင် ပင်မအတွက် (၁၀၀၀၀) တစ်သောင်းကျပ်၊

၈။ မင်းကွန်း ဓမ္မနာဒကျောင်းတိုက် သံဃာ့ဝေယျာဝစ္စ သာသနာ့ရံပုံငွေပဒေသာပင်အလို့ငှာ (၁၀၀၀၀) တစ်သောင်းကျပ်

၉။ မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး၏ ဝတ္ထုကံ သံဃာဝေယျာဝစ္စအလို့ငှာ (၆၀၀၀၀)ခြောက်သောင်းကျပ်၊

၁၀။ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတိုက် တိပိဋကနိကာယ သာသနာပြု ရံပုံငွေ ပဒေသာပင်မ အလို့ငှာ (၁၀၀၀၀၀)တစ်သိန်းကျပ်တို့ကို အသီးသီးခွဲဝေလှူဒါန်းတော်မူပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၁၅-ခုနှစ် တပို့တွဲလဆန်း (၁၀) ရက်နေ့၊ တိပိဋက ဖြစ်တော်မူသော အချိန်မှစ၍ စစ်ကိုင်း၊ မင်းကွန်းတောင်ရိုး၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်းသာမဏေ သူတော်စင် သီလရှင်တို့အတွက် ဆွမ်းဆန်တော်များ မပင်မပန်း ချမ်းချမ်းသာသာဖြင့် ပရိယတ်၊ ပဋိပတ္တိ သာသနာတော်မြတ်ကြီးကို ကျင့်ကြံပွားများ အားထုတ်စေနိုင်ရန် ရည်သန်၍ အထက်အောက် မြန်မာပြည် အရပ်ရပ် ပြည်နယ်နှင့်တိုင်းအသီးသီး မြို့ကြီးရွာကြီး အဖုံဖုံသို့ စုန်ကာဆန်ကာ နေ့အားရက်အားမထား တရားဓမ္မပူဇော အလှူတော်ငွေများကိုလည်း ထိုမြို့ထိုရွာ မလွန်ဆန်လှူသင်းထောက်များရဲ့ ရံပုံငွေ အဖြစ် ပြန်လည်လှူဒါန်းတော်မူခဲ့ပါသည်။

www.dhammaransi.com


ထိုကဲ့သို့ ကိုယ်ကျိုးမဖက် သာသနာ့ကျိုးသက်သက် ဆောင်ရွက်တော်မူခဲ့သဖြင့် ပြည်နယ်နှင့်တိုင်း မြို့ရွာအသီးသီးမှာရှိကြတဲ့ ဒကာ ဒကာမအပေါင်းတို့သည် သဒ္ဓါတရား ထက်သန်စွာဖြင့် ဝမ်းသာအားရ လှူဒါန်းလာကြလို့ ဆွမ်းဆန်တော်များ အများအပြားရရှိပြီး စစ်ကိုင်း မင်းဝံမင်းကွန်းတောင်ရိုးမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းသာမဏေ သူတော်စင် သီလရှင် အပေါင်းတို့အား ဆွမ်းဆန်တော်များ ဆထက်ထမ်းပိုး တိုး၍ လှူဒါန်းနိုင်ခဲ့ပါသည်။

ထိုမှတပါး ဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုး မိုးဗိတ် ကုန်းမြေ တိပိဋကနိကာယ်ကျောင်းတိုက်ရှိ တိပိဋကနိကာယ စာသင်သား (၁၅၀) ကျော်တို့အား နေ့စဉ်နေ့တိုင်း အာရုံဆွမ်း နေ့ဆွမ်း အဖျော်ယမကာ စတုမဓုတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာတက္ကသိုလ်ရှိ တက္ကသီလာ စာသင်သားများနှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ တက္ကသီလာ စာသင်သားများအားလည်း ဆွမ်းခံမထွက်စေဘဲ ပရိယတ္တိသာသနာတော်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်စေရန် အာရုံဆွမ်း၊ နေ့ဆွမ်း အချိုပွဲ အဖျော်ယမကာတို့ကို စနစ်တကျ စီစဉ်ညွှန်ကြား လှူဒါန်းစေပါသည်။

ထိုမှတပါး မင်းကွန်းထန်းမြင့်တောင်ရွာ မြောက်ရွာမှာရှိကြတဲ့ သက်ကြီးရွယ်အို အဖိုးအဖွားများနဲ့ ဆင်းရဲနွမ်းပါး အလုပ်သမား ဆင်းရဲသားများကိုလည်း တစ်လတစ်ကြိမ် နှစ်ကြိမ် ဆိုသလို အခါအားလျော်စွာ ဆန်များပေးဝေစေပါသည်။ ထန်းမြင့်တောင်ရွာ မြောက်ရွာ မင်းကွန်းရွာရှိ ကလေးသူငယ် များကိုလည်း ပျံလွန်တော်မူသည်အထိ နေ့စဉ်နေ့တိုင်း မုန့်များဝေပါသည်။

ပျံလွန်တော်မူပြီးစ ရက်များမှာ ထန်းမြင့်တောင်ရွာ မြောက်ရွာနှင့် မင်းကွန်းရွာရှိ ကလေးသူငယ်များတို့သည် ဆရာတော်ဘုရား ကြွလာနေကျ အချိန်ကို စောင့်မျှော်နေကြသည်။

www.dhammaransi.com



လူကြီးများကလည်း တမ်းတနေကြသည်။ ဆရာတော် ဘုရားမရှိသော်လည်း ဆရာတော်ဘုရား၏ တပည့်တစ်ပါးပါးက ဆရာတော်ဘုရားနည်းတူ ကလေးတွေကို မုန့်ဝေရင်ကောင်းမှာပဲလို့ တောင့်တနေကြသည်။

ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာ အပြည့်နဲ့ ကလေး တွေကို ကြင်နာယုယစွာ မုန့်ဝေနေသော မြင်ကွင်းသည် ရုပ်ရှင် ပိတ်ကားပေါ်က ရုပ်ပုံလွှာများသဖွယ် တရိပ်ရိပ် ထင်ယောင် မြင် ယောင်နေမိသည်။

## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး သင်္ကန်းအလှူတော်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရား ကြီးသည်သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား သင်္ကန်းအလှူကို သူမတူအောင် စီစဉ် (အသဒိသ–စီဝရဒါန) လှူဒါန်းတော်မူခဲ့ပါ သည်။

၁၃၅၄–ခုနှစ် သီတင်းကျွတ် လပြည့်ကျော် (၂) ရက်နေ့က မြင်းခြံမြို့ ခွန်းလွန်းကထိန် ကြွတော်မူပြီး (၃) ရက်နေ့ ကထိန်လစ် လပ်နေသော မိမိငယ်စဉ်က သီတင်းသုံးခဲ့သော မင်းကျောင်းတိုက် တွင် သင်္ကန်းအစုံ (၂၀၀) နှစ်ရာနှင့် ထီး၊ ဖိနပ် စသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ကထိန်ခင်းတော်မူခဲ့သည်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်ရှိ တိပိဋကနိကာယ စာသင်သားများနှင့် ဓမ္မနာဒ ကျောင်းတိုက်ရှိစာသင်သား ရဟန်း သာမဏေများကိုလည်း ဝါဆို ဦးသင်္ကန်း ၃ခုံ ၁ စုံ သီတင်းကျွတ် ကထိန်ခေတ် သင်္ကန်း၃ခုံ ၁ စုံ လှူဒါန်းပြီး မိုးမိတ်ဘုရားပွဲတော် ကျင်းပသည့်အခါ စာအောင် သံဃာများနှင့် ပင့်သံဃာ သာမဏေ သူတော်စင် သီလရှင်တို့အား

www.dhammaransi.com


သင်္ကန်းဒွိစုံ သီလရှင်ဝတ်စုံ ခြင်ထောင်စသည်တို့ကို လှူဒါန်းတော်မူပါသည်။

ထိုနည်းအတူ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ရှိပါမောက္ခ ကထိက ဆရာတော်များနှင့် တက္ကသိုလ် စာသင်သားများစွာတို့အား ဝါဝင်တစ်ကြိမ် ဝါကျွတ် တစ်ကြိမ် စသည်ဖြင့် တစ်နှစ်လျှင် သုံးကြိမ် သင်္ကန်းဒွိစုံ (၁) စုံစီ လှူဒါန်းနိုင်ရန် စီစဉ်ညွှန်ကြားတော်မူသည်။

သာသနာတော် မထွန်းကား အားနည်းမှေးမှိန်၍ နေသော လောနိုင်ငံရှိ ထေရဝါဒ သံဃာတော် နောင်တော် ညီတော်များအတွက် အဝတ်သင်္ကန်းဖြင့် မညှိုးနွမ်းစေရန် ရည်သန်၍ သင်္ကန်းဒွိစုံ (၁၀၀၀၀) တစ်သောင်း၊ ဒုကုဋ် (၅၀၀၀) ငါးထောင်၊ ထီး ဖိနပ် အစုံ (၁၀၀၀၀) တစ်သောင်းကို မြန်မာပြည်သူပြည်သား စေတနာရှင်အများတို့အား တိုက်တွန်းနှိုးဆော်တော်မူပြီး လှူဒါန်းတော်မူခဲ့ပါသည်။

ထိုနည်းအတူ ကမ္ဘောဒီးယား နိုင်ငံမှာလည်း သာသနာတော် ကွက်ပျောက်လုနီးပါး ဖြစ်နေတဲ့အချိန်၊ ပစ္စည်းလေးပါးဖြင့်နွမ်းပါးဆင်းရဲတော်မူကြကုန်သော ထေရဝါဒ ရဟန်းတော် နောင်တော် ညီတော်အတွက် မြန်မာပြည်သူပြည်သား စေတနာရှင် ဒကာဒကာမအများတို့အား တိုက်တွန်း နှိုးဆော်၍ သင်္ကန်းဒွိစုံ (၁၀၀၀၀) တစ်သောင်း၊ ဒုကုဋ် (၅၀၀၀) ငါးထောင်၊ ထီး၊ ဖိနပ် စသော လှူဖွယ်ဝတ္ထုအစုစု (၁၀၀၀၀) တစ်သောင်းတို့ကိုလည်း စီစဉ်ညွှန်ကြားသဒ္ဒါတရားဖြင့် လှူဒါန်းတော်မူခဲ့သည်။

နောက်ဆုံးအနီးကပ် မရဏဉောင်စောင်း လဲလျောင်းစက်ခွေနေတော်မူရတဲ့အချိန်မှာပင် စံလွန်ဖို့ရာ (သေဖို့ရာ) ပြင်ဆင်သည့်အနေဖြင့် သင်္ကန်း အစုံ (၄၀၀) ကို စီစဉ်ညွှန်ကြား၍ လှူဒါန်းထား

www.dhammaransi.com


ခဲ့သေးသည်။ ဒေသနာခရီး ကြွတော်မူရင်း ရောက်ရာမြို့ရွာကျောင်း တိုက်အသီးသီးတို့၌ အခါအားလျော်စွာ လှူဒါန်းတော်မူခဲ့သော စီဝရဒါန သင်္ကန်းအလှူတို့သည်ကား များစွာရှိ၍ နေပေသေးသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၃၉–ခုနှစ် တန်ခူးလက မန္တလေးမြို့ တောင်ပြင်တွင် မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ရာ ဘုန်းတော်ကြီးကျောင်း အတော်များများ မီးထဲပါသွားခဲ့ကြသည်။ မီးဘေးသင့် သံဃာတော်များစွာ အတိဒုက္ခ ရောက်ခဲ့ကြသည်။ ဆရာတော်ဘုရားကြီးသည် ထိုမီးဘေးသင့် သံဃာတော် (၂၅၀) ကျော်တို့အတွက် မိမိ၌ ရှိသမျှသော သင်္ကန်း၊ ထီး၊ ဖိနပ်၊ စောင်၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာခဲ၊ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် အသုံးအဆောင်များစွာတို့ကို အချိုးကျ ခွဲဝေလှူဒါန်းတော်မူခဲ့သည်။ တန်ဖိုး (၆၀၀၀၀ိ) ခြောက်သောင်းကျပ်ကျော်ဖိုးခန့် ရှိသည်။

၁၃၄၃–ခုနှစ် ၁၉၈၁–ခုနှစ် မေလတွင် မန္တလေးမြို့၌ မီးအကြီးအကျယ်လောင်ပြန်သည်။ ဘုန်းတော်ကြီးကျောင်းတိုက်ကြီး (၁၅) တိုက် ကျောင်းပေါင်း (၆၂) ကျောင်း မီးလောင်ကျွမ်းခံခဲ့ရသည်။ သံဃာတော်ပေါင်း (၄၀၀) ကျော် အတိဒုက္ခရောက်ကြရရှာသည်။ ထိုအခါ ကရုဏာရှင်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးသည် မီးဘေးသင့် သံဃာအပါး (၄၀၀) ကျော်တို့အား ပလာတာဆွမ်း ဆက်ကပ်လှူဒါန်းပြီး အပါးစေ့ သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်၊ ဆီ၊ ဆား စသည်တို့ကို အချိုးကျ ခွဲဝေလှူဒါန်းရာ တန်ဖိုး (၉၀၀၀၀ိ) ကိုးသောင်းကျပ်ကျော်ခန့် ရှိပေသည်။

www.dhammaransi.com


## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော် ဘုရားကြီး၏ ကျောင်းအဆောက်အဦးအလှူတော်

၁။ မြင်းခြံမြို့နယ် သဲဖြူဝ ကျည်းပင်ရွာ မူလတန်း ၂ ထပ်တိုက် ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်း
၂။ မင်းကွန်းတောင်ရွာ စိန်ရတုမူလတန်းကျောင်း
၃။ ထန်းမြင့်မြောက်ရွာ အစိုးရမူလတန်းကျောင်း
၄။ တလိုင်းဆင်ရွာ အစိုးရမူလတန်းကျောင်း
၅။ မင်းကွန်း အစိုးရမူလတန်းကျောင်း
၆။ မင်းကွန်းတိုက်နယ် အစိုးရအလယ်တန်းကျောင်း ယခု အခြေခံပညာ အထက်တန်းကျောင်း ဖြစ်နေပြီ။
၇။ ဆရာတော်ဘုရားကြီး၏ ဇာတိ ကျည်းပင်ရွာကျောင်းအနီး ချောင်းရိုးဖြတ် တံတားနှင့် ကျောက်လမ်းခင်းခြင်း
၈။ သဲဖြူဝရွာ မြစ်ဆိပ်အသွား ချောင်းတံတား ဆောက်လုပ် လှူဒါန်းခြင်း
၉။ မင်းကွန်း ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း
၁၀။ မင်းကွန်း တိုက်နယ်ဆေးရုံ
၁၁။ မန္တလေးမြို့ ဓိဝိတဒါန သာသနာ့အထူးကုဆေးရုံ ၏ သော များပြားလှစွာသော ကျောင်းကန် အဆောက်အဦးတို့ကို ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည်။
၁၂။ သဲဖြူဝရွာဦး၌ နှစ်ထပ် တိပိဋကတိုက်ကျောင်းကြီး ဆောက် လုပ်လှူဒါန်းခြင်း
၁၃။ ကျည်းပင်ရွာ၌ ၂-သိန်းကျော်တန် ၂-ထပ်တိုက်ကျောင်း ကြီးဆောက်လုပ်လှူဒါန်းခြင်း
၁၄။ မြင်းခြံမြို့ ဆရာရင်းနေထိုင်ရာ မင်းကျောင်းတိုက်အတွင်း၌ ၄-သိန်းကျော်တန် အဘိဓမ္မာရုံ ဓမ္မပါလအုတ်ကျောင်း ဆောက်လုပ် လှူဒါန်းခြင်း

www.dhammaransi.com



၁၅။ သိန်းရာပေါင်းများစွာ တန်ဖိုးရှိသည့် မင်းကွန်းမိုးမိတ်ကုန်း မြေတိပိဋက နိကာယ ကျောင်းတော်ကြီးကို ဦးစီးတည် ထောင်ဆောက်လှုခြင်း

၁၆။ သိန်းပေါင်းများစွာ တန်ဖိုးရှိသော ရန်ကုန်မြို့ တိပိဋက နိကာယ ကျောင်းတော် ဆောက်လုပ်လှူဒါန်းခြင်း

၁၇။ အဆောက်အဦးတစ်လုံးလျှင် သိန်းချီတန်သော အဆောက် အဦး (၅၀) ကျော်ရှိသော သိန်းရာပေါင်းများစွာ တန်ဖိုးရှိ သော မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်တော်ကြီးသည် --- ရှေးရိုးစဉ်လာ မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းသော အနေနှင့် ဘုရားတန် ဆောင်း ကျောင်းပြာသဒ်တို့မှာ ရှိသင့်ရှိထိုက်သည့် မြန်မာ ဗိသုကာ ပညာ၊ အနုပညာလက်ရာများကို အခြေခံထားပြီး ခေတ်မီမီ ဆောက် လုပ်ထားသဖြင့် အလွန်ပဲ ယဉ်ကျေးလှပေသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသော မျိုးချစ် ရဟန်းရှင်လူ သူတော်စင် တို့၏ စိတ်နှလုံးကို ဖမ်းစားနိုင်စွမ်း အပြည့်အဝ ရှိသည်။

၁၈။ ပြည်နယ်နှင့်တိုင်းကို ကိုယ်စားပြုသည့် သိန်းရာချီ တန်ဖိုး ရှိသည့် သုံးထပ်တိုက်ကျောင်းဆောင်ကြီး (၁၄) ဆောင်တို့ နှင့်တကွ သိန်းရာပေါင်းများစွာ တန်ဖိုးရှိသည့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော် ကြီးများကိုလည်း ဆရာတော် ဘုရားကြီး ဦးစီး၍ ဆောက် လုပ်လှူဒါန်းတော်မူခဲ့သည်။

၁၉။ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

၂၀။ စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

www.dhammaransi.com


၂၁။ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း စသောပြည်နယ်နှင့်တိုင်း ၁၄–ခုတွင် ကျောင်းထိုင်ဘုန်းကြီး သင်ရွှန်းကျောင်း ၁၄–ကျောင်း ဆောက်လုပ်ရန် စီမံတော် မူခဲ့လေသည်။

## ရှေးဟောင်းဘုရားများ ပြုပြင်ခြင်း

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ရဟန်းရှင်လူ ပြည်သူများ ကုသိုလ်တရား တိုးပွားရန် ရည်သန်လျက် မိုးမိတ်ကုန်း မြေ၌

၂၂။ မိုးမိတ်စေတီတော်
၂၃။ စက်တော်ရာစေတီတော်
၂၄။ ရွှေဘုန်းပွင့်စေတီတော်
၂၅။ မင်းတေဇစေတီတော်
၂၆။ ထနောင်းတိုင်စေတီတော်
၂၇။ နဂါးပတ်တောင်စေတီတော်
၂၈။ ပိဋကတ်စေတီတော်
၂၉။ ကမ္ဘာ့ဝါစေတီတော်စသောရှေးဟောင်းစေတီပုထိုးအမျိုးမျိုး တို့ကို ပြုပြင်မွမ်းမံ တည်ဆောက်တော်မူသည်။

## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဆေးအလှူတော်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား ကြီးသည် ရဟန်းရှင်လူ ပြည်သူများအတွက် ဆေးပစ္စည်းများ လှူဒါန်းတော်မူခဲ့သည်။

www.dhammaransi.com



## မင်းကွန်းကျေးလက်ဆေးပေးခန်း

မင်းကွန်း တိုက်နယ်ဆေးရုံများ ဆောက်လုပ်လှူဒါန်းပြီးနှိုန် မှစ၍ နှစ်စဉ်မွေးနေ့ရောက်တိုင်း၊ ဆေးပစ္စည်းများ လှူဒါန်းတော် မူခဲ့သည်။ မွေးနေ့ အပါအဝင် တစ်နှစ် ၄-ကြိမ် ဆေးဝါးပစ္စည်းများ လှူဒါန်းတော်မူသည်။ ဆေးပဒေသာပင် ဝတ္ထုငွေများ စိုက်ထူလှူဒါန်းတော်မူခဲ့သည်။ မန္တလေးမြို့ ဓိဝိတဒါန သံဃာ့ဆေးရုံကြီး ဆောက်လုပ်ပြီး ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းတော်မူ သည်။

## ကျေးစူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မဟာဒါန ကုသိုလ်တော်

ကျေးစူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရား ကြီးသည် အထက်အောက် မြန်မာပြည်အရပ်ရပ် မြို့ရွာတောပါ ဆိုက်ကား၊ မြင်းလှည်း၊ ကား၊ ရထား၊ ဘောက်တူသမွန်၊ လှေ၊ သင်္ဘော အသီးသီးစီးပြီး ကြွရောက်ကာ တရားပွဲပေါင်း (၁၅၀၀၀) တစ်သောင်းခွဲကျော် ဟောကြား ချီးမြှင့်တော်မူပြီး မဟာဒါနကုသိုလ် ထူးဆည်းပူးတော်မူခဲ့သည်။

ပါဠိတော်ဟောစဉ် နည်းသစ်ထွင်၍ ဝေသန္တရာဇာတ်လို ဂါထာပေါင်း တစ်ထောင် (၁၀၀၀) ရှိသော ဇာတ်တော်ကြီးများကို ပင် ချန်မထားဘဲ အစဉ်အတိုင်း ဟောကြားတော်မူခဲ့သည်။

## ဗုဒ္ဓဝင်ကျမ်းပြု မဟာဒါနကုသိုလ်

ကျေးစူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ၁၃၁၇-ခုနှစ် တွင် နိုင်ငံတော် အစိုးရက အကြိမ်ကြိမ်လျှောက်ထားသဖြင့် နိုင်ငံ တော် ဗုဒ္ဓဝင်ကျမ်းကြီးကို ဆင္ဂသံဂါယနာ ရည်ရွယ်၍ အတွဲ ၆

www.dhammaransi.com



တွဲ၊ မဂ္ဂင်ရှစ်ပါးရည်ရွယ်၍ ၈–အုပ်၊ စာမျက်နှာ ၅၅၁၆ မျက်နှာအထိ ပိဋကတ်သုံးသွယ် နိကာယ် ၅–ရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ များမြောင်လှသည့် ပါဠိတော် အဋ္ဌကထာဋီကာ အနုမဓုယောဇနာ အဖြာဖြာတို့မှ ထုတ်နုတ်၍ ဗုဒ္ဓဝင်ကြောင်းသိကောင်းစရာ အဖြာဖြာတို့ကို ပြည့်ပြည့်စုံ ရေးသား၍ ဓမ္မဒါန ပြုတော်မူခဲ့သည်။

## သက်တော်ကြီးမှ စာဝါချခြင်း

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၅၃–ခုနှစ်၊ ဝါခေါင်လဆန်း (၄) ရက်၊ ဗုဒ္ဓဟူးနေ့ သက်တော် (၈၀) အရွယ်တော် ကြီးကာမှ နိုင်ငံတော်အတွက် ဆောင်ရွက်ရမည့် သာသနာ့ကိစ္စအဝဝတို့ ပြီးပြည့်စုံသလောက် ဖြစ်နေသည့်အတွက် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက စာချကျောင်းတော်ကြီး၌ တိပိဋကစာသင်သားကြီးများ၊ နိကာယ် စာသင်သားကြီးများအား အဋ္ဌသာလိနီအဋ္ဌကထာ ခက်ခဲ နက်နဲလှသည့် ဓမ္မသင်္ဂဏီ မူလဋီကာ ဓမ္မသင်္ဂဏီ အနုဋီကာ စာဝါတို့ကို ပို့ချတော်မူခဲ့ပေသည်။

## တိပိဋကဓရ စာဆိုတော်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ကဗျာ၊ လင်္ကာ၊ အရေးအသား အလွန်ကောင်းမွန်လှပေသည်။ ဒွေးချိုး၊ လေးချိုး၊ သဖျန်၊ တေးထပ်၊ ရတု၊ လင်္ကာ အဖြာဖြာတို့ကို စုံလင်စွာ ရေးသားနိုင်သည်။ စကားလုံး ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်းနှင့် ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို ကွင်းကွင်း ကွက်ကွက် ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးသားနိုင်ပေသည်။ အောက်ပါကဗျာများကို ဖတ်ရှုခြင်းအားဖြင့် ဆရာတော်ဘုရားကြီး၏ ကဗျာဉာဏ် ရင့်သန်ပုံ သိမြင်နိုင်ပေသည်။

www.dhammaransi.com


## တိပိဋက ညည်းခြင်းသဖြန်

(က) ၁။ တိပိဋကမရ ဖြစ်ရတဲ့အာနိသင်
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့ကွယ်
ပြောမပြချင်။
ကိုယ့်ကျောင်းနှင့်ကိုယ့်ရပ်တွင်
နေချင်လျက် မနေရ။
အပူအအေး ယှက်တွေးကာ ဒဏ်ခံလို့
စုန်အဆန်မြန်းရတဲ့ခရီးမှာကွယ်
ကြီးတဲ့ဒုက္ခ။
၂။ မငြင်းသာတဲ့ မဆန်သာ
နိုင်ငံတော် သာသနာရေးပေမို့ကွယ်။
ပြေးမလွှတ်ပါ
သုတကာချမ်းသာလို့ တင်မြင်ကြ
သို့ကထဲ---စိတ်ထဲမှာ သံဝေယူလို့
ကံမွေဟူ ဤအဖြစ်ကိုကွယ်
နှစ်လို့ခံရ။ (ညည်းချင်းသဖြန်)

ဤကဗျာလေးကို တစ်ခေါက်ဖတ်လိုက်ရုံမျှနှင့် ဆရာတော်ဘုရား၏ ဆိုလိုရင်းအနက် အဓိပ္ပာယ်ကို အလွယ်တကူ စာဖတ်သူ၏ ဉာဏ်အာရုံထဲမှာ ကွင်းကွင်းကွက်ကွက် ပေါ်လွင်၍ လာပေသည်။ တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်၍ ပြောပြရန် မလိုလောက်အောင် အနက်အဓိပ္ပာယ် ပြည့်စုံပေါ်လွင်၍ နေပေသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■

www.dhammaransi.com



## ၁၉–နှစ်သား ရှင်ဝိစိတ္တသာရထံမှ သာသနာ့မိခင် ဆရာကြီး ဒေါ်မမှုစာရိုထံသို့ ပေးသည့် ဆွေးမြေ့နေသော မှုရင်းစာရွက်ကလေး

၁၂၉၂–ခု၊ ကဆုန်လဆန်း ၁၂–ရက်၊ မင်္ဂလာကြာသပတေးနေ့တွင် ပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောဆိုရာ

## အာသီသတေးထပ်

တာဝတိံသ အာလိန်များ
မာယိန်သိကြား စံရာ
အယုဇ္ဈ နန်းအောင်ချာဝယ်
မြကျောက်ဖြာ ပဏ္ဍု။
သန္တုသိ နတ်ဒေဝါကို
မိပတျာ ချီးမြှောက်တင်မြှု။ ။
မြိုက်ရသ မြတ်ဓမ္မကို
မိန့်ဟာချေ ဗျာမှု။
ဘိဓမ္မာ ကျမ်းအစုစုတွင်ဖြင့်
ပဋ္ဌာန်းဟုသညာ။
လှူ့ထိပ်တင် အရဟံသနင်းရယ်၏။
ဉာဏ်တွင်း၌ မြူးလောက်ပေတာ။ ။
ကြုံခဲ့စွ ဒေသနာကို
တို့သူငါ သဒ္ဓါမြတ်ပေမို့။
ခါမလပ် ဟောကြကုန်ပေ
ပြီးမြောက်အောင်စေ။
ခုပုည အမျှဝေတယ်၊ ရုပါဇောဘုံသုံးသူတို့လေး
ခုပုည ဣဒ္ဓိကံရယ်
နိဗ္ဗုဒဉာဏ် ရကြောင်းပါကွယ့်လေး။ ။
ခုပုည ဓမ္မအဟုန်ရယ်
ဘဝအဖုံဖုံ ဖြစ်ကောင်းကြုံဖို့လေး။ ။

www.dhammaransi.com


## အရှင်ဝိစိတ္တသာရ၏ ရဟန်း(၂)ဝါအရတွင် ရေးသားသည့်

### စည်တော်သံ

ပြည်နိဗ္ဗာန် အောင်စေညွှန်းပါလို့၊
ညောင်ရေသွန်းငယ်တည့် မဟာစည်။
စက္ကဝါလက်ယာခိုက်အောင်၊
တီးရိုက်ဆော်မည်။
ခါအညီ ရာသီလိုက်ချင့်သုံး၊
မဟာချိန် တစ်နှစ်မှာ တစ်ခါကြိမ်ရ၊
သဒ္ဒါ ရှိန် အာရုံထားတယ်၊
နားစိုက်ကြအုံး။ ။

### လှေတော်သံ

ဘုန်းထေရာခေါင်
ဓေယျာအောင်မြေအတွင်းဆီမှ
တာဇာမှောင်ချွေခွင်းပါလို့
ရုံသင်းညီမျှ ဒီလ
စုံရင်းဆီမှ ချီကြွ
နဒီရေကြောကိုလေ
ဟောပင့်ခဲ့ပြီ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် (၁၄) နှစ်သားအရွယ် သာမဏေငယ်ဘဝကစပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ် ရရှိတော်မူပြီး သက်တော် (၈၁) နှစ်အရွယ်တွင် ပျံလွန်တော်မူသည်အထိ ရတုလင်္ကာ၊ ကဗျာ၊ တေးထပ်များဖြင့်လည်းကောင်း၊ သံဝေဂဂါထာ၊ လင်္ကာရတု အစုစုတို့ဖြင့်လည်းကောင်း၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ခြင်းဖြင့်လည်းကောင်း၊ တရားမွှေဟောကြားပြသ ဆိုဆုံးမ

www.dhammaransi.com


ခြင်းဖြင့်လည်းကောင်း၊ မဓွဒါန အမြတ်ဆုံးသော တရားအလှူတော်ကြီးကို ပေးလှူတော်မူ ခဲ့ပါသည်။

## ဆရာတော်ဘုရားရဲ့ ဖြူစင်သောသီလ

စာမရီမည်သော သားကောင်သည် မိမိအမြီး တစ်မျှင်ကို အသက် တမျှပင် ချစ်ခင်လေသည်။ အမြီးတစ်မျှင် ပြတ်မည့်အရေး အသက်ပေး၍ ကာကွယ်သည်။

ရစ်မမည်သောငှက်သည် မိမိ၏ဥကို အသက်လိုရှု၏။ အသက်သဖွယ် ခင်တွယ်၏။ ဥပျက်စီးမည့်အရေးကို အသက်ပေး၍ ကာကွယ်၏။

ထိုနည်းအတူ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည်လည်း သီလကိုအသက်လို ချစ်ခင်၏။ သီလ အတွက် အသက်ကိုပင် စွန့်နိုင်၏။ သီလပျက်မည့်အရေး အသက် ပေး၍ ကာကွယ်၏။ အနုမြူသဖွယ် သေးငယ်သော အပြစ်တို့၌ လည်း အပါယ်ရောက်ကြောင်း မကောင်းသော ဘေးဒုက္ခဟု ရှုမြင်၏။

**သာဓက-**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခါနီး မရဏာဩဘင်စောင်း (ဒသရာဩဘင်စောင်း) လျောင်းစက်၍နေရစဉ် ဆရာတော်ဘုရားကြီးအား ဆေးဝါးကုသ ကြကုန်သော သမားတော်ကြီးတို့သည် နည်းအမျိုးမျိုးဖြင့် ကြိုးစား၍ကုသကြသည်။ ဆရာတော်ဘုရားကြီးက ဆေးဝါးကုသမှုမခံ၊ အဖန်ဖန် ငြင်းဆန်၍ နေတော်မူသည်။

ထိုအခါ သမားတော်များက-

ဆရာတော်ဘုရား စိတ်ဆင်းရဲစေရန် တပည့်တော်တို့ လျှောက်ထားခြင်းမဟုတ်ပါ။ ဆရာတော် တစ်ရက် အသက်ရှည်

www.dhammaransi.com



ခြင်းသည် တပည့်တော်တို့ တစ်သက် အသက်ရှည်ခြင်းမက ကျေးဇူးများလှသဖြင့် ဆေးပညာအရ ကုသ၍ ရနိုင်သော ရောဂါဖြစ်သဖြင့် လျှောက်ထားရခြင်း ဖြစ်ပါသည်။ တပည့်တော်တို့အား အမှားပါက မေတ္တာထား၍ ခွင့်လွှတ်တော်မူပါလို့ လျှောက်ထားကြတော့မှ ဆရာတော်ဘုရားကြီးသည် အတော်ကြာအောင် စဉ်းစားပြီး-

ခန္ဓာကိုယ်မှာ မှီတင်းနေတဲ့ ပိုးတွေ သေစေမယ့် ဆေးမျိုးဆိုရင် ဆရာတော် လက်မခံပါလို့ မိန့်တော်မူသည်။

ဤသို့ မိန့်တော်မူခြင်းသည်

ရောဂါပိုးမွှားများကိုတော့ အသေမခံ၊ မိမိ အသက်သာ အသေခံမည်ဟူသော နှလုံးသွင်းနဲ့ သီလအတွက် အသက်စွန့်ခြင်းပင်ဖြစ်သည်။ သီလကို အသက်ပေး၍ ကာကွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ သီလကား ပွတ်သစ်စ ခရုသင်းလို အညစ်အကြေးမတင် ဖြူစင်၏။

## ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ခိုင်မာသောသမာဓိ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ခိုင်ခန့်သော သမာဓိ စွမ်းအား ပြည့်စုံတော်မူသည်။ လောကဓမ္မ နှစ်ဌာနတို့၌ လောကဓံ လေမုန်တိုင်းတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ။ တည့်မတ်ခိုင်မာစွာ ဘဝတစ်သက်တာရပ်တည်၍ သွားတော်မူခဲ့သည်။

ကျောက်တောင်ကျောက်ခဲကြီးသည် လေမုန်တိုင်းတွေဘယ်လိုပင် ပြင်းထန်စွာ တိုက်ခတ်သော်လည်း ယိမ်းယိုင်လှုပ်ရှားခြင်းမရှိသလို ဆရာတော်ဘုရားကြီး၏ သမာဓိကျောက်တောင်ကြီးသည်လည်း လောကဓံ လေမုန်တိုင်းများကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်းမရှိ၊ တည့်မတ် ခိုင်မာတော်မူပေသည်။

www.dhammaransi.com


သူ့ရှေးသူ့ကြွယ် ကုန်သည်လယ်သမား၊ ဆင်းရဲသား၊ လူချမ်းသာရယ်လို့ ဘယ်နေရာမှမခွဲခြား တစ်သားတည်း ဆက်ဆံတော်မူသည်။ ရာထူးကြီးငယ်မရွေးချယ်ဘဲ ဆက်ဆံတော်မူသည်။ တစ်နေ့ ဒါယကာ တစ်ယောက်နှင့် စကားလက်ဆုံကျရာမှ ဆရာတော်ဘုရားကြီး ကြည်ညိုဖွယ်ကောင်းကြောင်း၊ အန္တိမ အဂ္ဂိရာပန အကြောင်းတွေ လျှောက်ထားသည်။

တစ်နေ့ ထိုဒါယကာသည် ဆရာတော် ဘုရားကြီးကို ဖူးမြော်ရန် မိုးမိတ်ကုန်းခြေသို့ အသွား-မမ္မနာဒမှ မိုးမိတ်ကုန်းခြေသို့ သွားသော ဆရာတော်ဘုရားကြီးကားနှင့်တွေ့လို့ မတ်တပ်ရပ်လက်အုပ်ချီနေရာ ကားကိုရပ် အဖူးမြော်ခံပြီး ဒကာကြီး မိုးမိတ်သွားမှာလား၊ လာ-လာ ကားပေါ်တက်လို့ ခေါ်တော်မူသည့်အတွက် ဝမ်းသာကြည်နူးမဆုံး ဖြစ်ရကြောင်းနှင့် ထိုစဉ်က ဆရာတော်ဘုရားကြီးကိုဖူးမြော်ခဲ့ရပုံ၊ ဆရာတော်ဘုရားကြီးရဲ့ အဆင့်အတန်း မခွဲခြား၊ တစ်သားတည်း ဆက်ဆံတော်မူပုံတွေကို စိတ်အာရုံထဲက မထွက်နိုင်တဲ့အကြောင်းတွေ လျှောက်ထားလေသည်။

ဘုန်းကြီးကိုယ်တိုင်လည်း တွေ့ကြုံဖူးပါသည်။ ဆရာတော်ဘုရားကြီးရဲ့ သက်တော် (၇၅) နှစ်ပြည့် စိန်ရတုပူဇော်ပွဲ ကျင်းပပူဇော်စဉ်က ဖြစ်သည်။ စိန်ရတုပူဇော်ပွဲ ဆင်နွှဲပူဇော်ရန် အောင်လံမြို့ စိန်စည် သာသနာ့ရိပ်သာမှ ကျောင်းဒကာကြီး ဒေါ်ညွန့်မေ၊ ဒေါ်မြကြိုင် စတဲ့ အမျိုးသမီး ယောဂီ တော်တော်များများလည်း ပါလာကြသည်။

ဘုန်းကြီးတို့ စိန်စည်ရိပ်သာ ယောဂီအဖွဲ့သည် စိန်ရတုအကြိုနေ့တွင် မန္တလေးမြို့၊ မန်းတောင်ခြေ ကျောက်တော်ကြီးဘုရား အစထားပြီး မန္တလေးတောင် ဘုရားစုံ၊ ကျုံးမြို့ရိုး နန်းပြသာဒ် ရွှေကျောင်းကြီး ပရိယတ္တိသာသနာ့ တက္ကသိုလ်နှင့် မန္တလေးမြို့

www.dhammaransi.com


ဘုရားစုံ ဖူးမြော်ကြပြီး ဗွီဒီယို ရိုက်ကူးနေကြသဖြင့် မင်းကွန်းဘက်အရောက် နောက်ကျနေကြသည်။

စိန်ရတုပူဇော်ပွဲနေ့ ၁၃၄၇-ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁) ရက်နေ့၊ နံနက် ၁၀-နာရီခွဲခန့် အချိန်မှ ပရိသတ်ထဲ တိုးဝှေ့ပြီး ဆရာတော်ကြီးထံ အရောက်သွားဖူးကြရသည်။ ထိုအချိန်မှာ ဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းပေး၍ နေလေပြီ။ ဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းပေးတာ စိန်စည်အဖွဲ့ ဖူးမြော်တာကို ဗွီဒီယိုရိုက်ချင်တဲ့အတွက် မီးစက်က မီးလည်းရတုန်း ဆွမ်းဘုဉ်းပေးနေတဲ့ ဆရာတော် ဘုရားကြီး အနားကပ်၍ ဖူးမျှော်ကြသည်။ ဗွီဒီယိုရိုက်ကြသည်။

ထိုအခါ ဆရာတော်ဘုရားကြီးသည် ခေါက်ဆွဲပြုတ်ချို ဘုဉ်းပေးရင်းက ဦးဇင်း ဆွမ်းဘုဉ်းပေးပြီးပြီလား၊ လာလာ ဒီနားကို ကြွ-ဆွမ်းဘုဉ်းပေးဦးဟု မိန့်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ရဟန်းဝယ်တစ်ပါးပဲဆိုပြီး အရေးမထား မျက်ကွယ်ပြု၍ နေတော်မမူ၊ မိမိ ဆွမ်းဝိုင်းကိုပင် ခေါ်၍ ချီးမြှောက်တော်မူသည်။ မဟာဝိပဿနာ ဆရာတော်ဘုရားကြီးရဲ့ ဒီလိုချီးမြှောက်မှုကို ခံရတော့ ဝမ်းလည်းသာသည်၊ အားလည်းနာသည်၊ ပြောမပြနိုင်လောက်အောင် ဝမ်းသာအားရ ဖြစ်မိသည်။ ဆရာတော် ဘုရားကြီးရဲ့ စကားကို ငြင်းပယ်ရမှာလည်း အားနာလှသည်။

ဦးဇင်း ဆွမ်းဘုဉ်းပေးပြီးပြီလား--လာလာ ဒီနားကိုကြွ ဆွမ်းဘုဉ်းပေးဦးဟု တရင်းတနှီး ကိုယ့်ရဲ့ဆွမ်းဝိုင်းမှာ ကြွဘုဉ်းပေးဖို့ မိန့်ကြားတဲ့ ဆရာတော် ဘုရားကြီးရဲ့ စကားကို ငြင်းပယ်ရမှာလည်း အားနာလှသည်။

ဆရာတော်ဘုရားကြီးနဲ့ ဆွမ်းတစ်ဝိုင်းထဲမှာ ထိုင်၍လည်း မဘုဉ်းပေးလိုပါ။ ဘုဉ်းပေးရန်လည်း မဝံ့ရဲပါ။ ဒါကြောင့်

www.dhammaransi.com


ဆွမ်းဘုဉ်းပေးပြီးပါပြီဘုရားလို့ မဝံ့မရဲ လျှောက်ထားရသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည့် စကားတော်များကို ဘုန်းကြီးအဖို့ ယနေ့တိုင် မမေ့နိုင်အောင် ရှိနေပါသည်။

ဒီနေ့တိုင်ရုံတွင် မေ့နိုင်မည်မဟုတ်ပါ။ အသက်ထက်ဆုံးလည်း မေ့ပျောက်လို့ ရမည်မဟုတ်ပါ။ ဤသည့်စကားကိုပင် ဆရာတော်ဘုရားကြီးရဲ့ အခါအားလျော်စွာ မိန့်ကြားသော သာရဏီယကထာ အသက်ထက်ဆုံး အောက်မေ့ထိုက်သော စကားလို့ ခေါ်ဆိုရမည်လားမပြောတတ်ပါ။

## ထူးခြားနိုင်မာသောသမာဓိ

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၅၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃–ရက်နေ့ ညနေ ၄–နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ပျံလွန်တော်မမူခင် ၂–၃ လ အလိုကတည်းက ပြင်းထန်သော ရောဂါဝေဒနာများကို ခံစားတော်မူရသည်။

သာသနာတော်အတွက် နေ့မအား ညမအား မနားမနေ– ဘဝတစ်သက်တာ အပင်ပန်းခံ ဆောင်ရွက်ခဲ့သမျှ အလုပ်ဒဏ်တို့သည် ဘဝနိဂုံး အဆုံးသတ်ခါနီးတွင် စုပြုံဝင်ရောက် နှိပ်စက်ကြလေပြီ။

အားအင်ကုန်ခမ်း ပင်ပန်း၍နေသော ဆရာတော်ဘုရားကြီး ခန္ဓာကိုယ်တွင် ခံနိုင်အားနှင့်မတန် ပြင်းထန်လှသော ရောဂါဝေဒနာတို့သည် အဆက်မပြတ် နှိပ်စက်၍ နေလေပြီ။

သာသနာရေးတာဝန် စိတ်မျက်နှာမှ မားမားမတ်မတ် ရပ်တည်လျက် ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအတွက် အားတက်ဂုဏ်ယူစရာ သဒ္ဓါမိုလ်၊ ဝီရိယမိုလ်၊ သတိမိုလ်၊ သမာဓိမိုလ်၊ ပညာမိုလ်လို့ ဆိုတဲ့ မိုလ်ကြီး ငါးတန်ခြံရံကာ ကိလေသာတိုက်ပွဲ ဆင်နွှဲတိုင်း

www.dhammaransi.com


အောင်မြင်တော်မူခဲ့သော တိုက်တိုင်းအောင် မဟာဗောဓိ သာသနာ့ စစ်ဦးစီးချုပ် တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ၁၃၅၄-ခုနှစ်၊ သက်တော် (၈၁) သိက္ခာတော် (၆၁) ဝါရ အချိန်တွင် ဇရာဗျာဓိတရားတို့ ပြင်းပြင်းထန်ထန် နှိပ်စက်ချက်ဒဏ်ကြောင့် အားအင်တွေ ကုန်ခန်း ခန္ဓာကိုယ် ပင်ပန်း၍ နေလေပြီ။ ဇရာလက်တွင်းသို့ မငြင်းသာ မဆန်သာ မသက်မသာ ရောက်ရှိ၍ လာခဲ့ရလေပြီ။ သက်တော် (၈၁) ဆိုသော အရွယ်သည် မငယ်တော့ပေ၊ ကလိယုဂ် ဆုတ်ကပ် ကာလမှာ အာယုကပ် သက်တမ်းကုန်ခန်းလေပြီ။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ညည်းညူရသော အရွယ်ဖြစ်သည်။

သက်တော် (၈၀) အရွယ်မှာ မြတ်စွာဘုရားရှင် ဤသို့ ညည်းညူတော်မူသည်။

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။

ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏ မတ္တနော။

ချစ်သားတို့ ငါဘုရားရဲ့ သက်တော်ရွယ်တော်သည် (၈၀) တိတိရှိပြီဖြစ်လို့ ကြီးရင့်ခဲ့လေပြီ။ ငါဘုရား သင်ချစ်သားတို့နဲ့ အတူနေရမယ့်အချိန်ကား (ငါဘုရားအသက်အကြွင်းကား) နည်းပါးလှလေပြီ။ ငါဘုရား သင်ချစ်သားတို့အတွက် ကိုးကွယ်အားထားရာ သတိပဋ္ဌာန် သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်ဣန္ဒြေ၊ ဗိုလ်ဗောဇ္ဈင်နှင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားများ ဟောကြားထားတော်မူခဲ့ပြီ။

မကြာခင် သင်ချစ်သားတို့ကို စွန့်ခွာသွားတော့မယ်၊ ပရိနိဗ္ဗာန် စံလွန်တော်မူရတော့မယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူသည်။

ဇရာဒဏ်ချက် မသက်မသာ ပြင်းထန်စွာ ခံစား၍နေရရှာသော ဆရာတော်ဘုရားကြီးအား လဲရာသူ့ခိုးထောင်း ဆိုသကဲ့သို့ ကြမ်းတမ်းယုတ်မာ ဆိုးဝါးလှစွာသော သေမင်းရဲ့ အကြီးဆုံး

www.dhammaransi.com


အကြမ်းကြုတ်ဆုံး ဗျာဓိဆိုတဲ့ စစ်သည်တမန်တို့သည် ဝိုင်းဝန်း၍ နှိပ်စက်ကြလေပြီ။

ဆရာတော်ဘုရားကြီးရဲ့ ဆေးအစွမ်း ထက်မြက်လှသော သမားတော် ဇီဝကတို့ကြောင့် ဘဝတစ်သက်တာ နှိပ်စက်ဖို့ရာ အနားသို့ပင် မလာဝံ့၊ မသီဝံ့ကြသော ဗျာဓိခေါ်မည် သေမင်းစစ်သည်တို့သည် ယခုအခါ နှိပ်စက်ဖို့ရာ အခွင့်သာကြလေပြီ။

ဗျာဓိစစ်သည်တို့သည် ဆရာတော်ဘုရားကြီးရဲ့ ခြေတော်အစုံကို ခိုလှုံသလိုနဲ့ ဝင်လာကြသည်။ ၁၃၅၄–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်၊ မွေးနေ့မွေးရက် မတိုင်ခင်ကတည်းက ဆရာတော်ဘုရားကြီးရဲ့ ခြေဖမိုးတော်များ ဖောရောင်စပြုလာသည်။ ကျန်းမာရေး ချို့တဲ့စပြုလာပြီ။ ရန်ကုန်မြို့ စကားဝါလမ်း တီ–နိဌာနခွဲသို့ ပင့်ဆောင်ကြပြီး ဆေးဝါးကုသမှုများ ပြုကြရသည်။ မန္တလေးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံသို့လည်း ၂–ကြိမ်ပင့်ဆောင်ပြီး ဆေးဝါးကုသကြရသည်။

## "သေမင်းခံတွင်းဝက အမြိုက်ပွဲ"

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးအတွက် ဆေးဝါးကုသခံရင်းက နည်းနည်း သက်သာလာလျှင် ရေစက်ချ အနုမောဒနာ တရားတော်များ ဟောကြားချီးမြှင့်တော်မူသည်။ တစ်နေ့မှာ ရေစက်ချ အနုမောဒနာတရား တစ်ရက်တည်း သုံးပွဲဟောတော်မူပြီး အမတဒါန အမြိုက်အလှူကြီးပေးတော်မူရာ နောက်ဆုံးပွဲ၌ လုံးဝအသံမထွက်ဘဲ ဖြစ်သွားတော်မူရှာသည်။

## မြစကြာဆရာတော်အား မိန့်ကြားသောစကား

ဆရာတော်ကျန်းမာရေး မေးမြန်းရန် မြစကြာဆရာတော် ရောက်ရှိလာသည်။ ရိုသေစွာ ရှိခိုးကန်တော့ပြီး ဆရာတော်ဘုရားကြီးရဲ့ ကျန်းမာရေး မေးမြန်းလျှောက်ထားသည်။

www.dhammaransi.com



နောက်–ဆရာတော် ကျန်းမာရေးပြန်ကောင်းလာရင် တရားမဟောဘဲ အနားယူတော်မူပါဘုရား–လို့ လျှောက်တဲ့အခါ–

ဦးဇင်း တပည့်တော် တရားမဟောတဲ့နေ့ဟာ ပျံလွန်တော်မူတဲ့နေ့ပဲလို့ ပြန်၍မိန့်ကြားတော်မူသည်။

ကျန်းမာရေး ချို့ယွင်းလာလျှင် မန္တလေးမှ တိနိဥပဋ္ဌာက ဒါယကာကြီးများ ရောက်ရှိလာကြပြီး အထူးကုဆရာဝန်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆေးဝါးကုသကြသည်။

တစ်ခါတစ်ခါ ဆရာတော်ဘုရားကြီးရဲ့ ကျန်းမာရေးသည် အတော်လေး စိုးရိမ်ရတဲ့ အခြေအနေသို့ ရောက်သွားသည်၊ ဆရာဝန်ကြီးများရဲ့ စမ်းသပ်ဆုံးဖြတ်ချက်အရ မျှော်လင့်ရန် အလွန်အားနည်း၍နေပေပြီ။ ၂၀/ ၂၅ ရာခိုင်နှုန်းလောက်သာ မျှော်လင့်ချက်ရှိတော့သည်။ ထိုအခါမျိုးမှာ ဆရာတော် ဘုရားကြီးက သူ့ကို မင်းကွန်းဘက်ပြန်ပို့ကြဖို့ မိန့်ကြားတော်မူသည်။

မျှော်လင့်ချက် မရှိသလောက် အားနည်းနေတဲ့အတွက် ဆရာတော်ဘုရားကြီးလည်း စိတ်ချမ်းသာအောင် ဆရာတော်ဘုရားကြီးဆန္ဒအတိုင်း မင်းကွန်းဘက် ပြန်ပို့တာကောင်းမယ်လို့ ဆရာဝန်ကြီးများ ဆုံးဖြတ်ကြပြီး မင်းကွန်း ဓမ္မနာဒတိုက်ကို ပြန်ပို့ကြသည်။

ဆရာတော်ဘုရားကြီးသည် မင်းကွန်းသို့အပြန်ခရီးဇရာဝတီမြစ်လယ်လောက် ရောက်တာနဲ့ ဂုဏ်တော်ပုတီး ယူ၍ ပုတီးစိပ်တော်မူသည်။ ပုတီးစိပ်နိုင်လောက်အောင် ကျန်းမာရေး ကောင်းမွန်လန်းဆန်းလာပေသည်။ ဆရာဝန်ကြီးများနဲ့ တပည့်များ အံ့အားသင့်နေကြသည်။

"သီလသမာဓိပညာ သိက္ခာသုံးပါး ကျင့်ဖွယ်ရာများကို ကျင့်ပွားတော်မူကြသော ဘုရားသားတော် ရဟန်းသံဃာတော်များရဲ့ဘဝရှေ့ရေး အကျိုးပေးကို မျှော်တွေး ဝေဖန် ဆုံးဖြတ်ရန် ခက်လှပေသည်။ ဆုံးဖြတ်လို့လည်း အဖြေမှန်ထွက်ဖို့ရာ မလွယ်ကူပေ။"

www.dhammaransi.com


ဆရာတော်ဘုရားကြီးရဲ့ ကျန်းမာရေး နေ့လား ညလား စိုးရိမ်ရတဲ့ အခြေအနေ ရောက်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲများရဲ့ ညွှန်ကြားချက်အတိုင်း န–မ–ခ တိုင်းမှူး၊ ဗိုလ်မှူးချုပ်လှမြင့်ဆွေ၊ လ–ပ–ခ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်သန်း၊ အမှတ် (၃၃) တပ်မမှူး ဗိုလ်မှူးကြီး တင်ထွဋ်နှင့် တပည့်ရဲဘော်များသည် ဆရာတော်ဘုရားကြီး ကျန်းမာရေးအတွက် လိုအပ်တာမှန်သမျှ အကုန်ဆောင်ရွက်ပေးကြသည်။

ဆရာဝန်ကြီး ဦးထွန်းသင် စတဲ့ ပါရဂူကြီးတွေ ၂၀–ကျော်နဲ့ သူနာပြု တွေကလည်း ဝိုင်းဝန်းစောင့်ရှောက်ကြသည်။ အဲဒီလိုဝိုင်းဝန်းစောင့်ရှောက်ကြတဲ့ကြားကပင် ဆရာတော်ဘုရားကြီးရဲ့ ကျန်းမာရေး အခြေအနေသည် တစ်နေ့ရွှေတစ်နေ့ငွေ ဆိုသလို တစ်နေ့တစ်ခြား တိုး၍တိုး၍သာ ဆိုးဆိုးလာခဲ့သည်။

စိုးရိမ်ရသည့် အခြေအနေသို့ ၂–ကြိမ်လောက် ရောက်ခဲ့ရသည်။

## သွေးတစ်သွေးခဲ–တရဲရဲ

၁၉၉၃–ခု ဇန်နဝါရီလ ၆–ရက်နေ့ နေ့ ၁၂–နာရီ၊ မိနစ်–၂၀–အချိန်မှာ ဆရာတော်ဘုရားကြီး ကျန်းမာရေး ရုတ်တရက်ဖောက်ပြန်လာသည်။ အတော်လေး စိုးရိမ်ရတဲ့ အခြေအနေဖြစ်လို့ ဆရာဝန်ကြီးတွေ၊ သူနာပြုတွေ၊ တပည့်ရဟန်းသံဃာတွေ ထိတ်ထိတ်ပြာပြာဖြစ်ခဲ့ကြရသည်။ ဖြစ်ရပုံမှာ –

သူနာပြု ကိုဇော်ဝင်း ထမင်းစားနေခိုက် သံဃာတော်တစ်ပါး အရေးတကြီး လာခေါ်လို့ ကိုဇော်ဝင်း အမြန်သွားကြည့်တဲ့အခါ ဆရာတော်ဘုရားကြီး ချွဲကြပ်နေတဲ့အသံ၊ ချွဲသလိပ်ထပြီး အသက်ရှူလမ်းကြောင်း လေပြွန်ဝမှာ ပိတ်ဆို့နေတဲ့အသံ ကြားရလို့ သေသေချာချာ ကြည့်တဲ့အခါ လည်ချောင်းထဲမှာ သွေးတစ်သွေးခဲ

www.dhammaransi.com


တွေ၊ အတုံးလိုက် အခဲလိုက် တစ်ဆို့ပိတ်ခဲနေတာကို တွေ့ကြရသည်။

ဆရာဝန်ကြီး ဦးထွန်းသင်ကို အမြန်အကြောင်းကြားပြီး ကုသကြရသည်။ နှာခေါင်းမှ ပိုက်ကို ဆွဲထုတ်ပြီး သွေးတစ်သွေးခဲတွေကို ညှပ်နဲ့ ဆွဲဆွဲပြီး ထုတ်ရသည်။ နှာခေါင်းက ပိုက်ကို ဆွဲထုတ်လိုက်တဲ့အခါ ပိုက်တစ်ခုလုံး သွေးတစ်သွေးခဲတွေ ကြည့်မကောင်း၊ မြင်မကောင်းအောင် ပိတ်ဆို့ ရစ်ပတ်နေတာကို တွေ့ကြရသည်။

သွေးတွေက ထုတ်လို့မနိုင်အောင် ထွက်ကျနေသည်။ ရင်ခေါင်းဘက်က ထွက်ကျသည်။ နှာခေါင်းထဲ ပါးစပ်ထဲကလည်း ထွက်ကျသည်။

မြင်ရသူတွေ တုန်လှုပ်ချောက်ချားကြရသည်။ ရင်တုန်ပန်းတုန်ဖြစ်ကြရသည်။ စိတ်ထဲမှာ မချမ်းသာ၊ မသက်မသာ ခံစားကြရသည်။ သာမန် စိတ်အားငယ်သူတွေ မြင်ရတာနဲ့ နှလုံးသွေးပျက်လောက်သည်။

ဆရာဝန်ကြီး ဦးထွန်းသင် ညွှန်ကြားချက်အရ သူနာပြုကိုဇော်ဝင်း သွေးအစားပြန်သွင်းဖို့ ထွက်သမျှသွေးတွေ ဇလုံကြီးတစ်လုံးနဲ့ စုထားရာ ထမင်းလိုက် ဇလုံကြီး တစ်လုံးနဲ့ အပြည့်ရသည်။ ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးကော ကျန်ပါဦးမည်လော။

## ခန္တီစွမ်းအား ကြီးမားသည့် ဆရာတော်

ဆရာတော်ဘုရားကြီးရဲ့ ခန္ဓာကိုယ်က သေးသေးငယ်ငယ်နဲ့ ကြုံလိုလှသည်။

ထွက်ကျတဲ့သွေးတွေက ဇလုံကြီးနဲ့တစ်လုံး၊ နှလုံးတုန်စရာ နှလုံးသွေး ပျက်စရာ တွေ့မြင်နေကြရသည်။ သွေးတွေ ထွက်လွန်း

www.dhammaransi.com


လို့ ဆရာဝန်ကြီး ဦးထွန်းသင်က စိုးရိမ်တကြီး သွေးတိုးနှုန်းတိုင်းတာကြည့်သည်။ လုံး၀ တိုင်းတာလို့ မရတော့ပါ။ သုညအောက်ကိုရောက်ရှိ၍နေပြီ။ မကျေနပ်လို့ ပြန်တိုင်းသည်။ လုံး၀ မရပါ။ ဆရာတော်ဘုရားကြီး မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ မျက်လုံးအစုံကိုဖွင့်လျက် မခတ်သော မျက်တောင်များနဲ့ တစ်ခုခုသော အာရုံကို မတုန်မလှုပ်၊ မရွေ့မလျား စိတ်အားစိုက်ပြီး တည်ငြိမ်စွာ ရှုမှားနေသည်ကို ဖူးတွေ့ရသည်။

မျက်တောင်ခတ်ခြင်း၊ တုန်လှုပ်ရွေ့လျား ညည်းတွားခြင်း မရှိ၊ ပြင်းထန်သော ဝေဒနာကို ရှုမှတ်မှု ကြံ့ကြံ့ခံ အနိုင်ယူနေတော်မူဟန်တူသည်။

ဤမျှလောက် ပြင်းထန်သော ဝေဒနာဒဏ်ကို သာမန်လူသား တစ်ယောက်သာ ခံရပါမူ အသက်ရှင်နိုင်စရာ အကြောင်း မရှိပေ။

ဆရာတော်ဘုရားကြီးကော ဘယ်လိုအံ့စွမ်းသတ္တိနဲ့ အသက်ရှင်၍နေပါသနည်း။ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ခန္ဓာကို ကြည့်လိုက်လျှင် အရိုးပေါ် အရေတင် အားအင်တွေ ကုန်ခန်းလို့ မလန်းဆန်းနိုင်တော့ပြီ။ မျက်တွင်းဟောက်ပက် လက်တစ်ဆုပ်စာလောက် နက်နေသည်။ ပါးရိုး၊ ခေါင်းရိုး၊ နှာခေါင်းရိုးတို့ ငေါငေါပေါ်၍ နေလေပြီ။

ဤမျှလောက် ရုပ်ခန္ဓာမှာ ဇရာဒဏ်ချက်ကြောင့် အားအင်တွေပျက်ခဲ့ရပေမယ့် ဆရာတော်ဘုရားကြီးရဲ့ စိတ်ဓာတ်တော်ကားခိုင်မာလှသည်။ ရင့်ကျက်လှသည်။ မလှုပ်မယှက် ငြိမ်သက်စွာနဲ့ သည်းခံရှုမှား၍ နေတော်မူသည်။ လူသာမန်တို့ သည်းခံခြင်းငှာ မစွမ်းနိုင်သော အသက်ကိုပင် ချွေခွင်းနိုင်လောက်အောင် ပြင်းထန်လှစွာသော ရောဂါဝေဒနာဒဏ်ကို သည်းခံတော် မူနိုင်ခြင်းသည်

www.dhammaransi.com


လူသာမန်တို့ မရရှိနိုင်သော တရားထူးတရားမြတ်ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိ ရရှိတော်မူခြင်းကြောင့်သာ ဖြစ်ပေမည်။

## သည်းခံနိုင်ရမည်

အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သောတာသုတ္တန်၌ ရဟန်းတော်များအား သည်းခံရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ရဟန်းတို့ ... ဤသာသနာတော်၌ ရဟန်းသည် သည်းခံတတ်ရမည်။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သည်းခံတတ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အချမ်းအပူ၊ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းကို သည်းခံနိုင်ရမည်။ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့တို့ကိုလည်း သည်းခံနိုင်ရမည်။ ကိုယ်၌ ဖြစ်သော ပြင်းထန်ကြမ်းကြုတ်၊ စပ်ရှားကြင်နာမသာယာဖွယ်၊ မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းသဘောရှိရမည်။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သည်းခံတတ်၏ဟု ဟောကြားတော်မူသည်။

## ကျားစားခံရသောရဟန်း သည်းခံ၍ရှုမှတ်ပုံ

မြတ်စွာဘုရား လက်ထက်တော်က ရဟန်းတော် သုံးကျိပ် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရားများ နာယူပြီး လူသူမနီး တောအုပ်ကြီးထဲ သွားပြီး တရားမှတ်ကြသည်။

## တရားရှုမှတ်ရန် မထေရ်ကြီးရဲ့ဩဝါဒ

တောထဲရောက်တဲ့အခါ မထေရ်ကြီးက ဩဝါဒပေးတော်မူပါသည်။ ငါ့ရှင်တို့ ရဟန်းဆိုတာ ညဥ့်သုံးယံပတ်လုံး ဆင်းရဲငြိမ်း

www.dhammaransi.com


ကြောင်းကောင်းမြတ်သော တရားမွေတို့ကို အားထုတ်ကြရမယ်။ ရဟန်းတစ်ပါးနှင့်တစ်ပါး စကားပြောပြီး အချိန်မကုန်စေရဘူး။ တစ်ပါးနေရာ တစ်ပါးက မသွားရဘူး။ တရားကိုသာ ကြိုးစားရှုမှတ်ကြရမယ်လို့ အဆုံးအမ ဩဝါဒ ပေးတော်မူပါတယ်။

မထေရ်ကြီးရဲ့ ဩဝါဒအတိုင်း ရဟန်းတော်များ မအိပ်မနေ ကြိုးစားအားထုတ်ကြပါသည်။ တစ်ညလုံး မအိပ်မနေ ကြိုးစားအားထုတ်ကြတဲ့အခါ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ပြီး အိပ်ချင် ငိုက်မြည်းမှု ထိနမိဒ္ဓ နှိပ်စက်လာပါတော့သည်။

ထိနမိဒ္ဓ အိပ်ချင်ငိုက်မြည်းမှုကို နိုင်အောင် မမှတ်နိုင်ကြတဲ့ သမာဓိ နုနယ်သေးတဲ့ ရဟန်းတော်များ တရားထိုင်ရင်း အိပ်ပျော်နေကြပါသည်။

ထိုအခါ ရဟန်းတော်များ အိပ်ငိုက် အိပ်ပျော်နေခိုက် အိပ်ပျော်နေတဲ့ ကိုယ်တော်ကို ကျားလာလာဆွဲပါတော့သည်။ ကျားဆွဲခံရတဲ့ ကိုယ်တော်သည် ကျန်ရဟန်းများ သမာဓိ ပျက်ပြားမှာစိုးတဲ့ အတွက် အော်ဟစ်ပြီး အကူအညီ မတောင်းဘဲ ကျားဆွဲရာ ပါသွားပါတော့သည်။ ကျားက တစ်နေ့တစ်ခါ လာလာဆွဲပါသည်။ ဥပုသ်နေ့ရောက်လို့ သံဃာစုဝေးပြီး ဥပုသ်ပြုတဲ့အခါ ရဟန်းတော်များ နည်းပါးပြီး မစုံမလင်တာတွေ့ရတော့ အကြောင်းစုံ သိရအောင် မေးမြန်းစုံစမ်းတဲ့အခါ ညညလာပြီး ကျားဆွဲလို့ ရဟန်းတော်တွေ လျော့နည်းနေတယ်ဆိုတာ သိရပါသည်။

ထိုအခါ မထေရ်ကြီးက ဩဝါဒ ပြန်ပေးတော်မူပါသည်။ ငါ့ရှင်တို့ ညကျားလာဆွဲရင် ငြိမ်ခံမနေကြပါနဲ့။ နီးစပ်ရာ ရဟန်းတော်များကို အကူအညီ တောင်းပြီး ခြောက်လှန့်ကာကွယ်ကြပါ။ ရဟန်းတော်များကလည်း ဝိုင်းဝန်းကူညီကြပါ။ ခြောက်လှန့်ကာကွယ်ကြပါလို့ မိန့်ကြားပါသည်။

www.dhammaransi.com

ဒီလိုနဲ့ ဆက်လက် တရားအားထုတ်ကြရာ နောက်နေ့ သန်းခေါင်ကျော်အချိန် တရားမှတ်ရင်း အိပ်ငိုက်နေတဲ့ ရဟန်းတော် တစ်ပါးကို ကျားလာဆွဲပါသည်။

ထိုအခါ ကျားဆွဲခံရတဲ့ ရဟန်းတော်က အရှင်ဘုရားတို့ တပည့်တော်ကို ကျားလာဆွဲနေပြီဘုရား၊ ကယ်ကြပါဦးလို့ အကူ အညီတောင်းတော့ ကျန်တဲ့ ရဟန်းတော်တွေ အပြေးအလွှား လာကြပြီး တုတ်တွေ၊ ခဲတွေနဲ့ ပစ်ကြခတ်ကြသည်။ ရဟန်းတော် လေး ကျားပါးစပ်ထဲက လွတ်မြောက်အောင် ဝိုင်းဝန်းခြောက်လှန့် ကူညီကြသည်။ ရဟန်းတော်များ ဝိုင်းဝန်းပစ်ခတ် ခြောက်လှန့်နေတဲ့ အချိန်မှာပဲ တောကျွမ်းသော ကျားကြီးသည် ရဟန်းငယ်လေးကို ကိုက်ချီလျက် ရဟန်းတော်များ မလိုက်နိုင်တဲ့ ချောက်ကမ်းပါးပြတ် ကြီးကို ခုန်ကူးပြီး ချောက်တစ်ဖက်မှာရှိတဲ့ ကျောက်ဖျာကြီးပေါ် ချပြီး ခြေထောက်ကစပြီး ကိုက်ဝါးစားသောက်နေပါတော့သည်။

ထိုအဖြစ်ကို မသက်မသာ တွေ့မြင်ကြရတဲ့ ရဟန်းတော် များသည် ချောက်တစ်ဖက်ကိုလည်း မကူးနိုင်၊ လွတ်မြောက်အောင် လည်း မကယ်ဆယ်နိုင်ကြတဲ့အတွက် စိတ်မချမ်းမသာနဲ့ လက် လျှော့ကြကာ လှမ်းအော်၍ သတိပေးတော်မူကြသည်။

ငါ့ရှင် ငါတို့တော့ ကူညီနိုင်တဲ့ စွမ်းအား မရှိကြတော့ဘူး။ တရားကိုသာ သည်းခံ၍ ကြိုးစားမှတ်ပေတော့။ သေဘေးနဲ့တွေ့ ကြုံတဲ့အခါ ဘုရားသားကျော် ရဟန်းတော်တို့ စွမ်းရည်သတ္တိကို ပြရတယ်လို့ ချောက်တစ်ဖက်ကမ်းမှ လှမ်းအော်၍ သတိပေးတော် မူကြသည်။

## ကျားခံတွင်းက မြွတ်မွေ့ကျားခံတွင်းမှ တရားရ

ကျားစားခံနေရသော ရဟန်းတော်လေး စဉ်းစားသည်။ ငါတော့ ကျားခံတွင်းက မလွတ်မြောက်နိုင်တော့ဘူး။ ရန်းကန်လှုပ်

www.dhammaransi.com



ရှား ညည်းတွားနေလို့ အကျိုးမရှိနိုင်ဘူး။ ရှုမှတ်မှုနဲ့ သေရတာက မြတ် သေးတယ်ဆိုပြီး တရားကိုပဲ ကြိုးစားရှုမှတ်နေပါသည်။ ကျားစားလို့ နာတဲ့ကျင်တဲ့ ဝေဒနာ ပြင်းထန်စွာ ပေါ်လာရင် ထိုဝေဒနာကို ရှုမှတ်သည်။ နာကျင်ကိုက်ခဲ ဆင်းရဲဒုက္ခ ဝေဒနာရဲ့ အတိုးအဆုတ် အဖြစ်အပျက်ကို ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား ထင်အောင် မြင်အောင် ရှုမှတ်သည်။ ဝေဒနာဒဏ်ချက် ပြင်းထန်လွန်းလို့ မခံ မရပ်နိုင် ဖြစ်တဲ့အခါ ထိုဝေဒနာကို ပယ်စွာပြီး မူလရှုနေကြ အာရုံကမ္မဋ္ဌာန်းကို ပြောင်းလွှဲရှုမှတ်သည်။ ရှုနေကြ အာရုံကမ္မဋ္ဌာန်းကို ကြိုးပမ်းရှုမှတ်တဲ့အခါ တည်ငြိမ်မှု ရရှိလာပါသည်။

ထိုရှုနေကြ အာရုံထဲမှာ စိတ်ဓာတ်တည်ငြိမ်လာပြီး ရှုမှတ်စိတ်ကလေး နစ်မြုပ်စူးဝင် တည်ငြိမ်လာပြီဆိုရင် ပြင်းထန်စွာ ခံစားနေရတဲ့ ဒုက္ခ ဝေဒနာတွေ မေ့ပျောက်နေတတ်ပါသည်။

နာကျင်ကိုက်ခဲဆင်းရဲတဲ့ ဒုက္ခဝေဒနာလေးတွေ သက်သာပျောက်ကင်းလာပြီဆိုရင် ရှုရမှတ်ရတာ ဝမ်းသာအားရဖြစ်လာပါသည်။ ကျေနပ် နှစ်သက်မှုလည်း ရလာပါသည်။

"ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ" ဆိုတဲ့ အတိုင်း-

တရားရှုမှတ်ရတာ ဝမ်းမြောက်ဝမ်းသာဖြစ်လာပြီး ကျေနပ်နှစ်သိမ့်မှုတွေ ရလာပြီ ဆိုရင် ခန္ဓာကိုယ်လည်း အေးချမ်းလာပါတော့သည်။ ပီတိဓရုပ်တွေ ခန္ဓာကိုယ် အနံ့အပြားဖြစ်ပြီး ခန္ဓာကိုယ်မှာ ကြက်သီးမွေးညင်းထသလို တဖြန်းဖြန်းလည်း ဖြစ်နေတတ်ပါသည်။ တငြိမ့်ငြိမ့် တသိမ့်သိမ့်လည်း ဖြစ်နေတတ်ပါသည်။ ခန္ဓာကိုယ် ကောင်းကင်ကို မြောက်တက်နေသလိုဖြစ်ပြီး အလွန့်အလွန်

www.dhammaransi.com


ပေါ်ပါးပြီးတော့လည်း နေတတ်ပါသည်။ ထိုင်နေနေ၊ အိပ်နေနေ ခန္ဓာကိုယ်နဲ့ကြမ်းနဲ့ မထိသလိုလည်း ဖြစ်နေတတ်ပါသည်။ ခန္ဓာကိုယ်နဲ့ ကြမ်းနဲ့ မထိဘူး။ ကောင်းကင်မြောက်တက်ပြီး ကြမ်းနဲ့ လွတ်နေတယ်လို့လည်း ထင်နေတတ်ပါသည်။ တချို့တကယ်လည်း တစ်တောင် တစ်ထွာလောက် လွတ်နေတတ်ပါသည်။ ဒါတွေက တကယ် လုပ်ငန်းစဉ်ဝင် ရှုမှတ်နေကြတဲ့ ရဟန်းတော်များ ယောဂီများမှာ တွေ့ရတတ်တဲ့ ပီတိသဘောတွေပါပဲ။

အဲဒီလို ပီတိတွေ ဖြစ်လာရင် စိတ်ထဲမှာလည်း သိပ်ချမ်းသာ နေပါသည်။ ခန္ဓာကိုယ်မှာလည်း ငြိမ်းချမ်းနေပါသည်။ စိတ်ချမ်း သာ ကိုယ်ကျန်းမာဖြစ်ပြီး ရောဂါဝေဒနာတွေ ရှိရင်လည်း အကုန် လုံး ပျောက်ကင်းနေတတ်ပါသည်။ ရောဂါဝေဒနာတွေ ပျောက် ကင်းပုံကတော့ တော်တော်များများ ယောဂီ ကိုယ်တွေ့ သာဓကတွေ ရှိပါသည်။ ရှည်မှာစိုးလို့ မရေးတော့ပါဘူး။

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ကြီးမှာ ဒီလိုရှုရင်းမှတ်ရင်း တရားတွေ နှလုံးသွင်းရင်း ရောဂါဝေဒနာ တွေ သက်သာ ပျောက်ငြိမ်းနေတာ ဖြစ်နိုင်ပါသည်။

ဒါကြောင့်သာ ဒီဝေဒနာတွေ ပျံလွန်တော်မမူနိုင်လောက် အောင် ပြင်းထန်တဲ့ ဒီဝေဒနာတွေကို သည်းခံတော်မူနိုင်တာ ဖြစ်ပါ လိမ့်မည်။

ခန္ဓာကိုယ်မှာ ရောဂါဝေဒနာတွေ ဆင်းရဲဒုက္ခတွေ ပျောက် ငြိမ်းနေပြီဆိုရင် စိတ်လည်း အလွန်ချမ်းသာလာပါတယ်။

စိတ်ချမ်းချမ်းသာသာနဲ့ ရှုမှတ်နေရင် စိတ်က ဘယ်မှ မထွက်တော့ မသွားတော့ဘူး။ ရှုကွက် အာရုံတစ်ခုမှာပဲ တည်ငြိမ်နေ ပါ တော့သည်။

အဲဒီလိုဖြစ်ပုံကိုက 'သုခိနော စိတ္တံ သမာဓိယတိ' ဆိုတဲ့ အတိုင်း သမာဓိ ဖြစ်လာတာပေါ့။ သမာဓိ ဖြစ်လာတယ်။ သမာဓိ

www.dhammaransi.com


ရလာတယ်ဆိုတာ မိမိ ရှုမှတ်တဲ့အာရုံက စိတ်စိုက်ထားတဲ့အာရုံက စိတ်ဘယ်မှ မသွားတော့ မထွက်တော့ဘူး။ တကယ် သမာဓိကောင်းရင် နာရီဝက် ၁-နာရီ၊ ၂-နာရီ၊ ၃/ ၄ နာရီစသည် ကြာအောင် တည်ငြိမ်ပြီး ကောင်းနေတတ်ပါသည်။ ခန္ဓာကိုယ်ကလည်း ဖြောင့်လို့ မတ်လို့ ကျောက်ရုပ်ကို ချထားသလို မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်နဲ့ ကာယဓူကတာ ဆိုတာဖြစ်ပြီး ဖြောင့်မတ်နေသည်။ ကိုယ်အမူအရာလဲ သန့်ရှင်းနေသည်။ ကြည့်ရမြင်ရတဲ့သူတွေ ကြည်ညိုစရာ စိတ်ချမ်းသာစရာ ဖြစ်နေသည်။

အဲဒီလို စိတ်ဓာတ် တည်ငြိမ်နေပြီဆိုရင် ခန္ဓာမှာဖြစ်ပေါ်လာ သမျှ ရုပ်တရား နာမ်တရားတွေ အပျက်ကို မြင်နိုင်တော့တာပဲ။ ဝေဒနာကို ရှုရင် ဝေဒနာရဲ့ အဖြစ်အပျက်ကို မြင်နိုင်သည်။ ပီတိကို ရှုရင် ပီတိရဲ့ အဖြစ်အပျက်၊ အတိုးအဆုတ်၊ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေပုံကို ထင်ထင်ရှားရှား အတိုင်းသား မြင်လာတော့တာပဲ။ ရှုသမျှ အရှုခံ အာရုံနဲ့ ရှုသိစိတ် တခြားစီကွဲပြားပြီး အတွဲလိုက် အတွဲလိုက် ပေါ်လာလိုက် ပျောက်သွားလိုက် အသစ်အသစ် ပေါ်လာလိုက် အဟောင်းဖြစ်ပြီး ပျောက်သွားလိုက်နဲ့ ရုပ်နာမ်ဖြစ်ပျက်ကို မြင်တဲ့ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်လာတော့သည်။ အဲဒီကနေ ဆက်လက် ရှုမှတ်လို့ရှိရင် ရုပ်နာမ်၊ ကျိုးကြောင်းကောင်းကောင်းကြီးသိတဲ့ ဉာဏ်ကစလို့ ဝိပဿနာဉာဏ် အဆင့်ဆင့်ရင့်သန်ပြီး အရှုခံ ရုပ်တရား နာမ်တရားတွေရော ရှုသိစိတ်ရော ချုပ်ငြိမ်းသွားတဲ့ အနေသို့ ရောက်ရှိသွားပါတော့သည်။

ကျားစားခံရတဲ့ ရဟန်းငယ်လေးလည်း တရားကိုပဲ အားခဲရှုမှတ်နေတဲ့အခါ ကျားကလည်း စားမြဲ စားနေပါသည်။ ခြေမျက်စိ၊ ခြေကျင်းဝတ် ရောက်အောင် ကျားစားတဲ့အခါ ရဟန်းတော်လေးသောတာပန် ဖြစ်သွားပါတော့သည်။

www.dhammaransi.com


ကျားကလည်း စားမြဲစားနေသလို ရဟန်းတော်လေးကလည်း သမာဓိ အပျက်မခံဘဲ ရှုမြဲရှုနေလို့ ကျားစားတာ ဒူးဆစ်ရောက်တဲ့အခါ သကဒါဂါမိ မဂ်ဖိုလ်ကို ရရှိပြီး သကဒါဂါမ်ဖြစ်တော်မူသည်။ ကျားစားလို့ ချက်ရောက်တဲ့အခါ အနာဂါမ် ဖြစ်တော်မူသည်။ အနာဂါမ်ဖြစ်လျှင် ကာမရာဂ၊ ဗျာပါဒ ကိလေသာ တရားနှစ်ပါးကို အကြွင်းအကျန်မရှိ ပယ်သတ်တော်မူသည်။ ဒေါသကိလေသာ မရှိတော့တဲ့အတွက် ကျားကြီးဘယ်လောက်ပင် ရက်ရက်စက်စက် ကိုက်ခဲစားသောက်နေပေမယ့် ဝေဒနာဒုက်ကို ကြံ့ကြံ့ခိုင်လေပြီ။ ဝေဒနာဒုက်ပြင်းထန်လို့ မခံမရပ်နိုင်ဖြစ်ခြင်း။ အံခဲပြီး ကြိတ်မှိတ်ခံရခြင်းမျိုး မရှိတော့ပေ။ အလွယ်တကူ သည်းခံနိုင်တော်မူပြီ။ ကျားကလည်း ဆက်စား၍နေရာ နှလုံးသားမစားခင် အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်တော်မူလေသည်။ ရဟန္တာဖြစ်ပြီး ကျားခံတွင်းမှာပင် ပရိနိဗ္ဗာန် စံလွန်တော်မူလေသည်။

ထိုရဟန်းတော်လေးသည် ကျားပါးစပ်ထဲ ရောက်မှ သီတင်း သုံးဖော် ရဟန်းတော်များ သတိပေး မိန့်ကြားလိုက်တယ်။

## ဘေးနဲ့တွေ့မှ အစွမ်းပြ

ငါ့ရှင် သေဘေးနဲ့တွေ့ကြုံတဲ့အခါ ဘုရားသားတော် ရဟန်း တော်တို့ရဲ့ စွမ်းရည်သတ္တိ ပြရတယ် ဆိုတဲ့ စကားသံ နာခံပြီး ကြိုးစားအားထုတ်ရာ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ပြီး သံသရာ ဝဋ်ဓာတ် အမြစ်ပြတ်ရပ်သိမ်း၍ ချုပ်ငြိမ်းတော်မူလေသည်။

ထိုရဟန်းတော်လေးသည် သေလောက်အောင် ပြင်းထန်တဲ့ ကျားစားတဲ့ ဝေဒနာဒုက်ကို သည်းခံ၍ ရှုမှတ်ပွားများ ကြိုးစား အားထုတ်တော်မူသလို ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော် ဘုရားကြီးသည်လည်း သေရာ ညောင်စောင်း လျောင်းစက်လျက်

www.dhammaransi.com


ပျံလွန်တော်မူနိုင်လောက်အောင် ပြင်းထန်စွာ ခံစားနေရတဲ့ ခန္ဓာကိုယ်ထဲမှာ သွေးတစ်စက်မျှလောက်ပင် မကျန်လောက်အောင် သွေးလျှံတဲ့ရောဂါ ဝေဒနာများကို မညည်းမညူ သည်းခံတော်မူလျက် တိပိဋကဘွဲ့ရ ဗုဒ္ဓသားတော်ကြီးပီပီ ခမ္မစွမ်းရည် သတ္တိထူးတို့ကို ပြသတော်မူခဲ့ပေသည်။

သီလသမာဓိ အခြေခံမရှိခဲ့ပါလျှင် ရှိနေသော သီလသမာဓိ ပညာသိက္ခာသုံးပါး အကျင့်အတရားများ အားနည်း၍ နေခဲ့ပါလျှင် အသက်ကိုပင် ချွေခွင်းနိုင်သော ဤကဲ့သို့ ပြင်းထန်ကြမ်းကြုတ်စွာသော ရောဂါဝေဒနာမျိုးကို သတိ၊ ပညာ နှစ်ဖြာတို့ဖြင့် သိမ်းဆည်းသည်းခံနိုင်မည် မဟုတ်ပေ။ သတိချွတ်ယွင်း ပညာကင်းလျက် ငိုညည်းခြင်းအတန်တန်ဖြင့် ဖောက်ပြန်၍သာ နေပေမည်။

အခုတော့ ဆရာတော်ဘုရားကြီး နှစ်လရှည်ကြာ တစ်သက်တာကာလပတ်လုံး သူမတူအောင် လေ့လာပွားများ ကြိုးစားအားထုတ်ထားတဲ့ သီလသမာဓိ ပညာသိက္ခာသုံးပါး အကျင့်တရားတို့ကြောင့် သေမင်းစစ်သည် တို့သည် ဆရာတော်ဘုရားကြီးရဲ့ အသက်ကိုသာ ချွေခွင်းလို့ ရနိုင်ပေမည်။ စိတ်ဓာတ်တော်ကိုကား ပုရွက်ဆိတ်ငယ် တစ်ကောင် ကိုက်သလောက်တောင် နာကျင်အောင်နှိပ်စက်နိုင်ဟန် မတူပေ။

ဆရာတော်ဘုရားကြီးသည် သာမန်လူသား အရာအထောင်တို့ခံနိုင်ခြင်းငှာ မစွမ်းနိုင်သော ပြင်းထန်လှတဲ့ ဆင်းရဲဒုက္ခဝေဒနာများကို သီလ သမာဓိ အခြေခံရှိသော သတိပညာတို့ဖြင့် သိမ်းဆည်းသည်းခံတော်မူနိုင်ပေသည်။

တစ်ခါတစ်ရံ ပြင်းထန်တဲ့ ဝေဒနာရဲ့ အဖြစ်အပျက် အတိုးအဆုတ်ကို ရှုမှတ်ပွားများပြီး ဉာဏ်ဖြင့် သိမ်းဆည်းတော်မူပေမည်။

www.dhammaransi.com



တစ်ခါတစ်ရံပြင်းထန်လှတဲ့ ဝေဒနာကို မရှုမှတ်ဘဲ အာရုံလွှဲ၍ရှုမှတ်မြဲအာရုံကို ရှုမှတ်ပွားများခြင်းဖြင့် မညည်းမညူ သည်းခံတော်မူပေမည်။

တိပိဋကဓရ မင်္ဂလာရှင်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်ကြီး) ၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်စွာ လူသာမန်တို့ သည်းမခံနိုင်သော ဒုက္ခဝေဒနာဒဏ်ကို သည်းခံ၍ ပြတော်မူခဲ့ပေသည်။

## ဘုရားရှင် ပါဝါပြည်ဝါဆို

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပါဝါပြည် ဝါကပ်တော်မူစဉ် ပြင်းထန်တဲ့ ဝမ်းသွေးသွန်တဲ့ ရောဂါဝေဒနာ နှိပ်စက်ခံရတာနဲ့ ဆရာတော်ကြီး အဖြစ်က ခပ်ဆင်ဆင် တူနေတော်မူပါသည်။

မြတ်စွာဘုရား ပါဝါပြည် ဝါကပ်တော်မူစဉ် စုန္ဒလုလင် ဆက်ကပ်လှူဒါန်းတဲ့ ဝက်ပျိုသားနှင့် ဆွမ်းခဲဖွယ် ဘောဇဉ်များကို ဘုဉ်းပေးသုံးဆောင် တော်မူပြီး ဝမ်းသွေးသွန်တဲ့ရောဂါ ဝေဒနာကို ပြင်းထန်စွာ ခံစားတော်မူရလေသည်။ ထိုဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးတဲ့အချိန်ကစပြီး သွေးဝမ်းတို့သည် မနားမရပ် တလစပ် သွားနေပါတော့သည်။ အလုပ်အကျွေး ရဟန်းတော်တို့သည် စွမ်းအားရှိသမျှ ဝိုင်းအုံ၍ ကုသကြသည်။

သို့ပေမယ့် သွေးဝမ်းသွားမှုကား ရပ်တန့်၍မသွား၊ တရစပ်၊ သွားမြဲကာ သွားနေသည်။ သွေးဝမ်းတွေသွားပါများတော့ ဘုရားရှင်မှာ အားအင်တွေကုန်ခမ်းပြီး မရွှင်မလန်းနဲ့ ညှိုးနွမ်း၍ နေရှာတော်မူသည်။ ဒီရောဂါဝေဒနာနှင့်ပင် ပရိနိဗ္ဗာန် စံလွန်တော်မူမှာစိုးရိမ်တော်မူနေကြသည်။

ဘုရားရှင်ကိုယ်တော်မြတ်လည်း သိတော်မူသည်။ ဒီဝမ်းသွေးသွန်တဲ့ရောဂါဝေဒနာသည် ငါရဲ့ ဇီဝိတိန္ဒြေ (အသက်) ကို

www.dhammaransi.com


ချွေခွင်း သေခြင်းသို့ ရောက်စေနိုင်သည်ကို သိတော်မူလို့ သတိပညာတို့ဖြင့် သိမ်းဆည်း သည်းခံတော်မူသည်။

## ရောဂါရစဉ် ဘုရားရှင်စဉ်းစားပုံ

ငါ့မှာ ရောဂါဝေဒနာတွေ ပြင်းထန်စွာ ခံစားနေရသည်။ ဒီရောဂါဝေဒနာနှင့်ပင် ပရိနိဗ္ဗာန် စံလွန်နိုင်သည်။

တစ်သက်လုံး ငါ့နောက်ကလိုက်ပြီး ပြုစုလုပ်ကျွေးကြတဲ့ အလုပ်အကျွေး ရဟန်းတွေ ငါ့ရဲ့ အဆုံးအမသြဝါဒကို လိုက်နာကျင့်သုံးကြတဲ့ ငါ့ရဲ့တပည့်ရဟန်းသံဃာတော်တွေကို ပရိနိဗ္ဗာန် စံမည့်အကြောင်း ကြိုတင်အသိပေး ပန်ကြားခြင်းမပြုဘဲ ပရိနိဗ္ဗာန် စံဝင်လျှင် မတော်သေးဘူး။ ဒီရောဂါဝေဒနာကို ဘာဝနာ ဝီရိယဖြင့် ပယ်ဖျောက်တော်မူပြီး ဇီဝိတ်မြေ့ တည်နေကြောင်း ကောင်းမြတ်သော ဇီဝိတပါလက ဖလသမာပတ်ကို ဝင်စား၍ နေရပါမူ ကောင်းလေစွဟုဆင်ခြင်စဉ်းစားတော်မူပြီး-

ထိုပြင်းထန်လှတဲ့ ရောဂါဝေဒနာကို ဘာဝနာဝီရိယဖြင့် ပယ်ဖျောက်တော်မူပြီး အသက်ရှည်ရှည် တည်နေကြောင်း ကောင်းမြတ်သော ဇီဝိတပါလက ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်။ ထိုအခါ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်မှာ ပြင်းထန်စွာ နှိပ်စက်နေသော ရောဂါဝေဒနာတို့သည် ဖလသမာပတ် စွမ်းအားကြောင့် တဖြည်းဖြည်းဆုတ်ခွာလျော့ပါး ငြိမ်းအေး၍ သွားပေသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးလည်း အသက်ကိုပင် ချွေခွင်းနိုင်လောက်အောင် ပြင်းထန်လှတဲ့ သွေးလျှံတဲ့ရောဂါဝေဒနာကို မလှုပ်မယှက် ငြိမ်သက်စွာနဲ့ မညည်းမညူ သည်းခံတော်မူနိုင်ခြင်းသည် ထူးခြားလှတဲ့ သီလသမာဓိပညာ သိက္ခာသုံးပါး စွမ်းရည်များကြောင့်ပင် ဖြစ်ပေမည်။

၂၀-ရာစုခေတ် သာသနာ့သမိုင်းဝယ် တုနှိုင်းဖွယ် ပုဂ္ဂိုလ်မရှိ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးရ ဗုဒ္ဓသားတော်ကြီးပီသ

www.dhammaransi.com



လောကဓာတ် ဆေးသိပ္ပံပညာရှင် အထူးကုပါရဂူဆရာဝန်ကြီးတွေ ပင် တအံ့တသြ မတွေးတောတတ်လောက်အောင် ပြင်းထန်သော ရောဂါဝေဒနာနှိပ်စက်ခြင်းကြောင့် အသက်ပင် သေစေနိုင်လောက် တဲ့ ရောဂါဝေဒနာ အခြေအနေကို မကြွေမပျက် ဓမ္မစက် စွမ်းရည်ဖြင့် အသက်ဆက်ပြီးလျှင် အစိမ္မာန်ချက် ပြည့်မီအောင် ရပ်တည်ကျော် လွှား ဓမ္မစွမ်းရည်များကို ထူးထူးခြားခြား ထင်ရှားစွာ ပြသတော် မူခြင်းသည် အဟောအစ္ဆရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးရသည့် ဗုဒ္ဓသားတော်ကြီးပီပီ စွမ်းရည်သတ္တိ ဂုဏ်ရည် မြင့်မား ဓမ္မစွမ်းအားနှင့် ပြည့်စုံပါပေသည် တကားဟု လက်ဖျစ်တီး ၍ အံ့ချီးထိုက်လှပါပေသည်တကား။

## ၁၃၄၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်နေ့

ကျေးဇူးတော်ရှင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် တိပိဋကဓရဓမ္မဘဏ္ဍာရိက+အဂ္ဂမဟာပဏ္ဍိတ+ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၏ မွေးလ မွေးနေ့ မွေးရက် – သုံးပါးဆုံ ကြုံ ရန်ခက်ခဲ (၇၅) နှစ်ပြည့် "စိန်ရတုပူဇော်ပွဲ အခမ်းအနား" ၌ တပည့် တော်တို့ မြေထဲမြို့ မန်ကျည်းကုန်းရပ် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး (နှင့်) ကျေးဇူးတော်ရှင် မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဆရာတော်ဘုရားကြီး = (၂) ပါးတို့၏ သြဝါဒ "စိန်စည် သာသနာ့ ရိပ်သာ ဟိတေသီ မဟာသတိပဋ္ဌာန် ဝတ် အသင်းသူများ" ရွတ်ဖတ် ပူဇော်အပ်သော–

### "ဂုဏဝဏ္ဏနာ ဓမ္မဂီတိ ကဗျာများ"

၁။ တာဝတိံနန်း–နတ်ပန်းနွယ်နီ၊ အဆင်း+ရနံ့–သင်းပျံ့လှိုင် သည်။ နွယ်နီနတ်ပန်း–ဆင်မြန်းရွှယ်ရည်၊ နတ်အများ– စောင့်စားနေကြသည်။

www.dhammaransi.com



၂။ အဆင်းလှဆန်း–နတ်ပန်းနွယ်နီ၊ နှစ်တွေကြာလည်း–ပွင့်ခဲ့
ပေသည်။
ပန်မယ်ရည်ရှူး–လှမှူးကေသီ၊ တစ်ထောင်သင့်–ပန်ခွင့်
ရပေသည်။
၃။ တာဝတိံနန်း–နတ်ပန်းနွယ်နီ၊ ပန်ဆင်ဖို့လည်း–ခက်ခဲ
ပေသည်။ လူ့ပြည်ဌာန–သာသနာ့ဇာနည်၊ ထို့တူဘဲ–ကြုံ
ခဲလှပေသည်။
၄။ တွေ့ကြုံခဲလှ–သာသနာ့ဇာနည်၊ လူ့ပြည်ဌာန–ကြုံရပေပြီ။
မွေးလ + နေ့ + ရက် – ကြုံလျက်နေပြီ၊ ချိန်မနှောင်း–ခွင့်
ကောင်းခါတော်မှီ။ ။
၅။ တိပိဋက–ရေဇာနည်၊ သာသနာရေး–မျှော်တွေးကြံစည်။
ရှင်တော်ဟောကြား–တရားရောင်ခြည်၊ ကမ္ဘာတွင်း–ထွန်း
လင်းစေဖို့ရည်။ ။
၆။ သုံးပုံပိဋကတ် – ဆောင့်ကြပ်သူသည်၊ ဒေဝီမယ်နတ် –
သူ့ရသာတီ။ ဥဒါန်းစကား + ပြောကြားယုံကြည်၊ ဆောင့်ပုံ
ကား – အများမမြင်ပြီ။
၇။ တိပိဋက–ဓရ ဇာနည်၊ သုံးပုံပိဋကတ်–ကျမ်းမြတ်အဆီ။
ကိုယ်တိုင်ဆောင်ထား–တပည့်များကိုယ်စီ၊ ဆောင်နိုင့်ရေး–
အားပေးခဲ့လေသည်။
၈။ တိပိဋက–ဓရဇာနည်၊ သုံးပုံပိဋကတ်–ဆောင့်ကြပ်နေသည်။
"ပိဋကတ်ဆောင့်ကြပ်–သူ့ရသာတီ၊ ဖခင်ပဲ–မလွဲခေါ်သင့်
သည်။
၉။ တိပိဋက–ဓရဇာနည်၊ သုံးပုံပိဋကတ်–ဆောင့်ကြပ်နေသည်။
သာသနာပြုကြွ–ဌာနအလီလီ၊ မြန်ပြည်တွင်း–ဖန်ဆင်းခဲ့
ပေသည်။

www.dhammaransi.com



၁၀။ တိ–နိ–ကျောင်းတိုက်–သိုက်မြိုက်ဖေစည်၊ ကြီးကျယ်ခမ်း
နား–ဆန်းပြားပေသည်။
သုံးပုံပိဋကတ်–ကျမ်းမြတ်အဆီ၊ ဓမ္မဇာတ်–ကိန်းလတ်
စံဌာနီ။ ။

၁၁။ ကမ္ဘာ့ရပ်ခြား – တိုင်းများအပြည်ပြည်၊ သာသနာရေး –
မျှော်တွေးကြံစည်။
ဘာသာရပ်ခြား – စကား အလီလီ၊ သင်ကြားရေး –
အားပေးဆောင်ရွက်သည်။

၁၂။ ဓမ္မနာဒ – သာသနာ့အောင်မြေ၊ ထေရ်ရှင်မြတ်များ–ဖြစ်ပွား
ရာမြေ။
ကျောင်းငယ်ကျောင်းကြီး–သီးသီးစိုပြေ၊ ဘုန်းမီးတောက်–
ပေါ်ပေါက်ခဲ့ပါပေ။ ။

၁၃။ တိပိဋက ဓရ – ထေရ်ရှင်၊ ကျောင်းတိုက်သီးသီး – အုံ့ချီး
ဖွယ်ပင်။
ဝိသုဒ္ဓါနတ်–ဖန်လတ်ပုံသွင်၊ မြန်ပြည်တွင်း–ဖန်ဆင်းခဲ့
သည်ပင်။ ။

၁၄။ တိပိဋက–ဓရထေရာ၊ ဥဒည်းသီတောင်စွန်း–နေဝန်းပမာ။
ကမ္ဘာသူ/သား–ကျိုးများစေဌာ၊ အမှောင်ခွင်း–အလင်း
ဆောင်လေတာ။ ။

၁၅။ တိပိဋက–ထေရဆရာ၊ သာသနာတွင်း–လမင်းပမာ။
မေတ္တာပေးငှ–အေးမြစေကာ၊ မြန်ပြည်တွင်း–ပေါ်လင်းခဲ့
ပေတာ။ ။

၁၆။ တိပိဋက–ဓရဇာနည်၊ သာသနာ့မြတ်–စောင့်ကြပ်နေသည်။
ပေးလှူဒါန–ဂါရဝအဥ္စလီ၊ နေ့စဉ်ပဲ–အမြဲပြုသင့်သည်။ ။

၁၇။ တိပိဋက–ဓရမထေရ်၊ ဘေးရန်ခပ်သိမ်း–ကင်းငြိမ်းပါစေ။
ကိုယ်စိတ်ခံ့ကျန်း–လန်းလန်းဖြာဝေ၊ ခန္ဓာသက်–ဆောင်
ရွက်နိုင်ပါစေ။ ။

www.dhammaransi.com


၁၈။ တိပိဋက–ရေမထေရ်၊ ကြောင့်ကြခပ်သိမ်း–ကင်းငြိမ်းပါစေ။ ကိုယ်စိတ်ခံ့ကျန်း–လန်းဆန်းဖြာဝေ၊ ရာကျော်သက်–ရှည်လျက်တည်ပါစေ။ ။

၁၉။ တိပိဋက–မည်ရမထေရ် ကမ္ဘာသူ/သား–အများဝေနေ။ တရားရေအေး တိုက်ကျွေးကာပေ၊ ရာကျော်သက်–ရှည်လျက်တည်ပါစေ။ ။

## မြန်မာ့ထေရ်စာနည်း

၁။ ဗုဒ္ဓသာသနာ့ရောင်ဝါလင်းဖို့ ပေါ်ထွန်းလာရ ထေရ်စာနည်း

၂။ ပိဋကတ်သုံးသွယ် နိကါယ်ငါးကို–ဆောင်ထားပါတဲ့ ထေရ်စာနည်း–––

၃။ သီလ + သမာ ပညာတရားနဲ့ – ကမ္ဘာတစ်လွှားမှာ ထင်ပေါ်သည်–

၄။ သံဂါယနာ ခြောက်ကြိမ်မြောက်မှာ – သမ္မာတောက်၍ ပေါ်လာသည်–––

၅။ တေဒဂ်ငါးတန် ဌာနန္တရနဲ့ – အာနန်တမျှ မဟာထေရ်–––

၆။ သီဟိုဠ် + မြန်မာ ကမ္ဘာတစ်လွှားမှာ – လွှမ်းထင်ရှားတဲ့ မဟာထေရ်–––

၇။ ဇမ္ဗူဒီပါ လက်ျာကျွန်းမှာ–ဂုဏ်ရှိန်ထွန်းတဲ့–ထေရ်စာနည်း–

၈။ တာဝန်သိသူ တာဝန်ရှိသမို့–တာဝန်ရှိသမျှ သူဆောင်သည်–

၉။ ဓမ္မဘဏ်း ဂုဏ် တရားတန်ခိုးနဲ့ ကျောင်းတိုက် အမျိုးမျိုးတည်ထောင်သည်–––

၁၀။ ကမ္ဘာပေါ်မှာ သာသနာပြုဖို့–နေရာနှစ်ခု တည်ထောင်သည်–

www.dhammaransi.com


၁၁။ မြို့တော်ရန်ကုန် + မန္တလေးမှာ – သာသနာ့ရေး ရှည်မျှော်ရည်–
၁၂။ နာလန္ဒ–လို အဲ့ဖွယ်ကောင်းတဲ့ တက္ကသိုလ်ကျောင်းကို တည်ထောင်သည်–––
၁၃။ နာလန္ဒ–ဆို တက္ကသိုလ်ကျောင်းကို–ရှေးဖြစ်ဟောင်းမို့ မအောက်မေ့ပြီ–––
၁၄။ ကိုယ့်ပြည်တွင်းမှာ တက္ကသိုလ်ကျောင်းကို – ဇေတဝန်ကျောင်းလို့ အောက်မေ့သည်–––
၁၅။ သီဟိုဠ်ကျွန်းမှာ နာမည်ကောင်းတဲ့–ဝိဟာရကျောင်းသို့ ပုံစံညီ–
၁၆။ မိုးမတ်ကုန်းမြေ တိ–နိကျောင်းမှာ–တိပိဋကလောင်းတို့ မျော်စံသည်–––
၁၇။ ကျောင်းတော်မဟာဝိဟာရကို – သတိရလို့ မနေပြီ–––
၁၈။ ကိုယ့်ပြည်တွင်းမှာ တိ–နိကျောင်းကို – ဝိဟာရကျောင်းလို့ အောက်မေ့သည်–––
၁၉။ မမ္ဗနာဒါ ကျောင်းတိုက်ကြီးမှာ – ကျောင်းငယ်ကျောင်းကြီး စီရရီ–––
၂၀။ သာသနာ့ကျက်သရေ အလှတိုးအောင် – မညှိုးပန်းတို့ လန်းစေပြီ–––
၂၁။ ဝိသုဒ္ဓါ ဗိသုနတ်တို့ – ဖန်ဆင်းလတ်သို့ ထင်ယောင်သည်–
၂၂။ တိုင်းပြည်မြို့ရွာ ကမ္ဘာ့အေးအောင် – သာသနာ့ရေးနဲ့ ကာယ်တင်မည်–––
၂၃။ ထေရ်ရှင်ဆရာ သြဝါဒကို – လိုက်နာပါကြ ယုံယုံကြည်–––
၂၄။ ယုံယုံကြည်ကြည် လိုက်နာပွားရှင် – ကပ်သုံးပါးကို ကျော်နိုင်မည် –––

www.dhammaransi.com


၂၅။ လိုက်နာယုံကြည် မြန်ပြည်သားတို့-ကပ်သုံးပါးကို ကျော်နိုင်သည်---

အဲဒါကြောင့် တိပိဋက ပေါ်လာရ မြန်မာ့ထေရ်ဓာနည်း။ ။

---

## မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား၏ အဆင့်မြင့်အဲ့တံဆိပ်တော်များ

၁။ ပရိယတ္တိ သာသနဟိတ မဟာဓမ္မာစရိယ (ဝင့်သကာ)
၂။ အစိုးရပထမကျော်
၃။ အဋ္ဌကထာပြန်ကျော်
၄။ သာသနဓဇ သိရီပဝရဓမ္မာစရိယ
၅။ ဝိသိဋ္ဌဝိနယဓရ
၆။ မဟာဝိနယကောဝိဒ
၇။ ဝိသိဋ္ဌ အာဘိဓမ္မိက
၈။ မဟာအာဘိဓမ္မိကကောဝိဒ
၉။ ဝိသိဋ္ဌ ဒီဃဘာဏက
၁၀။ မဟာဒီဃနိကာယကောဝိဒ
၁၁။ ဝိသိဋ္ဌတိပိဋကဓရ
၁၂။ မဟာတိပိဋကကောဝိဒ
၁၃။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
၁၄။ ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက
၁၅။ ဆဋ္ဌသင်္ဂီတိ ကာရက
၁၆။ အဋ္ဌကထာသင်္ဂီတိ ကာရက
၁၇။ ဋီကာသင်္ဂီတိ ကာရက
၁၈။ ဆဋ္ဌသင်္ဂီတိ ဘာဏက

www.dhammaransi.com



၁၉။ ဆဋ္ဌသင်္ဂီတိ ဘာရနိတ္ထာရက
၂၀။ ဆဋ္ဌသင်္ဂီတိ ပါဠိဝိသောဓက
၂၁။ ဆဋ္ဌသင်္ဂီတိ ပါဠိ ပဋိဝိသောဓကော
၂၂။ ဆဋ္ဌသင်္ဂီတိ ဩသာန သောဓေယျ ပတ္တပါဠက
၂၃။ မဟာဗုဒ္ဓဝင်ကျမ်းပြု
၂၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
၂၅။ အဂ္ဂမဟာပဏ္ဍိတ
၂၆။ အဘိဓဇမဟာရဋ္ဌဂုရု
၂၇။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက။

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏
၂၇–ပါး ဘွဲ့ပွယ်များ ပြီး၏။

www.dhammaransi.com

# တိပိဋကညည်းခြင်းသပြန်

- တိပိဋကဓရ၊ ဖြစ်ရတဲ့အာနိသင်
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့ကွယ်
ပြေမပြေချင်၊
ကိုယ့်ကျောင်းနှင့်ကိုယ့်ရပ်တွင်
နေချင်လျက်မနေရ
အပူအအေး ယှက်ထွေးကာဒဏ်ခံလို့
စုန်အဆန်မြန်းရတဲ့ ခရီးမှာကွယ်
ကြီးတဲ့ဒုက္ခ။

- မငြင်းသာတဲ့ မဆန့်သာ
နိုင်ငံတော်သာသနာရေးပေမို့ကွယ်
ပြေးမလွှတ်ပါ၊
သူတကာ ချမ်းသာလို့ ထင်မြင်ကြ
သို့ကထဲ-စိတ်ထဲမှာ သံဝေယူလို့
ကံမွေဟု ဤအဖြစ်ကိုယ်ကွယ်
နှစ်လို့ခံရ။

မင်းကွန်းတိပိဋကဓရ
အရှင်ဝိစိတ္တသာရာဘိဝံသ